
www.burmeseclassic.com

သစ္စာမွန်စာပေ

(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)

# ရိုင်းစကာ

## နှလုံးသားမယ်လိုဒီ



L လင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၁၀၈) ကျပ်
ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း။
ကျောက်မြောင်း။ တာမွေ။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂)
သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊
တာမွေလမ်း၊ ကာမွေကြီး(က+ခ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - L.လင်း
ကွန်ပျူတာ - ပန်းအိမ်
ဖြန့်ချိရေး - တူးတူး (သစ္စာမွန်)
အတွင်းဖလင် - ကိုအောင်ကျော်
စာအုပ်ချုပ် - သစ္စာမွန်

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်၊

၈၉၅.၈၃
နှင်းမဟာ
နလုံးသားမယ်လိုဒီ/နှင်းမဟာ။-ရန်ကုန်
သိန်းမင်းစာပေ၊ ၂၀၁၃၊
၂၂၃-စာ၊ ၁၂ × ၁၈ စင်တီ၊
(၁)နလုံးသားမယ်လိုဒီ


# အခန်း (၁)

"ဝုန်း"

"အား"

တိတ်ဆိတ်ငြိမ်သက်နေသော ညသည် ရုတ်တရက် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ တစ်စုံတစ်ယောက်၏ နာနာကျင်ကျင် အော်ဟစ်လိုက်သံ၊ မြေပြင်ပေါ်သို့ တစ်စုံတစ်ရာ ကျသွားသံက အိပ်မောကျနေဟန်တူသော ညကိုလှုပ်နှိုးလိုက်သည်။

အချိန်က ညသန်းခေါင်ယံ၊ ထိုအချိန်မှာပင် နက်ကျောသော အသံ၊ ပြင်းထန်သော မြည်သံက ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အော်သံအဆုံးတွင် ပြေးလာသော ဖိနပ်သံပေါ်လာသည်။ ထိုဖိနပ်သံသည် ညကင်းလှည့်နေသော ရဲတစ်ယောက်၏ ခြေသံဖြစ်သည်။

ရဲသည် ဓာတ်မီးတိုင်အလင်းရောင်ဖြင့် အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်သည်။ မြေပြင်ပေါ်တွင် လဲကျနေသော လူတစ်ယောက်ကိုတွေ့သောအခါ ပြေးသွားလိုက်သည်။

မြေပြင်ပေါ်တွင် ခွေခေါက်၍ လဲကျနေသူသည် အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိ အမျိုးသားတစ်ယောက်ဖြစ်သည်။ ရဲသားသည် ထိုလဲနေသူကို ငုံ့ကြည့်လိုက်သည်။

ထိုသူ၏လက်တစ်ဖက်မှာ ကျိုးနေပြီး၊ ဦးခေါင်းခွံအက်ကွဲပြီး သွေးများအိုင်ထွန်းနေသည်။ ဘယ်နည်းနဲ့မှ အသက်ရှင်နိုင်ဖွယ် မရှိတော့ဟု ရဲသားခန့်မှန်းလိုက်သည်။

ထိုလူငယ်ကို ငုံ့ကြည့်နေရင်းမှ ရဲသားသည် အပေါ်သို့မော့ကြည့်လိုက်သည်။ သူမြင်လိုက်ရသည်က မြို့လယ်မျှော်စင်ကြီး လေးထပ်တိုက်အဆောက်အဦနှင့်ယှဉ်လျက်ရှိသော မျှော်စင်ပင်ဖြစ်သည်။ ထိုမျှော်စင်ပေါ်မှ ကျလာခြင်းဖြစ်မည်ဟု ရဲသားတွေးလိုက်





သည်။

ရဲသားသည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ အိပ်မောကျ၍မှောင်မည်းနေသော ပတ်ဝန်းကျင်မှာ လင်းသွားသည်။ မီးမှိတ်ထားသော တိုက်ခန်းများ တစ်ခန်းပြီးတစ်ခန်း မီးလင်းလာသည်။ စူးစမ်းဟန်ဖြင့် အခန်းပြတင်းပေါက်၊ အခန်းဝရံတာများမှ လှမ်းကြည့်ကြသည်။ အချို့တိုက်ပေါ်မှ ဆင်းလာသည်။ တစ်ခဏအတွင်း မှာပင် မျှော်စင်ဖအောက်၌ လူအုပ်ကြီးဖြစ်လာသည်။

BURMESE CLASSIC

ရဲသားက ဝိုင်းရံနေသော လူအုပ်ကြီးကို စောင့်ကြည့်နေစဉ် အဝေးမှ ရဲကားဥဩသံကို ကြားလိုက်ရသည်။ တခဏအတွင်းမှာပင် အရှိန်ပြင်းစွာမောင်းလာသော ဝါယာလက်ကားမှာ လူအုပ်အနီးသို့ ရောက်လာသည်။

ရဲကားပေါ်မှ ရဲအုပ်နှင့်ရဲတပ်သားနှစ်ဦး ဆင်းလာသည်။ ရဲကား ရပ်လိုက်သည်နှင့် တစ်ယောက်တစ်ပေါက် ပြောနေသူများ ဘေးသို့ရှဲသွားကြသည်။

အခင်းဖြစ်နေရာသို့ရောက်နေသော ရဲတပ်သားလေးက ရဲအုပ်ဝင်လာသည်နှင့် အလေးပြုလိုက်သည်။

"ဘယ်လိုဖြစ်တာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူးဆရာ၊ ကျွန်တော်လည်း အသံကြားကြားချင်း လာတာပဲ၊ ကျွန်တော်ရောက်တော့ အခုလို ပုံစံအတိုင်း တွေ့ရတာပဲ"

ရဲအုပ်က လဲကျနေသူကို ကြည့်ပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

"ဖြစ်ပျက်ပုံကိုမြင်တဲ့လူမရှိဘူးလား"

"ကျွန်တော် ဘယ်သူ့ကိုမှ မမေးရသေးပါဘူးဆရာ"

"ဒါဖြင့်ရင် မေးကြည့်စမ်းပါ"

ရဲအုပ်က ပထမရဲသားကို လှမ်းပြောပြီး လဲကျသေဆုံးနေသူဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

ထိုသူလဲကျသေဆုံးနေပုံမှာ ပက်လက်အနေအထားဖြစ်သည်။ အမြင့်မှ အရှိန်ပြင်းစွာ ကျလာသဖြင့် နောက်စေ့တစ်ခုလုံး ကြေမွနေပြီး လက်တစ်ဖက်က ကျိုးနေသည်။

ရဲအုပ်က ထိုသူ့တစ်ကိုယ်လုံးကို စမ်းသပ်ရှာဖွေသည်၊ အပေါ်စားဂျာကင်အောက်မှ သေနတ်ထည့်သော စလွယ်သိုင်းအိတ်ကိုတွေ့လိုက်ရသည်၊ ထိုအိတ်ထဲတွင် သေနတ်မရှိ။

ထိုသူ့အိတ်ထဲမှ ငွေအနည်းငယ်၊ စာရွက်ခေါက်တစ်ခု၊ သော့





တွဲတစ်တွဲနှင့် ကတ်ပြားတစ်ခုကိုတွေ့လိုက်ရသည်။ ကတ်ပြားကို ကြည့်ပြီး ရဲအုပ်မျက်နှာ ရုတ်ခြည်းတင်းမာသွားသည်။ ကတ်ပြားကို လည်း ဖျတ်ခနဲ အိတ်ထဲထည့်လိုက်သည်။

"ဆရာ..."

ရဲအုပ်အနီးသို့ ပထမရဲသားရောက်လာသည်။

"ဖြစ်ပျက်ပုံကိုမြင်လိုက်တဲ့လူတစ်ယောက်မှ မရှိဘူးဆရာ၊ အသံကြားမှပဲ အားလုံးနီးလာကြတာလို့ပြောတယ်၊ ကျွန်တော့်အထင် တော့ တစ်စုံတစ်ယောက်က တွန်းချ..."

ရဲတပ်သား၏ စကား တစ်ပိုင်းတစ်စနှင့် ပြတ်သွားသည်။ အုပ်က သူ့နားတွင်ရှိသော ရဲတပ်ကြပ်ကြီးကို လှမ်းခေါ်လိုက်သည်။ တပ်ကြပ်ကြီး အနားသို့ရောက်လာသောအခါ လဲကျနေသူ၏ ပြင်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးပြလိုက်သည်။

"ဟင်..."

ရဲတပ်သားများတွေ့လိုက်ရသည်မှာ လတ်လတ်ဆတ်ဆတ် တားသော အရုပ်တစ်ရုပ်ဖြစ်သည်။ သေသူ၏ နဖူးပြင်တွင် ထိုး သော အရုပ်မှာ နဂါးရုပ်ဖြစ်သည်။

"သူ့နာမည်က ထွန်းအောင်တဲ့... လျှို့ဝှက်ထောက်လှမ်းရေး

www.burmeseclassic.com



ကပါ၊ ကျွန်တော်တို့အကြောင်းကြားပြီး ဆက်လုပ်တာပေါ့"

ရဲအုပ်က ခပ်တိုးတိုးပြောပြီး ဒူးထောက်ထိုင်နေရာမှ ထရပ်လိုက်သည်။ နဖူးပြင်တွင် နဂါးရုပ်အထိုးခံရသော သေဆုံးသူမှာ မလှုပ်မယှက်လဲနေဆဲဖြစ်သည်။

♥၇၇♥

## အခန်း (၂)

အောင်ဇော်မင်းသည် ကားကိုညင်သာစွာရပ်လိုက်ပြီး စက်သတ်လိုက်သည်။ ကားပေါ်မှ မဆင်းမီ လေးထပ်တိုက်အဆောက်အအုံကို မော့ကြည့်လိုက်သည်။

"ထွန်းခရီးသွားလုပ်ငန်း"

အဆောက်အဦ၏ တတိယထပ်တွင် ချိတ်ထားသော ဆိုင်းဘုတ်ကိုမြင်လိုက်သည်။ ကားသော့ပေါက်မှ သော့ကိုဖြုတ်ယူပြီး မှန်များကို တင်လိုက်သည်။ ကားတံခါးကို ပြန်ပိတ်ပြီး ကားကို အပြင်မှ သော့ခတ်လိုက်သည်။ ပြီး လေးထပ်တိုက်ပေါ်တက်ခဲ့သည်။

လှေကားအဆင်းအတက်တွင် လူရှင်းနေသည်။ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



ထပ်လူစနေအိမ်ခန်းများကိုကျော်လွန်ပြီးတတိယထပ်ရုံးခန်းရှေ့တွင် ရပ်လိုက်သည်။ လူခေါ်ခေါင်းလောင်းကိုဖိနှိပ်လိုက်သည်။

အောင်မင်းဇော် သည် တံခါးရှေ့တွင် ရပ်နေသော သူ့ပုံကို အခန်းတွင်းရှိ နံရံတွင် ပေါ်နေမည်ကိုသိ၍မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။

"ဝင်ခဲ့ပါကိုဇော်"

တံခါးရွက်နားမှ ပေါ်လာသည့်အသံနှင့်အတူ တံခါးရွက်ပွင့်သွားသည်။ သူလှမ်းဝင်လိုက်သည်။ ပြီးတံခါးအတွင်းဘက်သို့ရောက်သည်နှင့် တံခါးရွက်ပြန်ပိတ်သွားသည်။

တံခါးရွက်ပြန်ပိတ်သွားသည်နှင့် သူ့ရှေ့တွင် ပိတ်ထားသော အတွင်းတံခါးပွင့်သွားသည်။ တံခါးပွင့်သွားသည်နှင့် စင်္ကြံလမ်းတစ်ခုကိုတွေ့ရသည်။ သူကထိုစင်္ကြံလမ်းအတိုင်းလျှောက်ဝင်ခဲ့သည်။

စင်္ကြံလမ်းတစ်လျှောက် အခန်းပေါင်းများစွာရှိသည်။ အခန်းတိုင်းတွင် တံခါးပေါက်များ ပိတ်ထားပြီး တံခါးရွက်ပေါ် မျက်နှာကြက်တွင် မီးနီလေးများတစ်ပွင့်စီလင်းနေသည်။

အောင်ဇော်မင်းသည် စင်္ကြံလမ်းတစ်ဖက်တစ်ချက်ရှိ အခန်းခြောက်ခန်းကို ကျော်လွန်ခဲ့ပြီးနောက် မီးစိမ်းလေးလင်းနေ





သော အခန်းရှေ့တွင် ရပ်လိုက်သည်။ ပိတ်ထားသောတံခါးကို တွန်းဖွင့်၍အခန်းထဲသို့ဝင်ခဲ့သည်။

အခန်းကျဉ်းကလေးထဲတွင် စားပွဲတစ်လုံးရှိသည်။ ထိုစားပွဲပေါ်တွင် တယ်လီဖုန်းနှစ်လုံး....အတွင်းစကားပြောကိရိယာနှင့်ပြုံးရွှင်နေသော မိန်းကလေးတစ်ယောက်

"နေကောင်းတယ်နော် သက်..."

"ဟုတ်ကဲ့...ကောင်းပါတယ်"

ဆွေဆွေသက်က အောင်ဇော်မင်းကို ပြုံးရွှင်စွာကြည့်ပြီး ပိတ်ထားသော အခန်းကို လက်ညှိုးထိုးပြသည်။

"မတွေ့တာကြာလို့လားမသိဘူး။ သက်က သိပ်လှတာပဲ"

အောင်ဇော်မင်း စကားအဆုံးတွင် ပိတ်ထားသော တံခါး အထက်မှ မီးစိမ်းကလေးပွင့်လာသည်။

"အောင်ဇော်မင်း...သူလှတာ မင်းအလုပ်မဟုတ်ဘူး၊ မင်း အလုပ်က အတွင်းရေးမှူးနဲ့ တွေ့ဖို့မဟုတ်ဘူး။ ငါနဲ့လာတွေ့ဖို့ပဲ"

အောင်ဇော်မင်းကဆွေဆွေသက်ကို မျက်စိမှိတ်ပြပြီး မီးစိမ်း လင်းနေသော အခန်းတံခါးကို တွန်းဖွင့်ဝင်သွားသည်။

အတွင်းခန်းသည် ကျယ်ပြန့်လင်းရှင်းနေသည်။

www.burmeseclassic.com



အခန်းအလယ်တွင် စားပွဲကြီးတစ်လုံးရှိသည်။ စားပွဲပေါ်တွင် တယ်လီဖုန်းသုံးလုံးရှိသည်။ တယ်လီဖုန်းများဘေးတွင် ကြိုးနီစည်းထားသော ဖိုင်တွဲတစ်ခု ချထားသည်။

အောင်ဇော်မင်းက ကျိုးနွံသော အမူအရာဖြင့် ဆုံလည်ကုလားထိုင်ပေါ်တွင် ထိုင်နေသူကို စူးစိုက်ကြည့်လိုက်သည်။

ထိုသူကလည်း အောင်ဇော်မင်းကို ကြည့်နေသည်။ သူ၏မျက်လုံးများသည် စူးရှနေသော်လည်း ဖြူဖွေးသော ဆံပင်များက အသက်အရွယ်ကြီးရင့်နေပြီဖြစ်ကြောင်း ဖော်ပြနေသည်။ ထွန်းအောင်စီ၏ အုပ်ချုပ်ရေးမှူးဖြစ်သည်။

"ထိုင်.."

အမိန့်ပေးသံပေါ်လာသည်။

"ထွန်းအောင် ဆုံးသွားပြီ"

"ခင်ဗျာ"

အောင်ဇော်မင်းမှာ ကြားလိုက်ရသော စကားကြောင့် ကုလားထိုင်တွင် ဝင်ထိုင်မည်ပြုပြီးမှ မထိုင်တော့။ အုပ်ချုပ်ရေးမှူး၏ မပြည့်မစုံသော စကားဆက်ကို စောင့်နေသည်။

"ထိုင်ပါ အောင်ဇော်...ထိုင်ပါ"





"ကိုထွန်းအောင် ဆုံးတာ တကယ်လား..."

အုပ်ချုပ်ရေးမှူးက ကမ္ဘာ့ဂျာနယ်ကို လက်ဝါးကာပြသည်။

"အင်း...ဟုတ်တယ်... ထွန်းအောင်ညက ပဲ ဆုံးသွားတာ၊ မြိုင်သာမြို့လယ်ခေါင် မျှော်စင်ကနေ တွန်းချခံရတယ်ဆိုတာကို ညကပဲ သတင်းရတယ်"

အောင်ဇော်မင်း စိတ်လှုပ်ရှားနေသဖြင့် ကုလားထိုင်လက်တန်းကို တင်းတင်းဆုပ်ကိုင်ထားသည်။

"ထွန်းအောင်ဟာ လျှို့ဝှက်တာဝန်တစ်ခုကို ထမ်းဆောင်ရင်းနဲ့ လုပ်ကြံခံလိုက်ရတာပဲ၊ သူ့အလောင်းကို တွေ့တော့ နဖူးမှာ နဂါးနက်ရုပ်ထိုးထားတယ်တဲ့"

"ဟင်...ဒါဆိုရင် နဂါးနက်အဖွဲ့ရဲ့ လက်ချက်ပေါ့၊ ဟုတ်လား ဗိုလ်မှူး"

အုပ်ချုပ်ရေးမှူးက ခေါင်းညိတ်သည်။ ပြီး ကြိုးနီဖိုင်တွဲကို ဆွဲယူလိုက်သည်။

"မင်းမရှိတုန်း သူ့ကိုတာဝန်ပေးလိုက်မိတာ .... အခုလိုဖြစ်ရတာပဲ"

"ကိုထွန်းအောင်လည်း တော်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စက သူတာဝန်ယူနိုင်လောက်တဲ့ ဟာမျိုးမဟုတ်ဘူး။ အခုဒီမှာ လူတော်တစ်ယောက် ဆုံးရှုံးသွားရတာပေါ့"

အခန်းထဲတွင် တစ်ခဏချင်းမှာပင် တိတ်ဆိတ်သွားသည်။ အောင်ဖော်မင်းမှာ သူ့တွဲဖော်တွဲဖက်ဖြစ်သော ထွန်းအောင်ကို ပြန်လည်မြင်ယောင်ရင်းစိတ်လှုပ်ရှားသွားသည်။

"ဒီတာဝန်ကိုကျွန်တော်ယူပါရစေ"

အုပ်ချုပ်ရေးမှူးက အောင်ဖော်မင်းကို စူးစိုက်စွာကြည့်လိုက်ရင်း ခေါင်းညိတ်လိုက်သည်။

"ဒီတာဝန်ကိုမင်းပဲယူရမှာပဲ၊ တိုင်းပြည်အတွက်ရော၊ မင်းရဲ့ ရဲဘော်အတွက်ရော လက်စားချေရမယ်၊ ကဲ...အလုပ်ကိစ္စပြောရအောင်၊ ဒီဗိုင်ထဲမှာ နဂါးနက်အဖွဲ့နဲ့ပတ်သက်လို့ အစုံပါတယ်၊ သူတို့ဟာ သာမန်အဖွဲ့မဟုတ်ဘူး။ မူးယစ်ဆေးဝါးတွေဥပဒေမဲ့ဖြန့်နေတာဖြစ်တယ်"

"ဟုတ်ကဲ့"

"သူတို့အဖွဲ့ကိုဦးဆောင်နေတာ က မောင်မောင်ကြည် တဲ့၊ သူ့နောက်မှာလည်းသူ့ကိုကြိုးကိုင်နေတဲ့လူရှိတယ်၊ အဲဒါကိုဖော်ထုတ်





ပါ"

"စိတ်ချပါ...ကျွန်တော် ဒီတာဝန် ကို ကျေပွန်အောင် ထမ်းပါ့မယ်၊ ကိုထွန်းအောင်အတွက်လည်း လက်စားချေပါ့မယ်"

"ဒီဗိုင်ကိုယူသွားပြီးလေ့လာပါ၊ ပြီးတော့ မြို့င်သာကို သွားဖို့ပြင်ဆင်ပါ၊ လိုအပ်တဲ့ အဆက်အသွယ်နဲ့ ညွှန်ကြားချက်တွေကို ဆွေဆွေသက်က ပေးလိမ့်မယ်"

ညွှန်ကြားချက်ဖိုင်ကို လှမ်းယူပြီး အောင်ဖော်မင်း ထိုင်ရာမှ ထလိုက်သည်။ ပြီးနောက် အုပ်ချုပ်ရေးမှူးအခန်းမှထွက်ခဲ့လေသည်။

♥❦❦♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မြိုင်သာမြို့နှင့် တစ်စတစ်စ နီးကပ်လာသည်။ မြိုင်သာမြို့နှင့် နီးကပ်လာသည်နှင့်အမျှ ကားလမ်းသည် အကွေ့အကောက်။ အတက်အဆင်းတို့များလာသည်။ တောင်ကိုပတ်၍ဖောက်လုပ်ထားသော ကတ္တရာလမ်းမှာ ကျယ်ကျယ်ပြန့်ပြန့်ရှိသည်။ အောင်ဇော်မင်း ကားကို အရှိန်ပြင်းပြင်းနှင့်မောင်းနေသည်။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် တောရိပ်တောင်ရိပ်များ။ ကားလမ်းအောက်ချိုင့်ဝှမ်းတွင် သိပ်သည်းစွာတွေ့ရသည်။

အောင်ဇော်မင်း၏ လင်ခရူဇာကားသည် တောင်ပေါ် ပတ်လမ်းအတိုင်း တရိပ်ရိပ်တက်နေသည်။ ကားအတွင်းမှ ဂီတသံက မတိုးမကျယ်ထွက်ပေါ်နေသည်။

ကားမောင်းနေရင်းမှ သူသည် လမ်းဘေးမိုင်တိုင်ကို လှမ်းကြည့်လိုက်သည်။ မြိုင်သာသို့ရောက်ရန် သုံးမိုင်သာ လိုတော့သည်။ အတက်လမ်း ကုန်ဆုံးပြီး အဆင်းလမ်းသာ ရှိတော့ကြောင်း သတိမြ





လိုက်မိသည်။

အဆင်းလမ်းထက်ဝက်ခန့်မှာပင် မီးရောင်တလက်လက်နှင့် မြိုင်သာကို လှမ်းမြင်လိုက်ရသည်။ ထိုအခါ အောင်ဇော်မင်း သည် အံကို တင်းတင်းကြိတ်လိုက်မိပြန်သည်။

မြိုင်သာသည် သူ့တစ်သက်တာတွင် မေ့မရနိုင်သော မြို့ဖြစ်သည်။ မြိုင်သာမြို့မှ နေ၍ သူ့ကို ကြိုနေသူများနှင့် အပြတ်အသတ်ရင်ဆိုင်ရတော့မည်ဖြစ်သည်။

အောင်ဇော်မင်း မထီတရီပြုံးလိုက်ပြီး ကားအရှိန်ကို လည်း မနှေးမမြန် လျှော့ချလိုက်သည်။ ကားထဲမှ သီချင်းကိုပိတ်လိုက်သည်။

မြိုင်သာသည် သူ့မိဘဘိုးဘွားများ၏ ဇာတိမြေဖြစ်သည်။ မြိုင်သာသည်လည်း ဟိုယခင်က မြိုင်သာမဟုတ်သကဲ့သို့ သူသည် လည်း ဟိုယခင်က အောင်ဇော်မင်းမဟုတ်တော့ပြီ။

မြိုင်သာမြို့အဝင်တောင်ကုန်းထိပ်သို့ ရောက်သောအခါ ကားကို ရပ်လိုက်သည်။ အတွေးများလည်း ပြတ်သွားသည်။

မြိုင်သာမြို့ကွက်ကို ကြည့်လိုက်ပြီး ကားကို ပြန်ဆက်ထွက် လိုက်သည်။ မြို့အဝင်တောင်ကုန်းကွေ့ချိုးကို ညင်သာစွာကွေ့ပြီး မြို့ထဲ သို့ဦးတည်ပြေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်လမ်းအတိုင်း မောင်းထွက်လိုက်ရင်းမှ ကန်တော်ကြီးလမ်းထဲသို့ ချိုးဝင်လိုက်သည်။ ကန်နှင့်မလှမ်းမကမ်းလမ်းအဆုံးတွင်ရှိသော အိမ်တစ်အိမ်ရှေ့တွင် ကားကိုတုံ့ရပ်လိုက်သည်။

အောင်ဇော်မင်းသည် ကားကို စက်သတ်လိုက်ပြီး ဂျာကင်အောက် ပခုံးလွယ်အိတ်ထဲတွင်ရှိနေသော သေနတ်ကိုစမ်းကြည့်ရင်း ကားပေါ်မှ ဆင်းလိုက်သည်။ ကားတံခါးကိုအသေအချာပိတ်လိုက်ပြီး ထီးထီးမားမားနှင့် တိတ်ဆိတ်နေသော အိမ်ကြီးကိုလှမ်းကြည့်လိုက်သည်။

အိမ်အပေါ်ထပ်အခန်းတစ်ခန်းမှ မီးရောင်ကိုတွေ့လိုက်ရသည်။ အိမ်ရှင်တို့မအိပ်သေးကြောင်း သိသာနေသည်။ အောင်ဇော်မင်း စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ပြီး တံခါးပေါက်ရှိရာသို့ လျှောက်ခဲ့သည်။

အိမ်ရှေ့တံခါးမကြီးအနီးသို့ရောက်သောအခါ အပေါ်ထပ်မှ စကားသံသဲ့သဲ့ကိုကြားလိုက်သည်။ အောင်ဇော်မင်းသည် တံခါးရွက်ဘေးမှ လူခေါ်ခေါင်းလောင်းကိုနှိပ်လိုက်သည်။ တံခါးဝသို့ ရုပ်တိုက်လျှောက်လာသံကိုကြားရသည်။

"ဘယ်သူလဲဟင်"





အတွင်းဘက်မှ မေးသံတိုးတိုးပေါ်လာသည်။

"ဦးဝေလင်းရှိသလား"

"ဘယ်သူလဲဟင်"

"ဦးဝေလင်းရဲ့ဧည့်သည်ပါ"

"ဧည့်သည်"

အတွင်းဘက်မှ တီးတိုးရွတ် ဆိုသံအဆုံးတွင် တံခါးပွင့်သွားပြီး မိန်းမကြီးတစ်ယောက်၏ သဏ္ဌာန်ပေါ်လာသည်။ အောင်ဇော်မင်းက ဟာရုံလေးပွင့်နေသော တံခါးက တွန်းဖွင့်ပြီး အတွင်းသို့လှမ်းဝင်လိုက်သည်။

"မင်းက...ဘယ်သူလဲ"

အဘွားအိုက ထိတ်လန့်ဟန်ဖြင့် နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီးမေးလိုက်သည်။ အောင်ဇော်မင်းက အဘွားအို၏မျက်နှာကို စေ့စေ့ကြည့်ပြီး ရယ်လိုက်လေသည်။

"မေမေစိမ်း... ကျွန်တော်လေ...ကြည့်ပါဦး၊ မှတ်မိသလား"

"မေမေစိမ်းဟုတ်လား...မင်းခေါ်လိုက်တာ"

အဘွားအိုက အားစိုက်ပြီး အောင်ဇော်မင်းကို စေ့စေ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် မှတ်မိဟန်မပေါ်။

"မင်းဘယ်သူလဲ ပြောပါ၊ မင်းဘယ်သူလဲ"

"ကျွန်တော် ကိုဇော်ပါ မေမေစိမ်း"

"အို…ကိုဇော်ဟုတ်လား၊ ကြည့်ပါဦး၊ မင်းတကယ့်ကိုလူကြီး ဖြစ်နေပါပေါ့လားကလေးရယ်"

မေမေစိမ်းဆိုသော အဘွားအို၏မျက်လုံးထဲတွင် မျက်ရည်များပြည့်လျှံနေသည်။ တုန်ယင်သောလက်များဖြင့် အောင်ဇော်မင်း၏ လက်မောင်းကို ဆုပ်ကိုင်လာသည်။

"မင်းပြန်လာသေးတယ်နော်"

"ကျွန်တော် ပြန်လာတာ ဆန်းနေလို့လား မေမေစိမ်း၊ ကျွန်တော် ဒီအိမ်ကို အချိန်မရွေးပြန်လာနိုင်တဲ့အခွင့်အရေးရှိတယ် မဟုတ်လား"

"အို…သားနဲ့ဒီအိမ်နဲ့ မအပ်စပ်ပါဘူးသားရယ်၊ သားရောက်လာတာ သူတို့မသိခင် ပြန်ပါနော် သား…"

မေမေစိမ်းစကားကြောင့် အောင်ဇော်မင်းပြုံးလိုက်သည်။

"ဦးလေးအပေါ်မှာရှိသလား မေမေစိမ်း"

"ရှိပါတယ်ကွယ်၊ ဧည့်သည်တွေရောက်နေတယ်သားရယ်





သွားပါတော့နော်၊ မေမေစိမ်းစကားကိုနားထောင်ပါကွယ်"

အောင်ဇော်မင်းသည် မေမေစိမ်း၏ လက်မောင်းအိုအိုကို ဆုပ်ကိုင်လိုက်သည်။ မေမေစိမ်းကိုလည်း ချစ်ခင်ကြင်နာစွာလှမ်းကြည့်လိုက်သည်။

"မေမေစိမ်းရဲ့စေတနာကို ကျွန်တော်သိပါတယ်၊ ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့၊ ကျွန်တော့်ဘဝ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ဒီအိမ်ကြီးပေါ်တက်ပြီး ဖေဖေ့ရဲ့ညီ ဦးဝေလင်းကိုလည်း ကြွေးဆပ်လိုက်ဦးမယ်၊ ကျွန်တော်ဟာ အရင်လိုမဟုတ်တော့ပါဘူး၊ အသစ်မွေးလာတဲ့ ကိုဇော်ပါ"

အောင်ဇော်မင်းက ပြောပြောဆိုဆို လှေကားရှိရာသို့ လျှောက်ခဲ့သည်။ ပေါ့ပါးသွက်လက်စွာ လှေကားကျယ်ကြီးအတိုင်း အပေါ်ထပ်သို့တက်ခဲ့သည်။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အောင်ဖော်မင်းအခန်းထဲသို့ လှမ်းဝင်လိုက်သည်။ ဧည့်ခန်းတွင် ထိုင်နေသူများအားလုံး အောင်ဖော်မင်းကိုမြင်လိုက်သည်နှင့် ပြောလက်စ စကားများ ရုတ်တရက်ပြတ်သွားသည်။

အောင်ဖော်မင်းက ထိုင်နေသူများကို လှမ်းကြည့်လိုက်သည်။ ထိုင်နေသူလေးယောက်အနက် နှစ်ဦးကို သူသိသည်။ တစ်ယောက်က သူ့ဖခင်၏ညီအရင်းဦးဝေလင်း၊ ကျန်တစ်ယောက်က ဦးဝေလင်း၏သား သူ့အစ်ကိုဝမ်းကွဲ ကိုခင်မောင်ဖြစ်သည်။

ဦးဝေလင်းက အောင်ဖော်မင်းကို အံ့အားတသင့်ကြည့်နေသည်။





"နေကောင်းတယ်နော် ဦးလေး"

"ဟင်...မင်းမင်း..."

"ကျွန်တော် အောင်ဖော်မင်းပါဦးလေး"

ဦးဝေလင်း အံ့ဩဟန်နှင့် အောင်ဖော်မင်းကို မျက်တောင်မခတ် ကြည့်နေသည်။ ကိုခင်မောင်က ထိုင်ရာမှသွက်လက်စွာထလိုက် ပြီး ပြုံးရွှင်သော မျက်နှာနှင့် အောင်ဖော်မင်းကို စေ့စေ့ကြည့်လိုက်သည်။

"ကြည့်စမ်း... ကိုဖော်... နည်းတဲ့အကောင်ကြီးမဟုတ်ဘူး၊ ပြန်တွေ့ရတာဝမ်းသာတယ်ကွာ"

ကိုခင်မောင်က ဝမ်းသာအားရပြောရင်း လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးလိုက်သည်။

အောင်ဖော်မင်းကလည်း လက်တစ်ဖက်ကိုထုတ်လိုက်သည်။ သို့သော် လက်ဆွဲနှုတ်ဆက်ရန် လက်ဝါးဖြန့်လျက် မဟုတ်ဘဲ လက်သီးဆုပ်ဖြစ်နေသည်။ ထိုလက်သီးဆုပ်က ကိုခင်မောင်ကိုမိမိရရ ထိသွားသည်။ ခွပ်ခနဲ မြည်သံနှင့်အတူ ရယ်နေသော ကိုခင်မောင်၏မျက်နှာမှာ ရှုံ့မဲ့သွားပြီး နောက်ပြန်ကျသွားသည်။

ကိုခင်မောင်လဲကျသွားသည်နှင့် အောင်ဖော်မင်းမသိသော



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက် ထလာသည်။ အောင်ဇော်မင်းက ပခုံးလွယ်အိတ်ထဲရှိ သေနတ်ကို ဖျတ်ခနဲ ဆွဲထုတ်ကာ ချိန်လိုက်သည်။

"ခင်ဗျားတို့နဲ့ မဆိုင်တဲ့ကိစ္စကို အေးအေးဆေးဆေး ထိုင်နေပါ၊ ခင်ဗျားတို့ကို ကျုပ် ရန်မပြုပါဘူး"

"ဘယ့်နှယ့်လဲ ကိုခင်မောင်၊ တော်တော် အခံရခက်သလား ပြန်စဉ်းစားကြည့်စမ်းပါ၊ ကျုပ် ငယ်ငယ်က ခင်ဗျားတို့ရဲ့ အနှိပ်စက်ခံခဲ့ရတဲ့ အကြွေးကို ဆပ်တာလေ၊ အကြွေးဆပ်တာ သိလား"

ကိုခင်မောင်က အောင်ဇော်မင်း၏မျက်နှာကို စိုးရွံ့စွာလှမ်းကြည့်ရင်း အားတင်း၍ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးကွာ၊ ငါ မင်းကို စိတ်မဆိုးပါဘူး၊ ငယ်ငယ်က ကိစ္စတွေကို မင်းအငြိုးထားတာတော့ စိတ်မကောင်းဘူးကွာ"

ကိုခင်မောင်က အောင်ဇော်မင်းအနားသို့ ချဉ်းကပ်လာရင်း ပြောလိုက်သည်။ လူစိမ်းနှစ်ယောက်ကို အောင်ဇော်မင်းက သေနတ်ဖြင့် ချိန်ထားဆဲဖြစ်သည်။

"ဟောဒီက ကိုဝေလုနဲ့ ကျော်ကျော်က ငါ့မိတ်ဆွေတွေပါ မင်းသေနတ်ကြီးက ဒီနေရာမှာ မလိုအပ်ပါဘူး၊ ဪ... ကိုဝေလု သူက ကျွန်မတော့်ညီဝမ်းကွဲ အောင်ဇော်မင်းပါ"





အောင်ဇော်မင်းက ပြုံးပြီး သေနတ်ကို ပြန်ထည့်လိုက်သည်။ ဆိုဖာလက်ရန်းပေါ်တွင် ထိုင်ရင်း ဦးဝေလင်းကို လှမ်းကြည့်လိုက်သည်။

"အောင်ဇော်မင်း ငါ့ရှေ့မှာ ဒီလိုအရိုင်းမျိုးနဲ့ နေလို့မရဘူးဆိုတာ ပြန်သတိရစမ်း"

ဦးဝေလင်းစကားကြောင့် အောင်ဇော်မင်း ရယ်လိုက်သည်။ ရယ်နေသော မျက်လုံးအစုံတွင် နာကြည်းနေသည့်ဟန်ကို တွေ့ရသည်။

"အဲဒါ အရင်တုန်းကပါ ဦးလေး၊ ကျွန်တော် ဦးလေးကို ရိုသေပါတယ်၊ ဒါပေမယ့် အရင်တုန်းကလို မနေတတ်အောင် ဦးလေးတို့ပဲ သင်ပေးခဲ့တာလေ"

"နေစမ်းပါဦး၊ မင်းက ဒီကို ဘာလုပ်တာလဲ"

"လာချင်လို့ လာတာပါ"

"ဒီအိမ်ကို မင်းလာစရာ ဘာအကြောင်းမှ မရှိဘူး၊ မင်း ဘာလိုချင်လို့လဲ"

"ဟား...ဟား...ဟား... ဘာလိုချင်လို့လဲတဲ့၊ ကျွန်တော် ဘာမှ မလိုချင်ပါဘူး ဦးလေး၊ ကျွန်တော်လာတာ သွေးကြွေးဆပ်ဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

ဒေါသကြောင့် တဆတ်ဆတ်တုန်နေသော ဦးဝေလင်း၏ ပခုံးကိုအောင်ဇော်မင်းက ခပ်တင်းတင်း ဖျစ်ညှစ်လိုက်သည်။

"သိပ်လည်း ဒေါသကြီးမနေပါနဲ့ ဦးလေး၊ အရင်ကကြောက်တတ်ခဲ့တဲ့ ကိုဇော် မရှိတော့ပါဘူး၊ ဒါကို ဦးလေး သဘောပေါက်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ထိုင်ပါဗျာ၊ ဟော်... ဦးလေးကို ကျွန်တော် စကားတစ်ခွန်းပြောဖို့ မေ့နေတယ်၊ သန်းခေါင်ထက် ညှို့နက်တယ်တဲ့"

"ဘာ....ဘာ...မင်းဘာပြောလိုက်တယ်"

"သန်းခေါင်ထက် ညှို့နက်တယ်"

"အဲဒီညှို့နက်မှ လထွက်ရမှာပေါ့ဟုတ်လား"

"ဒါပေါ့ လထွက်မှ အမှောင်ပျောက်မှာပေါ့"

"အမှောင်ဆိုတာက"

"ရန်သူ"

"အလင်းဆိုတာက"

"မိတ်ဆွေ"

ဦးမပလင်းနှင့်အားလုံး အောင်ဇော်မင်းကို အံ့အားတသ





ကြည့်နေကြသည်။ အောင်ဇော်မင်းက ပြုံး၍အားလုံးကိုကြည့်လိုက်သည်။

"ကိုဝေလုနဲ့ ကိုကျော်ကျော်တို့ရဲ့နာမည်ကို ရန်ကုန်မှာ ကတည်းက ကြားခဲ့ပြီးသားပါ၊ စောစောကအဖြစ်အတွက် ခွင့်လွှတ်ပါ"

ကိုဝေလုနှင့်ကျော်ကျော်တို့ထိုင်ရာမှထပြီး အောင်ဇော်မင်းကို ဝမ်းသာအားရနှုတ်ဆက်ကြသည်။

"တကယ့်ကောင်ပဲ ကိုဇော်ရာ၊ မင်းကတော့ ငယ်ငယ်တုန်းက မထုံတက်သေးနဲ့ အခုတော့ တကယ့်သတ္တိခဲဖြစ်နေပါလား"

"မြို့သာဌာနခွဲမှူး ဦးဝေလင်းဆိုတော့ ကျွန်တော့်ဦးလေးလို့မထင်ဘူး၊ ဦးဝေလင်းရဲ့သားကိုခင်မောင်လည်း အဖွဲ့ဝင်ပဲ၊ ဌာနချုပ်က ရန်မျိုးအောင်အိမ်ဆိုတော့မှ ဦးလေးနဲ့ ပြန်တွေ့ရပြီဆိုပြီး ကျွန်တော်ဝမ်းသာသွားတယ်"

"အေး...ဦးလေးလည်း ဝမ်းသာပါတယ်၊ ငါ့တူကို လျှို့ဝှက်တော်လှန်ရေးသမားအဖြစ် တွေ့ရတာ အရမ်းဝမ်းသာတယ်၊ စောစောကလိုလုပ်တာတော့ မကောင်းပါဘူး"

"အဲဒါကတော့"

"အေးလေ...မင်းမှာလည်းနာကြည်းချက်တွေရှိမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မင်း ဒီကိုလာတာ အနှောင့်အယှက်ပေးမယ်ထင်နေတာ၊ လျှို့ဝှက်စကားကို ပြောလိုက်မှာ အံ့ဩသွားတယ်"

"ဟုတ်ကဲ့၊ စောစောက ကျွန်တော် ကိုခင်မောင်ကို ထိုးခဲ့တဲ့အတွက် တောင်းပန်ပါတယ်၊ အဲဒါက ကျွန်တော်ငယ်ငယ်က အခန်းထဲမှာ လှောင်ထားပြီး ထမင်း (၃) ရက်မကျွေးတဲ့အတွက် ကလဲ့စားချေတယ်လို့ပဲ သဘောထားပါ၊ အခု ကျွန်တော်တို့ အလုပ်ကိစ္စဆွေးနွေးကြရအောင်"

အောင်ဇော်မင်းက ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး စကားကို ခပ်တိုးတိုးပြောလိုက်သည်။

"စိတ်ချလက်ချ ဆွေးနွေးပါ၊ အပြင်လူလည်းမရှိဘူး၊ အနှောင့်အယှက်လည်းမရှိပါဘူး"

အောင်ဇော်မင်းခေါင်းညိတ်ပြလိုက်သည်။

"ကိုထွန်းအောင်ကို နဖူးမှာ နဂါးရုပ်ထိုးပြီး မြို့လယ်ခေါင်မျှော်စင်ကနေ တွန်းချခဲ့တယ်လို့ သိခဲ့ရတယ်"

"ဒါ… ငါတို့ပို့ခဲ့တဲ့သတင်းပဲ ကိုဇော်၊ ငါတို့လည်း ဒီလောက်ပဲသိခဲ့ရတယ်"

အောင်ဇော်မင်းက စိတ်မကျေနပ်နိုင်ဘဲ ဦးဝေလင်းကို လှမ်း





ကြည့်လိုက်သည်။ ခဏအကြာတွင် တစ်စုံတစ်ရာ ပြောမည်ပြုစဉ်

"ဝုန်း…"

ရုတ်တရက်ပေါ်လာသောအသံကြောင့် ထိုင်ရာမှ ထမိသွားသည်။

"ခွင့်လွှတ်ပါဗျာ၊ ကျွန်တော် အမှတ်မထင် မှီလိုက်လို့ ကြေးပန်းအိုးကြီး ကျသွားတယ်"

ကျော်ကျော်.ဂ ပြောပြောဆိုဆို ကြမ်းပြင်ပေါ်မှ ပန်းအိုးကို စင်ပေါ်သို့ တင်လိုက်သည်။ နေရာတွင် ပြန်ထိုင်လိုက်သည်နှင့် အောင်ဇော်မင်း၏ မျက်လုံးနှင့် ကျော်ကျော်တို့ အကြည့်ချင်းဆုံသွားသည်။

ကျော်ကျော်၏အကြည့်က ထူးဆန်းသည်ဟု ထင်လိုက်ပြီး တစ်ခုခု ထူးခြားနေပြီဟု ထင်လိုက်သည်။

မျက်နှာချင်းဆိုင်ကြည့်နေရာမှ ကျော်ကျော် ခေါင်းငုံ့သွားသည်။ ကုလားထိုင်လက်တန်းပေါ်တွင် တင်ထားသော ကျော်ကျော်၏ လက်ညှိုးတစ်ချောင်း လှုပ်ရှားနေသည်ကို အောင်ဇော်မင်း သတိထားမိသွားသည်။

ကျော်ကျော်၏လက်ညှိုးခေါက်နေပုံက ကြေးနန်းသင်္ကေတ



www.burmeseclassic.com

www.burmeseclassic.com



ပို့နေပုံနှင့်တူနေသည်။ အောင်ဇော်မင်းက လက်ညှိုးလှုပ်ရှားပုံကို ကြည့်၍အဓိပ္ပာယ်ဖော်ကြည့်သည်။

ပန်းအိုးကျခြင်းသည် မတော်တဆမဟုတ်ကြောင်း အောင်ဇော်မင်းသိလိုက်သည်။ ကျော်ကျော်က သူ့ကိုသတိထားမိစေရန် ဖန်တီးခြင်းဖြစ်သည်၊ သတင်းပို့ခြင်းဖြစ်သည်။ ထို့ကြောင့် ဒီနေရာသည် လုံခြုံမှုမရှိကြောင်း သူသိသွားခဲ့သည်။

♥ ❦ ♥

အခန်း (၅)

အောင်ဇော်မင်း ထိုင်ရာမှထလိုက်သည်။ ဦးဝေလင်းတို့နှင့် ဆက်သွယ်ရန် ဆွေးနွေးခဲ့ပြီးဖြစ်၍ တည်းခိုခန်းတွင် အနားယူရန် ထွက်လာခဲ့သည်။

"ကဲ… ကျွန်တော် သွားဦးမယ်၊ ခရီးက လှမ်းတော့ တော်တော်ပင်ပန်းတယ်"

"ကိုဇော် မြို့ထဲသွားရင် ကျွန်တော်ပါလိုက်ခဲ့မယ်"

အောင်ဇော်မင်းက ကျော်ကျော့်ကိုခေါင်းညိတ်ပြပြီး အပေါ်ထပ်ဧည့်ခန်းမှထွက်ခဲ့သည်။ အောက်ထပ်သို့ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းတွင်မေမေစိမ်းကိုရှာကြည့်မိသည်။ သို့သော်အရိပ်အယောင်မတွေ့ရပေ။

အောင်ဇော်မင်းက တံခါးကိုဖွင့်၍ထွက်ခဲ့သည်။ ကျော်ကျော်က အနောက်မှကပ်လိုက်လာသည်။

အပြင်ဘက်သို့ရောက်သည်နှင့် ကားသော့ကိုဖွင့်ကာ ကားပေါ်တက်ခဲ့သည်။ ကျော်ကျော်ပါ ကားပေါ်သို့ရောက်သောအခါ ရန်မျိုးအောင် အိမ်ကြီးရှေ့မှ မောင်းထွက်ခဲ့လေသည်။

"ကျွန်တော် အချက်ပြတာကို ကိုဇော်သိပ့်မလားလို့"

ကျော်ကျော်က သွားနေရင်းမှ စကားစလိုက်သည်။

"ဆိုပါဦး၊ ဘယ်လိုလုံခြုံမှုမရှိတာလဲ"

"ကိုထွန်းအောင် အသတ်ခံရတာနဲ့ပတ်သက်ပြီး ကျွန်တော် နည်းနည်းမှ မကျေနပ်ဘူးကိုဇော်၊ ပြီးတော့ အခင်းဖြစ်တဲ့ညက ကိုထွန်းအောင် အဲဒီကို လျှို့ဝှက်သွားခဲ့တာ"

"အဲဒီကို ဆိုတာက"

"မြို့လယ်ခေါင် မျှော်စင်ဘေးက လေးထပ်တိုက်ကိုပေါ့"

"ဒါဆိုရင်... မျှော်စင်ပေါ်က ကျတာမဟုတ်ဘူးပေါ့"

အောင်ဇော်မင်းက ကျော်ကျော်ကို လှမ်းမေးရင်း လမ်းဘေး





တစ်နေရာတွင် ကားကို ညင်သာစွာရပ်လိုက်သည်။ မျှော်စင်နှင့် မျက်နှာချင်းဆိုင် နီလာဟိုတယ်ရှေ့တွင်ဖြစ်သည်။

"ကိုဇော် အဲဒီမှာ နားမှာလား"

"ဟုတ်တယ်၊ ညွှန်ကြားချက်အရ တည်းမှာပါ"

ကျော်ကျော်က သဘောပေါက်သွားပြီး အောင်ဇော်မင်းနှင့်အတူ ကားပေါ်မှ ဆင်းလာသည်။

"ကျွန်တော်တို့ တစ်ခုခုစားရင်းနဲ့ စကားပြောကြတာပေါ့"

"ကောင်းပါတယ် ကိုဇော်"

အောင်ဇော်မင်းနှင့်ကျော်ကျော်တို့ ဟိုတယ်ထဲသို့ လှမ်းဝင်ခဲ့သည်။ စားသောက်ဆိုင်နှင့်တွဲလျက် ရှိနေသော အခန်းငှားကောင်တာရှေ့တွင် ရပ်လိုက်သည်။

"ကျွန်တော် ဘာကူညီရမလဲ ခင်ဗျာ"

ကောင်တာစားပွဲနောက်တွင် ထိုင်နေသော လူငယ်က ဖော်ရွေစွာ လှမ်းမေးလိုက်သည်။

"အခန်းမှာထားပါတယ်၊ ရန်ကုန်က အောင်ဇော်မင်းပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ..."

လူရွယ်က စာအုပ်ကိုကြည့်လိုက်ပြီး အောင်ဇော်မင်းကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်သည်။

"တတိယထပ်၊ အခန်းနံပါတ် (၁၄)ပါ ဆရာ၊ ဒီနေရာမှာ လက်မှတ်ထိုးပေးပါ၊ ဆရာညစာမစားရသေးဘူးဆိုရင် စားသောက်ခန်းမှာအစုံရှိပါတယ်၊ ဆရာ့ပစ္စည်းတွေကိုကျွန်တော် အပေါ်ပို့ထားပါမယ်"

"ကောင်းပါတယ်၊ ဗိုက်လည်းတစ်ခုခုစားဖို့ရည်ရွယ်ထားတာ"

"အစားအသောက်နဲ့ပတ်သက်ပြီး ဆရာတို့စိတ်ကျေနပ်စေရပါမယ်...ဒါအခန်းသော့ပါ"

အောင်ဇော်မင်းက လူရွယ်ထံမှသော့ကိုယူပြီးကျော်ကျော်နှင့်အတူစားသောက်ခန်းဘက်ကိုထွက်ခဲ့သည်။

စားသောက်ခန်းသည် သန့်ပြန့်ကျယ်ဝန်းသော မှန်လုံခန်းဖြစ်ပြီးအနွေးဓာတ်လွှတ်ထားသဖြင့် နွေးနွေးထွေးထွေးရှိနေသည်။

အောင်ဇော်မင်းနှင့်ကျော်ကျော်တို့ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ဘာစားမလဲကိုကျော်ကျော်"

"အရည်တစ်ခုခုပဲသောက်တော့မယ်၊ကျွန်တော်ညစာစားပြီးပြီ"





အောင်ဇော်မင်းကစားပွဲထိုးကိုခေါ်ပြီးစားသောက်စရာများ မှာလိုက်သည်။ တစ်ခဏအကြာတွင်စားသောက်ဖွယ်ရာများရောက်လာသည်။

စားသောက်နေရင်းမှ အောင်ဇော်မင်း က ကျော်ကျော်ကို မေးလိုက်သည်။

"ခင်ဗျားဘယ်သူ့ကိုမသင်္ကာဖြစ်နေတာလဲ"

"ဗျာ..."

"ခင်ဗျားပဲ စောစောက သတင်းမလုံခြုံဘူးလို့ ပြောခဲ့တယ် ဟုတ်တယ်လား၊ အဲဒါကြောင့်မေးတာပါ"

"ဘယ်သူရယ်လို့တော့ အတိအကျ မသိသေးဘူး၊ ကိုထွန်းအောင် ဖြစ်ပျက်သွားခဲ့တဲ့ သာဓကရှိနေလို့ အတတ်နိုင်ဆုံး ရှောင်ထွက်စေချင်လို့ပါ"

"ဩော်...ဟုတ်တာပေါ့၊ ဒါနဲ့ ကိုထွန်းအောင်အသတ်ခံရတာနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာတွေသိထားလဲ"

"ကျွန်တော်တို့ထဲမှာ သစ္စာဖောက်ရှိနေပြီလေ၊ အဲဒါကြောင့် ကိုထွန်းအောင် ဒီရှေ့က မြို့သာဟိုတယ်ကို သွားတာ လူသိသွားတာပါ၊ ရက်ရက်စက်စက် အပေါ်ကနေ ပစ်ချခံခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇော်မင်းက စားနေရာမှ လက်စသတ်လိုက်သည်။ ပြီး အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ကာ ကျော်ကျော်ဘက်သို့ ပေးလိုက်သည်။ သူ့အတွက်လည်း တစ်လိပ်ယူ၍ သောက်လိုက်သည်။

"ကိုထွန်းအောင် မြိုင်သာဟိုတယ်ကို သွားတာ ဘာအဓိပ္ပာယ်လဲ"

"အဲဒါက ကိုထွန်းအောင်ရဲ့ ဆုံးဖြတ်ချက်ပဲ၊ သူက မြိုင်သာဟိုတယ်ပိုင်ရှင် ဦးရဲမြင့်ကို မသင်္ကာဘူး၊ ဘယ်လိုသဲလွန်စရသွားတယ်တော့ ကျွန်တော်လည်း မသိဘူး၊ စုံစမ်းဖို့သွားရာကနေ အခုလိုဖြစ်တာပါပဲ"

"ဒီလိုဆိုရင် မြိုင်သာဟိုတယ်ဟာ နဂါးနက်ဂိုဏ်းနဲ့ အဆက်အစပ်ရှိနေတယ်ဆိုတာ ထင်ရှားနေပြီ၊ ကျွန်တော်လည်း အဲဒီလိုပဲ စပြီး စုံစမ်းရမှာပဲ"

"ကောင်းပါတယ်၊ ဒါပေမဲ့ တစ်ယောက်တည်းတော့ မသွားပါနဲ့၊ ကျွန်တော် လိုက်ခဲ့မယ်"

အောင်ဇော်မင်းက ဖျတ်ခနဲ ကျော်ကျော့်ကို ကြည့်လိုက်သည်။ နှုတ်ခမ်းထောင့်စွန်းကွေးညွှတ်ရုံ အပြုံးတစ်ရပ် အောင်ဇော်မင်း၏ မျက်နှာပေါ်တွင် ပေါ်လာသည်။





"လိုက်ခဲ့လေ၊ လိုက်ခဲ့ပေါ့၊ ဒီညတော့ ဘာမှ မလှုပ်ရှားနိုင်သေးဘူး၊ မနက်ဖြန်ညမှပေါ့..ဟုတ်လား.."

""ဟုတ်ကဲ့... ကျွန်တော် ပြင်ဆင်ထားပါ့မယ်၊ ကိုဇော်နားတော့နော်၊ ကျွန်တော်သွားမယ်"

"ကောင်းပြီ ကျော်ကျော်၊ မနက်ဖြန်မှ ဆုံကြတာပေါ့"

ကျော်ကျော် ဟိုတယ်ထဲမှ ထွက်ခွာသွားပြီး အတန်ကြာသည် အထိ အောင်ဇော်မင်း စားပွဲတွင် ထိုင်နေသည်။ အတန်ကြာမှ ကျသင့်ငွေကို ရှင်းပြီး ဓာတ်လှေကားရှိရာသို့ လျှောက်လာသည်။ တတိယထပ် ခလုတ်ကို နှိပ်ပြီး အပေါ်သို့ တက်ခဲ့သည်။

တတိယထပ်ရောက်သည်နှင့် ဓာတ်လှေကားတံခါး ရပ်သွားသည်။ ဓာတ်လှေကားထဲမှ ထွက်ပြီး စင်္ကြံလမ်းအတိုင်း လျှောက်ခဲ့သည်။ အောင်ဇော်မင်းက အခန်းနံပါတ် (၁၄) ရှေ့တွင် ရပ်လိုက်ပြီး သော့ဖွင့်ဝင်လိုက်သည်။

အခန်းမှာ ကျယ်ပြန့်သန့်ရှင်းနေသည်။ ခရီးဆောင်အိတ်လည်း အခန်းတွင်းသို့ ရောက်နေသည်။

အောင်ဇော်မင်းက ခရီးဆောင်အိတ်ကို စာကြည့်စားပွဲပေါ် တင်ပြီး သော့ဖွင့်လိုက်သည်။ အဝတ်အစားကို ထုတ်ပြီး နံရံကပ်



www.burmeseclassic.com

www.burmeseclassic.com



ဗီရိုထဲသို့ထည့်သည်။ ခရီးဆောင်အိတ် အောက်ခြေရှိ ဘုကလေး တစ်ခုကိုနှိပ်လိုက်ရာ လျှို့ဝှက်ကိရိယာလေးတစ်ခုထွက်လာသည်။

အောင်ဇော်မင်းက လျှို့ဝှက်ကိရိယာလေးဖြင့် အခန်းတစ်ခုလုံးကိုလှည့်ပတ်ရှာဖွေနေသည်။

ဘာမှ ထူးခြားမှုမရှိ၍ ခလုတ်ကိုပိတ်ပြီး နေသားတကျ ပြန်ထားလိုက်သည်။

ထို့နောက် ပန်းအိုးကို အသာမ၍ ယူကြည့်လိုက်ရာ... ပန်းပွင့်များကြားတွင် တစ်လက်မ ပတ်လည် မိုက်ခရိုဖုန်းကိုတွေ့ရပြီး ထိုဖုန်းနှင့်ဆက်သွယ်ထားသော ကြိုးသည် အခန်းထောင့် တယ်လီဖုန်းစင်မှ တစ်ဖက်ခန်းသို့ကူးသွားသည်။

အောင်ဇော်မင်း ပန်းအိုးကိုနေသားတကျ ပြန်ထားလိုက်သည်။ ထို့နောက် ဗီရိုတွင်းမှ ဆေးပုလင်းတစ်လုံးကို ထုတ်လိုက်ပြီး ဆေးပုလင်းထဲတွင် အရောင်အမျိုးမျိုးသော ဆေးတောင့်များအနက်မှ အဖြူနှင့်အညိုရောင် အကန့်လေးပါသော ဆေးလုံးကို ထုတ်ယူပြီး လျှာပေါ်တွင်ငုံထားလိုက်သည်။

ဗီရိုကို ပြန်ပိတ်လိုက်ပြီး စာရေးစားပွဲဆီသို့ထွက်ခဲ့သည်။ ရေသန့်ဘူးကိုယူလိုက်ပြီး ဝရန်တာသို့ထွက်ခဲ့သည်။



ဆေးလုံးကိုရေနှင့်မျောချမည်အပြု မသင်္ကာစိတ် ဖျတ်ခနဲ ပေါ်လာသည်။

ဆေးလုံးသည် ခါတိုင်းကဲ့သို့ မပျော်သွားဘဲ ညင်သာစွာ လှုပ်ရှားနေသည်။

အောင်ဇော်မင်းငုံထားသောဆေးကိုအပြင်သို့ထွေးချလိုက်ရာ.. လမ်းမပေါ်သို့ တည့်တည့်ကျသွားသည်။ အောင်ဇော်မင်း ငုံ့ကြည့်နေစဉ်မှာပင် ဆေးလုံးကျသွားရာ လမ်းမပေါ်၌ ပေါက်ကွဲသံ ကြားလိုက်ရသည်။

အောင်ဇော်မင်း ထိတ်လန့်သွားပြီး ရေသန့်ဘူးကိုယူကာ ဘစ်ရှိန်ထိုးမော့သောက်လိုက်သည်။

ပေါက်ကွဲသံကြောင့် လူအများစုရုံးလာကြသည်။

သူသောက်နေကျ အပန်းဖြေဆေးလုံးနေရာတွင် ဘာကြောင့် ချိန်ကိုက်ဗုံးရောက်နေရသလဲဆိုသည်ကိုမတွေးတတ်တော့။

အောင်ဇော်မင်း မျက်နှာ ရုတ်တရက် တင်းမာသွားသည်။ ထို့နောက် သူမထိတရိပြုံးလိုက်သည်။

♥၄၄♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အကြားအာရုံတွင် တိုးတိတ်သောအသံလေးတစ်ခု ရိုက်ခတ်သည်။ အောင်ဇော်မင်းဖျတ်ခနဲ မျက်လုံးအစုံကိုဖွင့်လိုက်သည်။ လေ့ကျင့်ထားသော ကြွက်သားများကို အလိုလိုလှုပ်၍ ဖျတ်ခနဲ အိပ်ရာမှထလိုက်သည်။

တံခါးခေါက်သံပေါ်လာရာ အခန်းတံခါးဝသို့လျှောက်ခဲ့၍ တံခါးကိုဖွင့်လိုက်သည်။

"မင်္ဂလာနံနက်ခင်းပါကိုဇော်"

အောင်ဇော်မင်းကပြုံး၍တံခါးဝတွင်ရပ်နေသောကျော်ကျော်ကိုခေါင်းညိတ်ပြလိုက်သည်။





"ညက အိပ်ရေးဝရဲ့လားဗျ"

"အိပ်ရေးဝပါတယ်ဗျာ၊ ဆိုင်းသံ ဗုံသံနဲ့ဆိုတော့ ပိုပြီးအိပ်လို့ကောင်းတာပေါ့။ ကဲ...အိပ်ရာထ နံနက်စာ စားခဲ့ပြီးပြီလား"

"ပြီးပါပြီ"

အောင်ဇော်မင်းက ဆတ်ခနဲ ခေါင်းညိတ်ပြီး တယ်လီဖုန်းရှိရာသို့လျှောက်သွားသည်။ ကျော်ကျော်က တံခါးကိုပြန်ပိတ်နေ သည်။ အောင်ဇော်မင်း တယ်လီဖုန်းခွက်ကိုမ၍ဆက်လိုက်သည်။

"အမိန့်ရှိပါခင်ဗျာ"

"အခန်း(၁၄) ကပါ။ ကော်ဖီတစ်အိုး၊ ဆင်းဒဝတ်တစ်ပွဲ၊ ကြက်ဥဟာတ်ဘွိုင်နှစ်လုံးပို့နိုင်းလိုက်ပါ"

"ဟုတ်ကဲ့ပါခင်ဗျာ၊ အမြန်ဆုံးပို့ပေးပါ့မယ်"

အောင်ဇော်မင်း တယ်လီဖုန်းခွက်ကို ပြန်ချ၍ ကျော်ကျော်ကို လက်ဟန်ပြပြီး ရေချိုးခန်းဝင်ခဲ့သည်။ ရေချိုးခန်းမှ ပြန်ထွက်၍ အဝတ်အစားလဲလိုက်သည်။

ကျော်ကျော်က ကုလားထိုင်တွင်ထိုင်ပြီး အောင်ဇော်မင်း ကို ငေးကြည့်နေသည်။ အောင်ဇော်မင်း ...ကျော်ကျော်ရှိရာသို့ လျှောက်လာခဲ့သည်။ ကျော်ကျော်ကတစ်စုံတစ်ရာပြောမည်အပြုအောင်ဇော်မင်း



www.burmeseclassic.com

www.burmeseclassic.com



က နှုတ်ခမ်းကို လက်ညှိုးကပ်ထောင်ပြ၍ တိတ်တိတ်နေရန် သတိ ပေးလိုက်သည်။ ပြီးမှ စားပွဲပေါ်ရှိ ပန်းအိုးကို လက်ညှိုးထိုးပြလိုက် သည်။

အောင်ဇော်မင်း ကပြုံးပြီး ပန်းအိုးကိုမ၍ကျော်ကျော်ကိုပြ လိုက်သည်။ ထိုအခါ ကျော်ကျော် အံ့အားသင့်သွားသည်။ ထိုစဉ် တံခါးခေါက်သံပေါ်လာပြီး ဖွင့်လိုက်သောအခါ ဟိုတယ်အမှုထမ်း တစ်ယောက်အစားအသောက်ဗန်းကိုကိုင်ကာ အခန်းထဲသို့ဝင်လာ ကာ..စားပွဲပေါ်တွင် ဗန်းကိုချပြီးအခန်းထဲမှပြန်ထွက်သွားသည်။

"ကျော်ကျော်...ကော်ဖီလောက်တော့ဖြစ်တယ်မဟုတ်လား ကဲ...လုပ်ဗျာသောက်"

အောင်ဇော်မင်းက ကော်ဖီနှင့်ပေါင်မုန့်ကိုစားနေရင်း ကျော်ကျော့်ကိုမေးလိုက်သည်။

"ခင်ဗျားတို့မြို့က တော်တော်အပျော်အပါးကြိုက်တယ် နော်"

"ဘာဖြစ်လို့လဲကိုဇော်"

"ဪ ...ညက ဗျောက်အိုးတွေ ဘာတွေပေါက်လို့ ကျွန်တော်ကတစ်ခုခုများပေါက်ကွဲသလားဆိုပြီး လန့်သွားတာပဲ"





ကျော်ကျော်က အောင်ဇော်မင်းမျက်နှာကို ဖျတ်ခနဲလှမ်း ကြည့်သည်။ အောင်ဇော်မင်းက ခေါင်းယမ်း၍ ပန်းအိုးကိုလက်ညှိုး ထိုးပြလိုက်သည်။

"ကလေးတွေဆော့တာနေမှာပေါ့ဗျာ၊ ဒါနဲ့ ခင်ဗျား ဒီနေ့ ဘယ်ကိုသွားမလဲ"

"ကျွန်တော်ကဧည့်သည်လေဗျာ၊ ဘယ်သွားရမှန်းဘယ်သိ မှာလဲ"

"ရေပူစမ်းဘက်ကို သွားမလား၊ စိတ်ဝင်စားစရာ ကောင်း တယ်"

အောင်ဇော်မင်းက ခေါင်းကိုညိတ်၍ အသားညှပ်ပေါင်မုန့် ကိုလက်စသတ်စားလိုက်ပြီး ကော်ဖီတစ်ခွက်ငုံ့သောက်လိုက်သည်။

"သောက်ဦးလေဗျာ၊ တော်ပြီလား"

"တော်ပြီ ခင်ဗျ"

"ဒါဖြင့်ရင် သွားမယ်၊ ဒါတွေကို အပြင်ဘက်မှာ ချထားပေး လိုက်မယ်"

အပြင်ဘက်တွင် ဗန်းကိုချထားခဲ့ပြီး တံခါးကို ပိတ်ကာ အောင်ဇော်မင်းနှင့်ကျော်ကျော်တို့ ဓာတ်လှေကားရှိရာသို့ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

"သူတို့က တယ်လျင်ပါလားကိုဇော်"

အောင်ဇော်မင်းက စကားပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ အောင်ဇော်မင်း၏ အမူအရာကြောင့် ကျော်ကျော် စကားကို မဆက်ဘဲ နှစ်ယောက်သား တိတ်ဆိတ်စွာပင် အောက်ထပ်သို့ဆင်းခဲ့သည်။

ဟိုတယ်အပြင်သို့ထွက်ပြီး ရပ်ထားသော ကားပေါ်သို့တက်၍ မောင်းထွက်ခဲ့ပြီးမှ အောင်ဇော်မင်းက ကျော်ကျော်ဘက်သို့ လှည့်ကာ စကားပြောလိုက်သည်။

"မလိုအပ်တဲ့နေရာမှာ ပါးစပ်ကိုပိတ်ထားဖို့လိုလိမ့်မယ် နော် ကျော်ကျော်"

"ဟုတ်ကဲ့... သတိထားနေတဲ့ကြားက အမှတ်တမဲ့ဖြစ်သွားတယ်၊ ကျွန်တော်တို့ တကယ်ပဲ ရေပူစမ်းကို သွားမှာလား"

"သွားရမှာပေါ့၊ ဒါဟာလမ်းဖွင့်ပြီး သူတို့ကို စိန်ခေါ်လိုက်တာပဲ၊ ရန်သူကို ကျွန်တော်တို့က မသိပေမဲ့ ရန်သူက ကျွန်တော်တို့ကို သိနေတယ်၊ သတိထားရမယ်ကျော်ကျော်၊ ဒီမြို့ကတော့ ကျွန်တော့် အနေနဲ့ မျက်စိမှိတ်ပြီး လမ်းလျှောက်နိုင်လောက်အောင် ကျွမ်းကျင်





ပါတယ်"

"ကျွန်တော်တို့အသွားမှာတော့ ဘာအန္တရာယ်မှ မရှိနိုင်ဘူး၊ သူတို့အတွက် လှုပ်ရှားဖို့အချိန် လုံလုံလောက်လောက် မရဘူးလို့ ထင်တယ်"

ကျော်ကျော်၏စကားကို အောင်ဇော်မင်းက ခေါင်းညိတ်ပြီး နားထောင်နေသည်။

"ဒီလိုပဲ ထင်ရတယ်၊ ဒါနဲ့ ကျော်ကျော်၊ တစ်ခုလောက်မေးချင်တယ်၊ ရန်မျိုးအောင်အိမ်မှာတုန်းက သတင်းလုံခြုံမှုမရှိဘူးလို့ပြောခဲ့တယ်မဟုတ်လား၊ အဲဒါဦးဝေလင်းတို့နဲ့ ပတ်သက်နေမလားလို့"

ကျော်ကျော်က စဉ်းစားဟန်ဖြင့် တစ်ချက်တွေသွားသည်။

"တပ်အပ်တော့ မပြောနိုင်ဘူး ကိုဇော်၊ ကိုထွန်းအောင် အသတ်ခံရတဲ့ညက ဟိုအိမ်မှာပဲ ညဦးပိုင်းဆွေးနွေးခဲ့ကြတယ်၊ ဩော်... တစ်ခုပြောဖို့မေ့နေတယ်၊ ကိုထွန်းအောင်က ပြောတယ်၊ နဂါးနက်အဖွဲ့နဲ့ ပျဉ်းမမြိုင်နဲ့အဆက်အစပ်ရှိမယ်လို့ ခန့်မှန်းတယ်"

"အဲဒီစကားကို ဦးဝေလင်းတို့ရှေ့မှာ ပြောခဲ့တာလား"

"မဟုတ်ပါဘူး၊ ကျွန်တော် တစ်ယောက်တည်းကိုပဲ ပြောတာပါ၊ သူက ဟိုမျှော်စင်ကို ဝင်ကြည့်ရင် ကောင်းမယ်လို့ ပြောတယ်၊

www.burmeseclassic.com



အဲဒီညမှာ သူ့အသတ်ခံရတယ်"

အောင်ဇော်မင်းက စကားကို မဆက်တော့ဘဲ လမ်းဘေးဝဲယာကိုသာ ဂရုတစိုက်ကြည့်နေသည်။ ချုံများ၊ တောအုပ်ကလေးများ၊ အနီးသို့ရောက်သောအခါ ကားကို သတိဖြင့်မောင်းရင်း ပခုံးစလွယ်အိတ်ထဲမှ သေနတ်ကိုပေါင်ပေါ်တင်ထားလိုက်သည်။

ရေပူစမ်းသို့ရောက်သောအခါကားကို အရိပ်ရသောနေရာတွင် ထိုးရပ်လိုက်သည်။ ရေပူစမ်းဝန်းကျင်တွင် လူသူကင်းရှင်းနေသောကြောင့် စိတ်လွတ်လပ်စွာ ကားပေါ်မှ ဆင်းခဲ့သည်။

"ရေချိုးမယ် မဟုတ်လားကိုဇော်.."

"ချိုးမယ်ကျော်ကျော်၊ တစ်ယောက်တစ်လှည့်ချိုးရအောင်"

အောင်ဇော်မင်းက ပြောပြောဆိုဆို ရေထွက်ပေါက်မှထွက်နေသောအငွေ့တထောင်းထောင်းထနေသည့် ရေပူကိုမြောင်းသွယ်၍ ရေအေးချောင်းသို့ ပေါင်းဆုံစီးဝင်စေသော ရေချိုးဆိပ်သို့ဆင်းလိုက်သည်။

ရေထဲသို့ဆင်းလိုက်သည်နှင့် သူ့တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားသည်။ ကန့်ဓာတ်ပါသော ရေပူစမ်းမှ ကန့်နံ့သင်းသင်းရနေသည်။

အောင်ဇော်မင်း ရေချိုးအဝတ်အစားလဲပြီး ကားရပ်ထားရာသို့လျှောက်ခဲ့သည်။



"ကဲ...ကျော်ကျော်... ချိုးတော့၊ ကျွန်တော်စောင့်မယ်"

အောင်ဇော်မင်းက ကျော်ကျော်ကိုပြော၍ လက်လှမ်းမှီသော သစ်ကိုင်းတစ်ကိုင်းကိုခုန်ဆွဲပြီး ကိုယ်ကိုလွှဲပြီး သစ်ပင်ပေါ်တက်လိုက်သည်။ သစ်ပင်ပေါ်မှနေ၍ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်နေသည်။ အန္တရာယ်အရိပ်ကို မမြင်ရပေ။ ကျော်ကျော် သစ်ပင်အောက်သို့အရောက်တွင် အောင်ဇော်မင်း ခုန်ဆင်းလိုက်သည်။

"ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲကိုဇော်"

"ပြန်မယ်၊ အပြန်မှာ ခင်ဗျားပဲ ကားမောင်းနော် ကျော်ကျော်"

ကျော်ကျော်က အောင်ဇော်မင်း၏ အပြောကြောင့် ကားမောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။ ရေပူစမ်းမှ ကားကိုမောင်းထွက်ခဲ့သည် အထိ ရှင်းရှင်းလင်းလင်း အေးချမ်းနေသည်။

ရေပူစမ်းမှ တစ်မိုင်ခန့်အကွာတွင် ရှေ့ဆီမှ အပြင်းမောင်းလာသော ကားနက်ကြီးတစ်စီးက သူတို့ကို ကျော်ဖြတ်သွားသည်။ ထိုနောက်တွင် သူတို့ကိုကျော်လွန်၍ ခပ်ဝေးဝေးသို့ရောက်သွားသော ကားနက်ကြီး ပြန်လှည့်လာသည်ကိုမြင်ရသည်။

"နောက်ကကား ပြန်လှည့်လာပြီ ကျော်ကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမှာလည်းတစ်စီး"

"နစ်ဖက်ညှပ်မယ့်ပုံပဲ"

အောင်ဇော်မင်းက သေနတ်ကို ထုတ်၍ မောင်းတင်လိုက်သည်။

"နောက်ကားကိုကျွန်တော်ရှင်းမယ်၊ ခင်ဗျားရှေ့ကကားကို ကြည့်ရှောင်"

"စိတ်ချ ကိုဇော်"

အောင်ဇော်မင်းက ကားပြတင်းမှလက်ထုတ်၍နောက်ကားဆီသို့ သေနတ်ဖြင့် ချိန်ရွယ်လိုက်သည်။ ထိုစဉ်မှာပင် နောက်ကားဆီမှ သေနတ်သံတစ်ချက်ပေါ်လာသည်။

အောင်ဇော်မင်းက နောက်ကားဘီးကို ချိန်၍ ကျည်ဆံသုံးတောင့်ဆက်တိုက်ပစ်လိုက်သည်။ အရှိန်ပြင်းစွာမောင်းလာသော နောက်မှကားလမ်းဘေးသို့ထိုးဆင်းသွားမှပြီး၍ရှေ့ဘက်သို့မျက်နှာလှည့်လိုက်သည်။

ရှေ့ကားသည်လည်းအလွန်နီးကပ်သော အနေအထားသို့ ရောက်နေပြီ။သေနတ်ပြောင်းဝမည်းမည်းကိုမြင်နေရပြီ။အောင်ဇော်မင်းသည် သေနတ်ကို ကိုင်ထားလျက်နှင့် ကားဒက်၍ ဘုတ်ပေါ်မှ





ခလုတ်နီကလေးကိုနှိပ်လိုက်သည်။သေနတ်သံ ဆူညံစွာ ပေါ်လာပြီး ရှေ့မှကားနက်ကြီး လမ်းဘေးသို့ ထိုးဆင်းသွားသည်ကို မြင်လိုက်ရသည်။

ကျော်ကျော်က ကားနက်ကြီးကို လျင်မြန်စွာကျော်ဖြတ်ပြီး အောင်ဇော်မင်းဘက်သို့အံ့အားတသင့် လှည့်ကြည့်လိုက်သည်။

"ကားရှေ့မှာလည်း သေနတ်ရှိတယ်လေ"

"နောက်ကြောင်းပြန်လှည့်မလားကိုဇော်"

"သူတို့က အင်အားများတယ်၊ ကားတစ်စီးမှာ အနည်းဆုံး ငါးယောက်၊ ဆယ်ယောက်နဲ့နှစ်ယောက်ယှဉ်တာ မိုက်မဲတာဖြစ်မယ်"

"အိုကေ... ဒါဆိုရင် မြို့င်သာအရောက်မောင်းရတာပေ့ါ"

"ဒါပေ့ါ..."

အောင်ဇော်မင်းက ခပ်နောက်နောက်ပြောပြီး ကားကက်ဆက်ခလုတ်ကိုနှိပ်လိုက်သည်။ သီချင်းသံတိုးတိုးလေးပေါ်လာသည်။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အောင်ဇော်မင်းတို့ နီလာဟိုတယ်သို့ ပြန်ရောက်ချိန်တွင် မျက်နှာချင်းဆိုင်မှမြိုင်သာဟိုတယ်အပေါ်ဆုံးထပ်အခန်းကျယ်ကြီးတွင်တယ်လီဖုန်းခေါင်းလောင်းသံမြည်လာသည်။

သပ်ရပ်စွာအဆင့်မြင့်မြင့်ပြင်ဆင်ထားသောအခန်းကျယ်ကြီးတွင်တယ်လီဖုန်းအတန်ကြာမြည်နေသည်။ ထိုအခန်းကျယ်ကြီးနှင့်ဆက်ရက်ဖြစ်သောအခန်းတံခါးပွင့်လာပြီးလူတစ်ယောက်ထွက်လာကာဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟလို...ပြောပါ"

"ဆရာကြီးလား၊ ကျွန်တော်မြတ်ကျော်ပါ"





"အေး...ကိုစွအောင်မြင်သလား"

"ဟို...ဟို..."

"ဘာလဲ...လွတ်သွားပြီလား"

"ဒီကောင်က လျင်တယ်ဆရာ၊ ကားနှစ်စီး ညှပ်တိုက်တာ တောင်ကျွန်တော်တို့ဘက်က သုံးယောက်ကျသွားတယ်"

"တောက်.."

ဆရာကြီးဆိုသူ ၏မျက်နှာမှာ တင်းမာသွားပြီး တောက်တစ်ချက်ခေါက်လိုက်သည်။

"မင်းတို့အခု ဘယ်ကဖုန်းဆက်နေတာလဲ"

"မြို့ပြင်ကပါ"

"ကောင်းပြီ... မင်းတို့ လူစုခွဲပြီးပြန်ကြတော့၊ မနက်ဖြန်မှတွေ့မယ်"

"ဟုတ်ကဲ့ဆရာကြီး"

"ဩော်..ဟော့... ငါ အသုံးလိုရင် အသင့်သင့်ဖြစ်နေအောင်နေနော်..ဒါပဲ.."

ဆရာကြီးဆိုသူက တယ်လီဖုန်းကို ပြန်ချလိုက်ပြီး တယ်လီဖုန်းတင်ထားသောစားပွဲကျယ်ကြီးနောက်သို့ဝင်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစဉ်အခန်းတွင်းစကားပြောစက်မှအသံမြည်လာသည်။

"ပြောဟော့.."

"ဟိုကောင်တွေသူတို့အခန်းပြန်ရောက်နေပြီဆရာကြီး"

"အေး..."

"သူတို့ပြောဆိုသံတွေကို ဆရာကြီးနားထောင်မလား

ကျွန်တော်ဆက်ပေးမယ်"

"ကဲ...ဆက်စမ်း၊ ငါနားထောင်မယ်"

အခန်းထဲမှ လူပ်ရှားသံများ ပေါ်လာသည်။ ပန်းကန်သံ

တစ်စုံတစ်ရာကို ပန်းကန်ထဲလောင်းထည့်လိုက်သောအသံများ

အတိုင်းသားကြားနေရသည်။

"တော်တော်အတင့်ရဲတဲ့ကောင်တွေပဲ၊ ကျွန်တော်တို့

စောင့်ကြည့်နေတာ မှန်တာပေါ့"

"ဟုတ်တယ်ဗျ၊ ကိုဇော်ရဲပွဲဦးထွက်လက်ရာကိုမြည်းလိုက်

ရလို့ တော်တော်အရသာရှိသွားမှာပဲ"

ဆရာကြီးအံကိုတင်းတင်းကြိတ်လိုက်သည်။

"ကဲ...ကျော်ကျော်... လက်ဖက်ရည်သောက်မလား

ကျွန်တော်ကတော့ ကျကျပဲကြိုက်တယ်ဗျ"





"ဒါထက်ကိုဇော်....ရစ်သားဟင်းစားဘူးလား"

"ရစ်သား...ဟင်းအင်း...မစားဖူးဘူး၊ ဘယ်လိုနေလဲဗျ"

"ရစ်သားက ကြက်သားလိုပဲ၊ ဒါပေမယ့် ပိုပြီးနူးညံ့တယ်၊

ဒီမှာတော့ မြိုင်သာဟိုတယ်က ရစ်သားဟင်းအကောင်းဆုံးပဲဗျ"

"ဟုတ်လား"

"ရစ်သားဟင်းတင်မကဘူး၊ မြိုင်သာမှာ အရက်မျိုးစုံလည်း

ရတယ်၊ ပြီးတော့ တီးဝိုင်းကလည်းကောင်း၊ အဆိုတော်တွေကလည်း

ရှိတယ်၊ မိုမို့စံဆိုရင် အရမ်းတော်တာ၊ ကိုဇော်မြင်ရင် သိပ်သဘောကျ

သွားမှာ"

"ညွှန်းလှချည်လားဗျ"

"တော်လို့ပါဗျား၊ မြိုင်သာဟိုတယ် နာမည်ကြီးတာ သူ့အစွမ်း

သည်းပါတယ်ဗျ"

"ခင်ဗျားပြောတာနဲ့ ကျွန်တော် စိတ်ဝင်စားလာပြီ၊ ဒီလိုလုပ်

ဗျာ၊ ကျွန်တော်တို့ညစာကို မြိုင်သာမှာ စားလိုက်ကြရအောင်"

"ကောင်းပါပြီဗျာ"

"ဘယ်အချိန်သွားမလဲဗျ"

"ခုနစ်နာရီခွဲလောက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ..."

ဆရာကြီးဆိုသူက ခလုတ်ကိုချောက်ခနဲ ပိတ်လိုက်သည်။ ပြီးတယ်လီဖုန်းဆက်သည်။

"ဟလို..."

"မြတ်ကျော်လားဟေ့"

"ဟုတ်ကဲ့ဆရာကြီး"

"မင်းတို့သုံးယောက် ဒီည ခြောက်နာရီအရောက်လာရမယ် အကောင်းဆုံးလူတွေကို ရွေးလာခဲ့"

"ဟုတ်ကဲ့"

"ဒီတစ်ခါ အောင်မြင်အောင်လုပ်၊ ဒါမှ မင်းတို့အပြစ်က သ… သာမယ်"

"ဟုတ်ကဲ့"

ဆရာကြီးက ဖုန်းခွက်ကို ပြန်ချထားပြီး ခလုတ်တစ်ခု… နှိပ်လိုက်သည်။

"တင်အေးကို လွှတ်လိုက်စမ်း"

"ဟုတ်ကဲ့..."

ဆရာကြီး ဆံလည်ကုလားထိုင်တွင် သက်သောင့်သက်သ…





ပြန်ထိုင်လိုက်သည်။ ခဏအကြာတွင် တစ်ဖက်ခန်းတံခါးပွင့်လာပြီး လူရွယ်တစ်ယောက်ဝင်လာသည်။ ဆရာကြီးထိုင်နေသော စားပွဲ အနားတွင် ခပ်ယို့ယို့ရပ်နေသည်။

"တင်အေး"

"ခင်ဗျာ..."

"နီလာဟိုတယ်ကိုရောက်လာတဲ့ ပါဂျရိုးကားနဲ့လူကို မင်း မြင်ဖူးလား"

"ဟုတ်ကဲ့ မြင်ဖူးပါတယ် ဆရာကြီး"

"အေး...ညနေကျရင် သူနဲ့လူတစ်ယောက်နဲ့ ဒီကိုလာလိမ့် မယ်၊ မင်းက သူတို့ကို နံပါတ် (၁၀) စားပွဲမှာ နေရာချပေး...ဟုတ်လား"

"ဟုတ်ကဲ့ ဆရာကြီး"

"အေး...ဒါပဲ...မင်းသွားနိုင်ပြီ"

တင်အေး ခပ်ယို့ယို့ပင် ဆရာကြီးရှေ့မှထွက်သွားလေသည်။ …ညဦးပင် အင်တာကွန်းမှ အသံပြည်လာသည်။

"ဆရာကြီး သုံးနာရီထိုးပါပြီ"

"အေး... သတင်းနားထောင်ရမယ်"

ဆရာကြီးက အခန်းထောင့်ရှိ ဗီရိုနားသို့လျှောက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဗီရိုနောက်သို့လက်နှိုက်လိုက်သည်။

ဗီရိုရွှေ့သွားပြီး တံခါးပေါက်ပေါ်လာသည်။ ဆရာကြီး တံခါးပေါက်မှနေ၍အခန်းတွင်းသို့ လှမ်းဝင်လိုက်သောအခါ ဗီရိုပြန်ရွှေ့ပြီး တံခါးပြန်ပိတ်သွားသည်။

အတွင်းခန်းသည် ကွန်ပျူတာခန်းဖြစ်ပြီး ကွန်ပျူတာတစ်လုံး ရှေ့တွင် လူရွယ်တစ်ယောက် နားကြပ်နှင့်အလုပ်ရှုပ်နေသည်။

"ရပြီလား"

လူရွယ်က ခေါင်းညိတ်ပြီး နားကြပ်ကို ဆရာကြီးကို ပေးလိုက်သည်။ နားကြပ်ကိုတပ်ပြီးသည်နှင့် လူရွယ်က ဆရာကြီးရှေ့တွင် ကင်မရာအသေးလေးကို တပ်ဆင်ပေးသည်။ ဆရာကြီးက ကွန်ပျူတာခလုတ်များကိုနှိပ်လိုက်သည်နှင့် တစ်ဖက်မှ ရုပ်ပေါ်လာပြီး စကားစပြောသည်။

"ရဲမြင့်"

ဆရာကြီးက နားကြပ်နှင့်ဆက်လျက် စကားပြောခွက်မှ ပြန်ပြောသည်။ ဆရာကြီးဆိုသူက ဆရာဟုပြန်ခေါ်နေရသည့် လူကြီး၏ပုံမှာလည်း ကွန်ပျူတာတွင် မြင်နေရသည်။

"ဟုပ်ကဲ့ပြောပါဆရာ"





"မင်းတို့ကိုနိုင်းတဲ့ကိစ္စနှစ်ခုရှိပြီ၊ မအောင်မြင်ဘူးနော်"

ရဲမြင့် မျက်လုံးပြူးသွားသည်။

"မင်း မျက်လုံးပြူးမနေနဲ့၊ အခုနောက်ဆုံးအကြိမ်အဖြစ် ကြိုးစားပါ"

"ဟုတ်ကဲ့ဆရာ၊ ဒီကောင်က သိပ်လျင်လို့ ကျွန်တော်တို့လူ သုံးယောက် ထိသွားပါတယ်"

"အေး...အခုနောက်ဆုံးအကြိမ်အဖြစ် ကြိုးစားပါ၊ အဲဒါမှ အောင်မြင်ရင် အပြစ်ရှိတယ်ဆိုတာ မင်းသိတယ်နော်"

"ဟုတ်ကဲ့၊ အခုညမှာ ကျွန်တော် အစီအစဉ်တစ်ခု လုပ်ထားပါတယ်"

"ပြောစမ်း"

"အောင်ဇော်မင်း ဒီည မြို့င်သာဟိုတယ်ကိုလာမယ်လို့သိရပါတယ်၊ သူ့ကိုဒီညရှင်းမှာပါ"

"အေး...ကောင်းတယ်၊ ပိရိပါစေ၊ ဘယ်သူ့ကို နိုင်းမလဲ"

"မြတ်ကျော်ကိုပါ"

"ကောင်းပြီ၊ မနက်ဖြန်စခန်းသုံးမှာအဖွဲ့ဝင်တွေအားလုံး ဆုံမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆရာ"

"ရဲမြင့်"

"ဟုတ်ကဲ့.."

"အောင်ဇော်မင်းကို မိရင် ဘာမှ မလုပ်နဲ့၊ မို့မို့စံနဲ့တွေ့ပေးလိုက်"

"ဟုတ်ကဲ့"

"သူတို့နဂါးနက်အဖွဲ့နဲ့ပတ်သက်ပြီး ဘယ်လောက်သိထားတယ်ဆိုတာ ငါသိချင်တယ်၊ နောက် ငါးရက်ထိ ဒီအကောင့်နဲ့ပဲ ဆက်သွယ်မယ်"

"ဟုတ်ကဲ့.."

"ဒါပဲ...အောင်မြင်အောင်လုပ်"

တစ်ဖက်မှ အသံပျောက်သွားသည်နှင့် ရဲမြင့်ဆိုသော ဆရာကြီးသည် နားကြပ်ကိုဖြုတ်ပြီး ကွန်ပျူတာကိုပိတ်လိုက်သည်။

"ပြီးပြီလား ဆရာကြီး"

"အေး...မို့မို့စံကို ငါ့အခန်းထဲလာခဲ့ဖို့ပြောလိုက်"

"ဟုတ်ကဲ့ဆရာကြီး"

ရဲမြင့် ပြုံးရင်း အခန်းထဲမှ ထွက်လိုက်သည်။ ဝင်စဉ်ကလိုပဲ





ဒီရိုကိုပြန်ပိတ်ပြီးအခန်းထဲမှ ထွက်ခဲ့သည်။

သူ့ရုံးခန်းတွင်းသို့ ရောက်သောအခါ စားပွဲရှေ့ကုလားထိုင်တွင် မိန်းကလေးတစ်ယောက်ထိုင်နေသည်။

ကုလားထိုင်ပေါ်တွင် ခပ်မတ်မတ်ကလေးထိုင်နေပြီးကြက်သွေးရင့်ရောင်ထမီ အဝါရောင်လွှင်လွှင် ဇာအကျီတို့က ဖြူစင်သော အသားကိုပို၍ပေါ်လွှင်စေသည်။

သူက မို့မို့စံ ပင်ဖြစ်သည်။

❤ ❤

www.burmeseclassic.com

## အခန်း (၈)

မြိုင်သာညသည် မာကျူရီမီးရောင်များဖြင့် လင်းလက်လှပနေသည်။ အောင်ဇော်မင်းက လင်းလက်နေသော မီးရောင်အောက်တွင် လှပ်ရှားစည်ကားနေသော လမ်းမကို ငုံ့ကြည့်နေသည်။

လမ်းမကို ငုံ့ကြည့်နေရင်းမှ မျက်နှာချင်းဆိုင်တွင်ရှိသော မြိုင်သာဟိုတယ်ကိုလှမ်းကြည့်လိုက်သည်။

မီးရောင်စုံများ ထိန်လင်းနေသော ဟိုတယ်၏ ဒုတိယထပ်တွင် စားသောက်နေသူများနှင့်ပြည့်နေသည်။

တတိယထပ်တွင်လည်း မီးရောင်ကိုတွေ့ရသည်။ သို့သော် ထိုအထပ်က သီးသန့်ကျသည်။ မြိုင်သာကလပ်၏မန်ဘာများသာဝင်





ရောက်ခွင့်ရသည်။ အပေါ်ဆုံးထပ်တွင် မီးရောင် ကွက်တိကွက်ကျားသာတွေ့ရသည်။ ကျော်ကျော်ပြောပြချက်အရ ရုံးခန်းဖြစ်ကြောင်း အောင်ဇော်မင်းသိရသည်။

ပြီးမြိုင်သာဟိုတယ်နှင့် ဆက်လျက် မျှော်စင်ကိုလှမ်းကြည့်လိုက်သည်။ မျှော်စင်သည် တိုက်နှင့်တစ်ညီတည်းဖြစ်သည်။ သူနှင့်ညီအစ်ကိုလို တရင်းတနှီးရှိသူမှာ ထိုမျှော်စင်အောက်တွင် အသက်ပျောက်ခဲ့ပြီဖြစ်သည်။

အောင်ဇော်မင်း ဝရန်တာလက်ရန်းကိုမှီထားရာမှ လှုပ်ရှားသော စိတ်ကို ထိန်းလိုက်သည်။ ထိုစဉ်မှာပင် တံခါးခေါက်သံပေါ်လာသည်။ အောင်ဇော်မင်း တံခါးကိုဖွင့်လိုက်သည်။ ကျော်ကျော်ကိုတွေ့လိုက်ရသည်။

"အဆင်သင့်ပဲလား ကိုဇော်"

"အဆင်သင့်ပါပဲ၊ အထဲကိုဝင်ပါဦး၊ ဆွေးနွေးစရာရှိလို့"

ကျော်ကျော်က အခန်းထဲဝင်ပြီးမှ ပန်းအိုးကို လက်ညှိုးထိုးလိုက်သည်။

"ကိစ္စမရှိဘူး၊ ဖြုတ်ထားလိုက်ပြီ၊ ပြော်... ဒါနဲ့ ခင်ဗျား ဦးဝေလင်းနဲ့ တွေ့ခဲ့သေးသလား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပါတယ်၊ ဒါပေမယ့် ဟိုကိုသွားမယ့်အကြောင်းတော့ အသိမပေးလိုက်ဘူး"

"ဖုံးမထားပါနဲ့၊ သူတို့ကို အသိပေးရမှာပေါ့၊ တစ်ဖက်က လူတွေကိုတောင် သိအောင်ပြောခဲ့သေးတာပဲ"

"ဒီလိုဆိုရင် ကျွန်တော် ဟန်းဖုန်းနဲ့ဆက်လိုက်ရမလား"

"မဆက်နဲ့၊ သူတို့ ရန်ကုန်နဲ့ ဘယ်အချိန်ဆက်သွယ်လဲ"

"ခုနစ်နာရီခွဲလောက်မှာပါ"

အောင်ဇော်မင်း ရုတ်တရက် ထရပ်လိုက်ပြီး လက်မှ နာရီကို ကြည့်လိုက်ပြီး သော့သီးကို ဆွဲလိုက်သည်။ နာရီမှာ တတီတီမြည်သံ ပေါ်လာသည်။

"မြိုင်သာဌာနခွဲ...နီလာခေါ်နေတယ်..."

"နီလာလား...မြိုင်သာ ကြားတယ်"

"နီလာမှ မြိုင်သာသို့...ဒီည မျှော်စင်ဘေးကိုပေါ်မယ်"

"မြိုင်သာ နားလည်ပြီ"

"မြိုင်သာ အစီအစဉ်လုပ်ပါ၊ ရှစ်နာရီခွဲ ဆက်သွယ်မယ်၊ အဆက်အသွယ်မရရင် မျှော်စင်ဘေးကိုစီးပါ"

"နီလာ...မြိုင်သာနားလည်ပြီ"





"မြိုင်သာ...ဒါပဲ"

အောင်ဇော်မင်း က နာရီသော့သီးကို ပြန်တပ်ပြီး လက်တံများကို ရွှေ့လိုက်သည်။

"ခင်ဗျားနာရီ ခုနစ်နာရီခွဲပြီလားကျော်ကျော်"

"တစ်မိနစ်ပဲလိုတယ်"

အောင်ဇော်မင်း နာရီကိုရွှေ့လိုက်ပြီး ကျော်ကျော်ရှိရာ သို့လျှောက်လာသည်။

"ခင်ဗျားမှာ အကာအကွယ်ပါရဲ့လားကျော်ကျော်"

"ပါပါတယ်"

ကျော်ကျော်က သူ့ဘယ်ဘက်ရင်ဘတ်အောက်ကို ပုတ်ပြလိုက်သည်။

"ကျွန်တော်တို့တော့ မိုက်မိုက်ကန်းကန်း ထောင်ချောက်ထဲ ဝင်တိုးရမှာပဲ"

"ဒါပေါ့...ဒီအတွက် တုန်လှုပ်စရာမလိုပါဘူး"

"မြိုင်သာက ထင်တဲ့အတိုင်း အရေးပါနေလို့တော်သေးတာပေါ့၊ နို့မို့ဆိုရင် ခြေရာပျောက်သွားဦးမယ်"

အောင်ဇော်မင်းက သေနတ်ကို ထုတ်ယူ၍ ကျည်ဆံကို စစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးရင်းမှပြုံးလိုက်သည်။

"မြိုင်သာဟိုတယ်က သူတို့ရဲ့တံခါးပေါက်ပဲ၊ ဟောဒီက မိုက်ခရိုဖုန်းကြိုးက ဘယ်ကိုရောက်သွားလဲသိလား။ ဝါယာကြိုးကနေပြီး လမ်းမှာထွန်းထားတဲ့ မာကျူရီမီးအတိုင်း မြိုင်သာဟိုတယ်ကို ရောက်သွားတာဗျ"

"ဟုတ်လား"

"အဲဒါအဖြေပဲ၊ ကဲ...ကျွန် ဒတ်တို့သွားကြရအောင်"

အောင်ဇော်မင်းက ကျော်ကျော်ကိုပြောပြီး တံခါးကိုအသေအချာပိတ်ကာ အခန်းထဲမှ ထွက်ခဲ့သည်။

"မို့မို့စံက တော်တော်လှသလားဗျ"

"ကိုဇော်က အဲဒါကိုသတိရနေတာကိုး"

"ရတာပေါ့ဗျာ၊ နေ့ခင်းက ခင်ဗျားပြောထားတာလေ"

"တကယ်ဟုတ်မဟုတ် ဟိုရောက်ရင် သိရမှာပေါ့ဗျ"

အောင်ဇော်မင်း နှင့်ကျော်ကျော်တို့ ဘေးချင်းယှဉ်လျှောက်ရင်း ကတ္တရာလမ်းကို ဖြတ်ကာ မြိုင်သာဟိုတယ်ထဲသို့ ဝင်လိုက်ကြသည်။ စားသောက်ခန်း၊ ဘားခန်းကို ကျော်ဖြတ်ပြီး ဒုတိယထပ်သို့ တက်ခဲ့ကြသည်။





ဒုတိယထပ်တွင် လူများပြည့်နေသည်။ အောင်ဇော်မင်း တို့ ထိုင်ရန် စားပွဲရှာနေစဉ် စားပွဲထိုးအနားသို့ရောက်လာသည်။

"ဆရာတို့ ဟိုမှာ စားပွဲလွတ်ရှိပါတယ်၊ ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ"

အောင်ဇော်မင်းက ခေါင်းညိတ်ပြီး စားပွဲထိုးနောက်သို့လိုက်သွားသည်။ စားပွဲထိုးက အင်္ဂလိပ်လို တစ်ဆယ်ဟုရေးထိုးထားသော စားပွဲတွင် အောင်ဇော်မင်း တို့ကိုနေရာချပေးသည်။

"ဆရာတို့ ဘာသုံးဆောင်မလဲခင်ဗျာ"

စားပွဲထိုးပေးသော မီနူးကတ်လေးကိုကြည့်ပြီး ရစ်သားနှင့် အခြားဟင်းလျာများကို မှာလိုက်သည်။

ဒုတိယထပ် ထက်ဝက်ခန့်ကို စားသောက်ဆိုင်အဖြစ် ပြင်ဆင်ထားပြီး စားသောက်ခန်းနှင့် တွဲလျက်တွင် စင်မြင့်နှင့် တီးဝိုင်းရှိသည်။ တီးဝိုင်းတွင် လူစုံနေပြီဖြစ်သော်လည်း စတင်တီးမှုတ်ခြင်း မရှိသေး။ ထိုကောင်တာနောက်တွင် အနောက်တိုင်းဝတ်စုံနှင့် သန့်ပြန့်သားနားသော လူတစ်ယောက်ထိုင်နေ၏။

"ကောင်တာနောက်က အညိုနောင် ဆုနဲ့လူက ကိုရဲမြင့်ပဲ၊ မြိုင်သာဟိုတယ် ပိုင်ရှင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးပြောလိုက်သော ကျော်ကျော်၏ စကားကြောင့် အောင်ဇော်မင်း က ကောင်တာနောက်တွင် ထိုင်နေသော အနောက်တိုင်းဝတ်စုံနှင့် ကိုရဲမြင့်ကို မသိမသာ လှမ်းကြည့်လိုက်ပြန်သည်။

ထိုအခိုက်မှာပင် တီးဝိုင်းမှ စတင်တီးမှုတ်လေသည်။ အောင်ဇော်မင်းနှင့်ကျော်ကျော်တို့သည်ရစ်သားဟင်းနှင့် စားသောက်နေကြသည်။ စားသောက်ခြင်းပြီးစီးသွားသောအခါ မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်နေသော တီးဝိုင်းမှ ရုတ်ခြည်းရပ်ဆိုင်းသွားသည်။

"ဧည့်သည်တော်များ မျှော်လင့်ထားတဲ့ မို့မို့စံ လာပါတော့မယ် ခင်ဗျား..."

အစီအစဉ် ကြေညာသံနှင့်အတူ လက်ခုပ်သံများပေါ်ထွက်လာသည်။ တီးဝိုင်းမှ တီးလုံးများသည် ညင်သာရာမှ တစ်စတစ်စ မြူးကြွလာသည်။ ထိုစဉ် ရုတ်တရက် တီးလုံးနှင့်တေးသံများ ရပ်ဆိုင်းသွားပြီး လင်းနေသောမီးများသည် ဖျတ်ခနဲ ငြိမ်းသွားသည်။

မီးရောင်ဖျတ်ခနဲ ပြန်လင်းသွားပြီး စင်ပေါ်တွင် မိန်းကလေးတစ်ယောက်ကိုတွေ့ရသည်။

"မင်္ဂလာပါရှင်... မို့မို့ကို အခုလိုအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"





မို့မို့စံက ပရိသတ်ကိုနှုတ်ဆက်ပြီး သီချင်းတစ်ပုဒ်စဆိုသည်။ အနက်ရောင်ဝတ်စုံနှင့် သူ့အသားဖြူဖြူလေးမှာ ဝင်းပနေသည်။

ဆွဲဆောင်မှုအရှိဆုံးမှာ မို့မို့စံ၏ မျက်လုံးပင်ဖြစ်သည်။ မျက်လုံးအစုံက အရည်လဲ့နေသည်။ အောင်ဇော်မင်း၏စိတ်အာရုံက သီချင်းသံတွင် နစ်မြောသွားပြန်သည်။ သီချင်းသံအဆုံးတွင် ရင်ထဲ၌ ဟာခနဲ ဖြစ်သွားသည်။

သီချင်းသံဆုံးသည်နှင့် မို့မို့စံက ဦးညွှတ်လိုက်သည်။ ထိုအခိုက်မှာပင် လင်းနေသောမီး ဖျတ်ခနဲ ငြိမ်းသွားသည်။

မီးငြိမ်းသွားသည်နှင့် သူတို့ထိုင်နေသောစားပွဲ သိမ့်ခနဲ ဖြစ်သွားသည်ကို အောင်ဇော်မင်း သတိထားလိုက်မိသည်။

လေ့ကျင့်ထားသော စိတ်ကို သတိပေးလိုက်သော်လည်း နောက်ကျသွားသည်။ တစ်ကိုယ်လုံး သိမ့်ခနဲဖြစ်သွားသည်။ သူတို့ ထောင်ချောက်အတွင်း မိသွားလေပြီ။ အောင်ဇော်မင်းသည် ခါးလွယ်အိတ်ထဲမှ သေနတ်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်သည်။ ပတ်ဝန်းကျင် တစ်ခုလုံး မှောင်မည်းနေသည်။

❤ ❤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

မီးပြန်လင်းလာသောအခါ ကုလားထိုင်များတွင်ထိုင်လျက် နှင့်အခန်းကျဉ်းလေးတစ်ခုထဲသို့ရောက်နေကြောင်း သတိပြုမိလိုက် ပြီး...အခန်းကျဉ်းလေး၏နံရံလေးဖက်စလုံးသည် ထူထဲခိုင်မာသော သံပြားများဖြစ်ပြီး ဓာတ်လှေကားနှင့်ဆင်ဆင်တူသည်။

အောင်ဇော်မင်းသည် သေနတ်ကိုင်ထားလျက် မျက်နှာ ချင်းဆိုင်တွင်ထိုင်နေသော ကျော်ကျော်ကိုလှမ်းကြည့်လိုက်သည် ကျော်ကျော်လက်ထဲတွင်လည်း သေနတ်ကိုကိုင်ထားသည်။

"အောင်ဇော်မင်း... မင်းလက်ထဲက သေနတ်ကိုချထား လိုက်ပါ။ နံရံလေးဖက်စလုံးက ခင်ဗျားတို့ကိုသေနတ်နဲ့ချိန်ထားတယ်"

အခန်းကျဉ်းလေးတွင် ပဲ့တင်ထပ်မှု ပေါ်လာသော အသံ



ကြောင့် အောင်ဇော်မင်း၏မျက်လုံးအစုံ နံရံလေးဖက်သို့ရောက်သွား မိသည်။ နံရံလေးဖက်စလုံး၌ အပေါက်များနှင့်အတူ သေနတ်ပြောင်း ဝများကိုတွေ့လိုက်ရသည်။

အောင်ဇော်မင်း၏မျက်နှာတွင် သိသာရှိသော လှုပ်ရှားမှု ဖြစ်ပေါ်သွားသည်။ သူ့ကဲ့သို့ နံရံလေးဖက်ကို ကြည့်နေသော ကျော်ကျော်ကို လှမ်းကြည့်လိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ပြီး လက်ထဲမှသေနတ်ကိုစားပွဲပေါ်သို့လှမ်းတင်လိုက်သည်။

"ဟုတ်ပြီ၊ ကျန်တဲ့တစ်ယောက်လည်း သေနတ်ကိုစားပွဲပေါ် တင်ပါ၊ ပြီးရင် ဘယ်ဘက်နံရံကို ကျောပေးပြီးထရပ်ပါ"

အောင်ဇော်မင်းနှင့် ကျော်ကျော် ထိုင်ရာမှထလိုက်ပြီး ဘယ် ဘက်နံရံသို့လျှောက်သွားကာ ကျောပေး၍ရပ်လိုက်သည်။

"ဟုတ်ပြီ၊ နောက်ကိုခြေနှစ်လှမ်းဆုတ်ပါ"

အောင်ဇော်မင်း နောက်သို့ မျက်လုံးဝေ့ပြီးကြည့်လိုက် သည်။ နောက်ဘက်နံရံသည် တံခါးပေါက်ဖြစ်နေပြီး ထိုတံခါးပေါက် မှာပွင့်နေသည်။

အောင်ဇော်မင်းက ဦးဆောင်၍ နောက်ဘက်သို့ ခြေလှမ်း နှစ်လှမ်းဆုတ်လိုက်သည်။ ထိုအခါ အခန်းအပြင်သို့ရောက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပွင့်နေသော တံခါးလည်း ပိတ်သွားသည်။

"ဟုတ်ပြီ။ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ပြီး မြှောက်ထား။ ပြီးတော့ နောက်ကိုလှည့်ပြီး စကြံလမ်းအတိုင်း လျှောက်လာခဲ့"

နံရံမှ ပုံ့လွင့်လာသော ညွှန်ကြားချက်အတိုင်း လျှောက်ခဲ့ပြီး အခန်းတစ်ခုအတွင်းသို့ ဝင်လိုက်သည်။ အခန်းထောင့် စားပွဲ တွင် လူတစ်ယောက် ထိုင်နေသည်။ ထိုသူက ရဲမြင့်ဖြစ်သည်။

ရဲမြင့်ကို ကြည့်နေရင်း အောင်ဇော်မင်း မျက်လုံးအစုံက အခန်းထဲ တွင်ရှိနေသော လက်နက်ကိုင်သုံးယောက်ကို လှမ်းမြင် လိုက်သည်။ သုံးယောက်အနက် အသားမည်းမည်း ကျော့ကပေါက်မ နှင့် လူကို အသေအချာ စိုက်ကြည့်လိုက်မိသည်။ လျှပ်တစ်ပြက် အတွင်း အောင်ဇော်မင်း မျက်နှာတွင် အပြုံးတစ်ရပ် ပေါ်လာသည်။

"နိုင်ငံကျော်များကို အခုလို လွယ်လွယ်လေး ဖမ်းနိုင်မယ် မထင်ခဲ့ဘူး။ ရှက်စရာကောင်းမယ် ထင်တယ်။ ထိုင်ပါ ကိုအောင်ဇော်မင်း"

"ခင်ဗျားရဲ့ ကြိုးဆိုပုံက လှပသေသပ်တယ် ကိုရဲမြင့်၊ ဒါပေမဲ့ ခင်ဗျား ဘာလို့ အခုလို လုပ်တယ်ဆိုတာ စဉ်းစားလို့ မရဘူး"

အောင်ဇော်မင်း ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက် သည်။ ကျော်ကျော်က လည်း ကုလားထိုင်ကို ပြောင်းပြန် ထား၍ ထိုင်လိုက်သည်။





"ကဲ... ကျွန်တော်တို့ ဟန်ဆောင်ထားတဲ့ မျက်နှာဖုံးတွေ ခွာ ပြီး အဓိကကျတဲ့ စကားတွေ ပြောရအောင် ကိုအောင်ဇော်မင်း"

"သြော်... ခင်ဗျားက ဟန်ဆောင်မျက်နှာဖုံးတပ်ထားလို့လား ကိုရဲမြင့်၊ ကျွန်တော်တော့ ဘာကိုမှ ဟန်ဆောင်နေစရာမလိုဘူး၊ ဟန်ဆောင်ရအောင်လည်း အကြောင်းမရှိဘူး"

အောင်ဇော်မင်းက ရယ်ရယ်မောမော နှင့် ပြောလိုက်သော် လည်း ရဲမြင့် မျက်နှာ တစ်ချက်ပျက်သွားသည်။

"ဒီမှာ ကိုအောင်ဇော်မင်း၊ ခင်ဗျားဟာ လျှို့ဝှက်ကိစ္စနဲ့ မြို့သာကို ရောက်လာတယ်ဆိုတာ ကျွန်တော်တို့ သိထားတယ်၊ ခင်ဗျား ဘာတွေ စုံစမ်းလို့ရသလဲဆိုတာကို အေးအေးသက်သာ မေးနေတုန်းမှာ ပြောပါ"

"ခင်ဗျားပြောတဲ့ စကားတွေကို ကျွန်တော် သဘောမပေါက် ဘူး ကိုရဲမြင့်"

"ကျွန်တော် စိတ်ရှည်ရှည်နဲ့ မေးတုန်းမှာ ဖြေပါ။ ဒီလိုမေးလို့ မရရင် ကျွန်တော် ရတဲ့နည်းနဲ့ မေးရလိမ့်မယ်"

"ကဲ... ကျွန်တော် ဘယ်သူလဲဆိုတာ သိပြီးတဲ့နောက်



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ လေကုန်ခံပြီးမေးနေရသေးသလဲကိုရဲမြင့်"

ရဲမြင့်က ဘာမှပြန်မပြောဘဲ အောင်ဇော်မင်းကိုကြည့်လိုက်သည်။

"မြတ်ကျော် ဘံခါးပေါက်နားသွားစောင့်"

လက်နက်ကိုင်(၃)ယောက်အနက် ဝင်လာကတည်းက အောင်ဇော်မင်း၊ သတိထားလိုက်မိသော မြတ်ကျော်က တံခါးဝသို့ လျှောက်သွားသည်။ ရဲမြင့်က စားပွဲပေါ်ရှိ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

"မို့မို့စံကိုလွှတ်လိုက်ပါ"

ရဲမြင့်ခေါ်သံကြောင့် အောင်ဇော်မင်း ရင်ထဲတွင် ထူးဆန်းသွားသည်။ မို့မို့စံကိုမျှော်နေရင်း သိသာရုံလှုပ်ရှားနေသောအဖြစ်ကို သတိပြုမိသွားသည်။

မို့မို့စံ ဘယ်သူ့ကိုမှ မကြည့်ဘဲ အခန်းထဲသို့ဝင်လာသည်။ အောင်ဇော်မင်းက မို့မို့စံဝင်လာကတည်းက စူးစိုက်ကြည့်နေသည်။

"လာထိုင် မို့မို့၊ နေ့ခင်းက ကိုယ်ပြောထားတဲ့ လူဟာသူပဲ၊ သူ့နာမည်အောင်ဇော်မင်း"

ရဲမြင့် ညွှန်ပြသောကုလားထိုင်တွင်ဝင်ထိုင်လိုက်ရင်းမို့မို့စံ





သည်ဖျတ်ခနဲ အောင်ဇော်မင်းကိုလှမ်းကြည့်လိုက်သည်။

အောင်ဇော်မင်း၏အကြည့်က ထူးခြားသော အဓိပ္ပာယ်တစ်ခုကိုယူဆောင်နေသကဲ့သို့ရှိသည်။

"ဖြန်း"

"အမေ့.."

အောင်ဇော်မင်း ထိုင်ရာမှထမိမလိုဖြစ်သွားသည်။ မို့မို့စံက ရိုက်ခံလိုက်ရသော ပါးပြင်ကို လက်ဝါးနှင့်အုပ်ရင်း ရဲမြင့်ဘက်သို့ ကြည့်ကြည့်လိုက်သည်။

"ရှင်ဘာလုပ်တာလဲ ကိုရဲမြင့်"

"မင်းကို...ဒီကောင့်ကိုကြည့်ဖို့ခေါ်လာတာမဟုတ်ဘူး၊ မင်းတာဝန်ကိုမင်းသိတယ်မဟုတ်လား။

မို့မို့စံက ရဲမြင့်ကို စူးစိုက်ကြည့်နေရာမှ မျက်နှာလွှဲလိုက်သည်။

"ကဲ...မို့မို့.... မင်းဝတ်ထားတဲ့ စိတ်ညှို့အဝတ်နဲ့ သူပြောတာတွေမှန်မမှန် စစ်ဆေးမယ်၊ ငါမေးခွန်းထုတ်မယ်၊ မင်းက သူပြောတာမှန်မမှန် ကြည့်ပေးဟုတ်ပြီလား"

"ကိုအောင်ဇော်မင်း၊ ခင်ဗျားကျွန်တော်တို့အကြောင်းသယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်သိထားပြီလဲ"

ရဲမြင့်က မေးခွန်းထုတ်နေစဉ် မို့မို့စံက အောင်ဇော်မင်းကို စူးစူးစိုက်စိုက်ကြည့်သည်။ မို့မို့စံ၏ အကြည့်တွင် အင်အားတစ်ရပ်ပါနေသည်။

"ကျွန်တော် ဘာမှမသိသေးဘူး"

"မှန်မှန်ပြော"

"ကျွန်တော်ပြောနေတာ အမှန်ပဲ"

"ခင်ဗျား တာဝန်နဲ့လာတာမဟုတ်လား"

"ဟုတ်တယ်... တာဝန်နဲ့လာတာ"

"ဘာတာဝန်လဲ"

"ခင်ဗျားသိဖို့မလိုဘူး"

"ဪ ...ဒီလိုလား၊ ကဲ... မို့မို့ ... သူ့ မပြောပြောအောင် လုပ်စမ်းပါ"

မို့မို့စံက သူ့ကိုကြည့်နေသည်။ မို့မို့စံ၏ မျက်လုံးအစုံမှာ ထူးခြားနေသည်။ တကယ်ပင် အင်အားတစ်ရပ်က သူ့ကိုလာရောက်စိုးမိုးနေသလို ခံစားနေရသည်။ သို့သော် မို့မို့စံက မျက်တောင်တဖျတ်ဖျတ်ခတ်လိုက်သောအခါ ညှို့ခံရသောအဖြစ်မှ လွတ်သွားသည်။





အောင်ဇော်မင်း သက်ပြင်းချလိုက်သည်။ မို့မို့စံ မျက်တောင်တဖျတ်ဖျတ်ခတ်နေသည်ကိုကြည့်၍ အောင်ဇော်မင်း သိသွားသည်။ သူ့ကို အချက်ပြနေခြင်းဖြစ်သည်။

"ကိုအောင်ဇော်မင်း.. မို့မို့ကို မိတ်ဆွေလို့မှတ်ပါ"

အောင်ဇော်မင်း၏ရင်မှာ လှုပ်ရှားသွားသည်။ မို့မို့စံကိုလည်း မျက်တောင်မခတ်တမ်းကြည့်နေမိသည်။

"ရှင်ပြောပါ၊ ရှင်ပြောတာကို သူတို့အမှန်လို့ယူဆကြလိမ့်မယ်"

အောင်ဇော်မင်းက နားလည်ကြောင်းခေါင်းညိတ်ပြသည်နှင့် မို့မို့စံ မျက်တောင်အခတ်ရပ်သွားသည်။

"ကိုအောင်ဇော်မင်း...ရှင် ကျွန်မမေးတာကို ဖြေရမယ်၊ ကြားလား၊ ဖြေရမယ်"

"ဟုတ်....ဟုတ်ကဲ့"

အောင်ဇော်မင်းကအသံကိုခပ်လေးလေးဆွဲပြီးပြောလိုက်သည်။

"ရှင်...မြို့သာကို ဘာလာလုပ်တာလဲ"

"ကျွန်တော် အလည်လာတာပါ"

"ရှင် အမှန်အတိုင်းပြောစမ်း၊ ပြောလေ.."

"ကျွန်တော်...တာဝန်နဲ့လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တာဝန် ဟုတ်လား... ဘာတာဝန်လဲ"

"အမှုတစ်ခုမှာ အလိုရှိနေတဲ့လူကိုလာရှာတာပါ"

"ဒါအမှန်ပဲလား"

"အမှန်ပါ"

"ကောင်းပြီ ဒါဆိုရင် ဒီမြို့သာပုံတယ်ကို ဘာလုပ်ဖို့လာတာလဲ"

"ထမင်းစားချင်လို့"

"ရှင်းရှင်းပြောစမ်း"

"ဒီမှာ ရစ်သားဟင်းကောင်းတယ်ဆိုလို့ ထမင်းစားဖို့လာတာပါ"

မို့မို့စံက အောင်ဇော်မင်းကိုမေးနေရာမှ ရဲမြင့်ဘက်သို့လှမ်းကြည့်လိုက်သည်၊ ရဲမြင့်က ခေါင်းညိတ်ပြလိုက်သောအခါ ထိုင်ရာမှ ထလိုက်သည်။

"ကဲ...ကိုရဲမြင့် ဘာဆက်လုပ်ပေးရဦးမလဲ"

"မလိုတော့ပါဘူး၊ သွားနိုင်ပြီ မို့မို့"

မို့မို့စံသည် အောင်ဇော်မင်းကို လှည့်မကြည့်တော့ဘဲ အခန်းထဲမှထွက်သွားသည်။ မို့မို့စံထွက်သွားသောအခါ အောင်ဇော်မင်း





ခုင်ထဲတွင် ဟာခနဲဖြစ်သွားသည်။

"ဟော့မြတ်ကျော်၊ ဒီလူနှစ်ယောက်ကိုအလုံခန်းထဲသွားထားလိုက်၊ ဘာဆက်လုပ်ရမလဲဆိုတာ နောက်မှစဉ်းစားမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

တံခါးဝတွင်ရပ်နေသော မြတ်ကျော်က လက်မှသေနတ်ကို အသင့်အနေအထားကိုင်ပြီး အခန်းထဲသို့လျှောက်လာသည်။

"ကိုအောင်ဇော်မင်း... ခင်ဗျားသူနဲ့ ကောင်းကောင်းမွန်မွန်လိုက်သွားပါ၊ ခုခံမယ်မကြံနဲ့၊ နံရံတွေမှာ စီစီတီဗီကင်မရာတွေရှိသလို သေနတ်ပြောင်းတွေလည်းရှိတယ်"

အောင်ဇော်မင်းထိုင်ရာမှထလိုက်သည်။

တစ်ချိန်လုံးမလှုပ်မယှက်ထိုင်နေသော ကျော်ကျော့ကို ခေါင်းညိတ်ပြလိုက်သည်။

❤ ❤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အောင်ဇော်မင်းနှင့်ကျော်ကျော်တို့ ဘေးချင်းယှဉ်၍ အခန်းထဲမှ ထွက်ခဲ့သည်။ စင်္ကြံလမ်းအတိုင်းလျှောက်ရင်း နံရံများကို မသိမသာကြည့်လိုက်သည်။ နံရံများတွင် စီစီတီဗီကင်မရာများ တပ်ထားသည်ကို သတိပြုမိသည်။ ထို့ပြင် နံရံတွင် သံဇကာကွက်များကိုလည်း သတိပြုမိလိုက်ပြန်သည်။

စင်္ကြံလမ်းမှ လမ်းချိုးလေးတစ်ခုသို့ရောက်သောအခါ မြတ်ကျော်က ချိုးကွေ့နိုင်းသည်။ ထိုလမ်းကလေးဆုံးသောအခါ အောင်ဇော်မင်းတို့ကို အခန်းတစ်ခန်းထဲသို့ ဝင်ခိုင်းလိုက်သည်။ အောင်ဇော်မင်းတို့ အခန်းထဲရောက်သောအခါ လက်နက်ကိုင်များ အပြင်ဘက်တွင်နေရစ်ပြီး အခန်းတံခါးကိုပိတ်လိုက်သည်။

အခန်းလေးသည် လေးဖက်လုံအခန်းဖြစ်ပြီး သံပြားထူ





များကာရံထားသည်။ အခန်းမျက်နှာကြက်တွင် မီးတစ်လုံးရှိပြီး သံဇကာကွက်တစ်ခုတွင် စပီကာတပ်ထားသည်ကိုတွေ့ရသည်။

"ကိုအောင်ဇော်မင်း အခန်းထဲမှာနေရတာ နည်းနည်းမွန်းနေမယ်ထင်တယ်၊ ကျွန်တော် လေပေါက်ဖွင့်ပေးပါ့မယ်"

စပီကာမှ ရဲမြင့်အသံပေါ်လာပြီး အခန်းနံရံတွင် အပေါက်သေးသေးလေးတစ်ပေါက်ပေါ်လာသည်။ ထိုအပေါက်မှ ရေများပန်းထွက်လာသည်။

"တစ်နာရီအတွင်း ခင်ဗျားတို့ရေကောင်းကောင်းကူးနိုင်ကြပါမယ်။ ခင်ဗျားတို့ကိုကြည့်ချင်ပေမယ့် ကျွန်တော့်မှာ ကိစ္စလေးတွေရှိလို့ ဆောရီးဗျာ၊ ကဲ...နှုတ်ဆက်ခဲ့ပါတယ်"

ရဲမြင့်အသံဆုံးသည်နှင့် အခန်းထဲ၌ လင်းနေသောမီးလုံး ချက်ခြင်းငြိမ်းသွားသည်။

"မီးငြိမ်းလိုက်တာကောင်းတယ်၊ စီစီတီဗီကင်မရာကနေ ကျွန်တော်တို့ကို မမြင်ရတော့ဘူး"

"ခင်ဗျားကကောင်းနေ၊ ဒီမှာ ဘာမှ မမြင်ရဘဲ ရေမွန်းသေတော့မယ်"

အောင်ဇော်မင်းက အင်္ကျီအိတ်ထဲမှ ဖောင်တိန်သဏ္ဍာန်



www.burmeseclassic.com

www.burmeseclassic.com



ကိရိယာလေးကို ထုတ်၍လှည့်လိုက်သည်နှင့်သေးငယ်အားကောင်းသော မီးအလင်းရောင်ပေါ်လာသည်။

"ကဲ… ကျော်ကျော်… စိုးရိမ်မနေနဲ့၊ မီးကိုင်ပေး၊ ကျွန်တော် တံခါးကိုဖောက်မယ်၊ ရေကျပုံက သိပ်မြန်တယ်၊ အချိန်သိပ်ရမှာ မဟုတ်ဘူး"

အောင်ဇော်မင်းက ပြောပြောဆိုဆို ကျော်ကျော့်ကို လက်နှိပ်ဓာတ်မီးပေးပြီး တံခါးပေါက်ဆီသို့လျှောက်သွားသည်။ တံခါးပေါက်ဆီသို့ရောက်သော အခါမီးရောင်ဖြင့် သော့ပေါက်ကို စစ်ဆေးလိုက်သည်။

အောင်ဇော်မင်းသည် ဂျာကင်အိတ်ထဲမှ ဂက်(စ်)မီးခြစ်ကို ထုတ်လိုက်သည်။ မီးခြစ်ကိုခြစ်လိုက်ပြီး ဂက်(စ်)ကို အမြင့်ဆုံးသို့ ရွှေ့လိုက်သည်။ မီးခြစ်အောက်ခြေမှ ခလုတ်ကိုနှိပ်လိုက်သောအခါ မီးခြစ်မှပြာလဲ့လဲ့မီးတန်းသည်အရှိန်ပြင်းစွာ ပန်းထွက်နေသည်။

အောင်ဇော်မင်းက သော့ပေါက်နေရာကို မှန်းဆပြီး သော့ပေါက် နှင့် တစ်ဆက်တည်း တံခါးရွက်အစပ်ကြားသို့ ဓာတ်ရွှေ မီးပြင်းထိုးလိုက်သည်။ ထိုအခါ တံခါးရွက်အစပ်တွင် အပေါက်ကလေးပေါ်လာသည်၊ သော့အိမ်နေရာကိုလှည့်ပတ်၍ မီးဖြင့်တ…





လိုက်သည်။ သုံးမိနစ်ခန့်အကြာတွင် တံခါးရွက်မှသော့အိမ်ပြုတ်ထွက်သွားသည်။

အောင်ဇော်မင်း… ဂက်(စ်)မီးခြစ်ကို အိတ်ထဲသို့ပြန်ထည့်လိုက်သည်။

"ကျော်ကျော်… ကျွန်တော့်ကိုဓာတ်မီးပေး"

"ကိုဇော်…ရေက ဒူးအထိရောက်နေပြီ"

"အပြင်ထွက်မယ်၊ အပြင်မှာ စောစောက သုံးကောင်ရှိသေးလား မသိဘူး၊ တံခါးကို ဆွဲဖွင့်လိုက်တာနဲ့ ရေတွေ အပြင်ကို ထွက်သွားမယ်၊ ဒီအတွက် ကြိုတင်ပြင်ဆင်ထား"

အောင်ဇော်မင်းက အမှောင်ထဲမှာပင် ကျော်ကျော့်ကို လှမ်းပြောပြီး ဂျာကင်ကြယ်သီးတစ်လုံးကိုလှည့်ဖြုတ်လိုက်သည်။ ပြီးတံခါးရွက်ကို ပခုံးစောင်းနှင့်တိုက်ပြီးအပြင်သို့ထွက်လိုက်သည်။

တံခါးအနီးတွင် ရပ်နေသော မြတ်ကျော်က အခန်းထဲမှ ခုန်ထွက်လာသော အောင်ဇော်မင်းကို အံ့အားတသင့်ကြည့်နေစဉ်မှာပင် အောင်ဇော်မင်းက လျှင်မြန်သွက်လက်စွာ လှုပ်ရှားလိုက်သည်။

မြတ်ကျော်ဆီသို့ ခုန်ဝင်ရင်း လက်ထဲမှကြယ်သီးကိုပြောင်းပေါက်ဆီသို့လှမ်းပေါက်လိုက်သည်။ တစ်ဆက်တည်းပင် မြတ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



၏လက်ကို လက်ဝါးစောင်းဖြင့်ရိုက်ချလိုက်ပြီး၊ ညာလက်မှ လက်သီး ဆုပ်သည်မြတ်ကျော်၏မျက်နှာဆီသို့ဝင်သွားသည်။

မြတ်ကျော် လဲကျသွားသည်နှင့်ပြတင်းပေါက်မှ ဂုန်းခနဲ မြည်သံ ပေါ်လာသည်။ အောင်ဇော်မင်း......မြတ်ကျော်လက်မှလွတ် ကျသွားသော သေနတ်ကိုကောက်ယူလိုက်သည်။ သူ့သေနတ်ဖြ သည်။ ပြီးနောက်ကျော်ကျော်ကို ခေါင်းညိတ်ပြပြီး သေနတ်ဒင်ဖြ မြတ်ကျော်နောက်စေ့ကိုရိုက်ချလိုက်သည်။

"လာ...ကျော်ကျော်၊ ပြတင်းပေါက်က ထွက်မယ်"

အောင်ဇော်မင်းပစ်လိုက်သော ကြယ်သီးဖုံးကြောင့် ပြတင် ပေါက် ဟင်းလင်းပွင့်နေသည်။ အောင်ဇော်မင်းက ပြတင်းပေါက် အပြင်သို့ခုန်ထွက်လိုကသည်။

"ကျော်ကျော်...မြန်မြန်လုပ်"

အောင်ဇော်မင်းက နောက်ဖေးလမ်းကြားသို့ပြေးဝင်ရင် ကျော်ကျော်ကို ပြောလိုက်သည်။ ထိုအချိန်မှာပင် ဖောက်ခနဲ မြည်သံ နှင့်သူ့ခြေထောက်နားမှမြေကြီးများဖွာခနဲဖြစ်သွားသည်။ အောင်ဇော် လျှင်မြန်စွာ တိုက်ဘေးသို့ပြေးကပ်လိုက်သည်။ အသံတိတ်ထ ယာတပ်ထားသောသေနတ်ဖြင့် ပစ်ခတ်သူသည်မြတ်ကျော်တို့





တစ်ယောက်ဖြစ်သည်။

ဟင်းလင်းပွင့်နေသောပြတင်းပေါက်တွင်ရပ်နေသော ထိုသူ့ ဆံသို့သေနတ်ဖြင့်ထိုးချိန်လိုက်ပြီး မောင်းကိုဖြည်းညင်းစွာ ညှစ်ချ လိုက်သည်။ ဒိုင်းခနဲမြည်သံနှင့်အတူ ထိုသူမှာ နောက်သို့လန်ကျသွား သည်။

"ကျော်ကျော်"

"ကျွန်တော်ရှိတယ်ကိုဇော်"

"ဒီဘက်ကိုပြေးလာ...မြန်မြန်..."

အောင်ဇော်မင်း၏ အော်သံအဆုံးတွင် ကျော်ကျော် ရောက်လာသည်။ ထိုအချိန်မှာပင် ရဲကား၏ ဥဩဆွဲသံကြားလိုက်ရ သည်။ နောက်ဖေးလမ်းကြားရှိမပီမသသော အလင်းရောင်အောက် တွင် အောင်ဇော်မင်း နှင့်ကျော်ကျော်တို့ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်၍ပြုံးလိုက်သည်။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မြိုင်သာမြို့အနောက်ဘက် နီဗွာန်လမ်းမှ ရှောင်ကျလှသော တိုက်အိုကြီးသည် ခါတိုင်းနှင့်မတူဘဲ ထူးခြားနေသည်။

မှောင်စပျိုးချိန်မှစ၍ လူနှစ်ယောက်တွဲ သုံးယောက်တွဲ တိုက်အိုကြီးရှိရာ ခြံဝင်းအတွင်းသို့ဝင်လာသည်။ ညရှစ်နာရီထိုးသောအခါ ကားတစ်စီး ခြံထဲသို့ ဝင်လာပြီး ကားပေါ်မှ ရဲမြင့် ဆင်းလာသည်။ ကားပေါ်မှ ဆင်း၍ တိုက်အိုကြီးထဲသို့ လှမ်းအဝင်တွင် အစောင့်တစ်ယောက်က ရဲမြင့်ကို မျက်နှာဖုံးတစ်ခု လှမ်းပေးသည်။ ရဲမြင့်က မျက်လုံးနေရာတွင် အပေါက်နှစ်ပေါက်ပါသော ခေါင်းစွပ်မျက်နှာဖုံးကို စွပ်ချလိုက်သည်။ မျက်နှာဖုံးက အနီရောင်ဖြစ်ပြီး နဖူးနေရာတွင် နဂါးရုပ်ပါသည်။ နဂါးရုပ်တွင် အင်္ဂလိပ်သုံးဂဏန်းကို အထင်အရှား





ရေးသားထားသည်။

တိုက်အိုကြီး၏ မီးလင်းနေသော အခန်းထဲသို့ လှမ်းဝင်လိုက်သောအခါ အခန်းထဲတွင် မျက်နှာဖုံးစွပ်လူတော်တော်များများရောက်နေပြီကိုတွေ့ရသည်။

အခန်းက အစည်းအဝေးခန်းပုံစံမျိုးပြင်ဆင်ထားပြီး အခန်းအလယ်တွင် ကုလားထိုင်များနှင့် မျက်နှာချင်းဆိုင်တွင် စင်မြင့်လေးတစ်ခုရှိပြီး စင်မြင့်ပေါ်တွင် မျက်နှာဖုံးစွပ်ထားသူနှစ်ဦးထိုင်နေသည်။ ဖူးပေါ်ရှိ နဂါးရုပ်သေးတွင် အင်္ဂလိပ်ဂဏန်း တစ်နှင့်နှစ်ကို ရေးသားထားသည်။

ရဲမြင့်သည် ကုလားထိုင်တန်းများကို ဖြတ်ကျော်ပြီး စင်မြင့်လေးပေါ်သို့တက်ခဲ့သည်။ စင်မြင့်ရှိ ထိုင်ခုံသုံးလုံး၏ အလယ်တွင် ထိုင်သော တစ်ကို အရိုအသေပြုသည်။ ပြီး နှစ်ကို အရိုအသေပြုသည်။ တစ်နှင့် နှစ်က ခေါင်းညိတ်ပြသောအခါ တစ်၏ဘေး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ရဲမြင့်နေရာတွင် ထိုင်မိသည်နှင့် တစ်က စားပွဲပေါ်ရှိ ဆင်စွယ်ခင်တွင် တပ်ဆင်ထားသော ငွေမောင်းကို ထုလိုက်သည်။ မောင်းသံပေါ်ထွက်လာသည်နှင့် အခန်းထဲမှ တီးတိုးစကားပြောသံများ တိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သွားသည်။ အားလုံး၏အာရုံသည် ထိုင်ရာမှထရပ်လိုက်သော တစ်ထံသို့ရောက်သွားသည်။

"ဒီနေ့အဖွဲ့ဝင်တွေအားလုံးကိုဖိတ်ခေါ်တာကတော့ အရေး တကြီးသတိပေးစရာရှိလို့ပါ။ အခုမြိုင်သာကို ထောက်လှမ်းရေး တစ်ယောက်ရောက်နေတယ်၊ မနေ့မနက်ကကျုပ်တို့အဖွဲ့ဝင်သုံး ယောက်ကိုသတ်ခဲ့တယ်။ မနေ့ညကသူ့ကိုအမိဖမ်းဖို့ကြိုးစားတော့ မြိုင်သာဟိုတယ်ကို ရဲတွေနဲ့ပတ်သက်အောင်လုပ်ပြီး ကိုယ်လွတ် ရုန်းသွားတယ်၊ သူကသတ္တိကောင်းတယ်၊ လျှင်မြန်ဖြတ်လတ်တယ် ဆန့်ကျင်ဘက်တွေကိုဒုက္ခပေးသွားတယ်၊ သူရောက်လာမှ ကျုပ်တို့ လုပ်ငန်းတချို့ရပ်ဆိုင်းလိုက်ရပြီ၊ အဖွဲ့ဝင်တွေ မျက်စိဖွင့်နားစွင့်ထားပ ပေးအပ်ထားတဲ့တာဝန်ကိုကျေပွန်ပါ၊ အဖွဲ့အတွက် သစ္စာဆို ထား တဲ့အတိုင်းအသက်စွန့်တန်စွန့်ပါ"

အမှတ်တစ်ထိုင်ချလိုက်သည်နှင့် အမှတ်နှစ်ထိုင်နေရာ မှထရပ်လိုက်သည်။ မျက်နှာဖုံးစွပ်ထားသော နဂါးနက်အဖွဲ့သားများ၏ အကဲခတ်ဟန် တစ်ခဏမျှကြည့်နေသည်။

"အဖွဲ့ဝင်တွေထဲမှာ တာဝန်ပေါ့လျော့တဲ့လူတွေရှိတယ် အမှတ်ခုနစ်ရှေ့ထွက်ခဲ့ပါ"





အမှတ်နှစ်စကားအဆုံးတွင် ထိုင်နေသူများအနက် ခုနစ် ဂဏန်းအမှတ်အသားပါသူထိုင်ရာမှထ၍စင်မြင့်နှင့်ခုံတန်းများကြား ကွက်လပ်သို့ထွက်လိုက်သည်။

"အမှတ်ခုနစ် မင်းရဲ့ပေါ့လျော့မှုကို မင်းသိလား"

"ကျွန်တော်မပေါ့ဆပါဘူး"

"ရန်သူကိုကားနှစ်စီးညှပ်ပြီးတိုက်တာမအောင်မြင်ဘူး၊ ဒါပေါ့လျော့တာ မဟုတ်ဘူးလား၊ မအောင်မြင်ရုံမကဘူး တန်ဖိုးရှိတဲ့ အဖွဲ့ဝင်သုံးယောက်ပါသေဆုံးသွားတယ်"

"ဒါက မမျှော်လင့်ဘဲဖြစ်ရတာပါ၊ ကျွန်တော်လည်း သူ့သေ ကိုယ်သေ လုပ်တာပဲ"

"ဒါဆင်ခြေပဲ အမှတ်ခုနစ်၊ ကောင်းပြီ၊ မြိုင်သာဟိုတယ်မှာ ရန်သူကိုဖမ်းတော့ ဘာဖြစ်လို့ မထိန်းသိမ်းခဲ့သလဲ၊ အဲဒီမှာလည်း အဖွဲ့ဝင်တစ်ယောက် ဒဏ်ရာအပြင်းအထန်ရသွားတယ်"

"သူ့မှာ တံခါးကိုဖောက်နိုင်လောက်တဲ့ကိရိယာ ပါလာတာ ကို ကျွန်တော် မသိလိုက်လို့ပါ"

"မင်းကို အမှတ်သုံးက သူ့မှာပါတဲ့ပစ္စည်းတွေကို သိမ်းဖို့ အမိန့်ပေးထားတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒါနဲ့တောင် မင်းချိုယွင်းခဲ့တယ်၊ ကောင်းပြီ၊ တံခါးအပြင်ဘက်မှာစောင့်နေတော့ ဘာကိုမှ သတိမထားမိဘူးလား၊ မင်းတို့သုံးယောက်တောင် မဟုတ်လား"

"အစကတော့ သုံးယောက်ပါ၊ ဒီလိုဖြစ်မယ်မထင်လို့ကျွန်တော်နှစ်ယောက်ကို ကျွန်တော် နားခိုင်းလိုက်ပါတယ်၊ ကျွန်တော် အိမ်သာဝင်ပြီး အပေါ့သွားနေတုန်း သူတို့တံခါးကို ဖျက်လိုက်တာပါ၊ အောင်ဖော်မင်းရဲ့မပျော်လင့်ဘဲ တိုက်နိုက်ခံရလို့ ဘာမှ မတတ်နိုင်တော့ဘူး"

အမှတ်နှစ်က အမှတ်ခုနစ်စကားကို နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်သည်။ တစ်ခဏမျှငြိမ်နေပြီးမှ စားပွဲပေါ်ကိုဖြန်းခနဲရိုက်လိုက်သည်။

"အမှတ်ခုနစ် မင်းတာဝန်မကျေဘူး၊ ဖေါ့ဆတယ်ဆိုတာသိပ်ထင်ရှားနေတယ်၊ အခုဒီကောင်ရောက်လာတာဟာလည်း မင်းပေါ့ဆလို့ပဲ၊ ထောက်လှမ်းရေးကိုသတ်ပြီး နဖူးမှာ နဂါးရုပ်ဟန်ဆိပ်ရိုက်ပေးတယ်၊ ပြီးတော့ နေရာ ရှားသလား၊ မြိုင်သာကိုတယ်ဘေးကိုရွေးခဲ့တယ်၊ မင်း ဒီလိုလုပ်တာဟာ ရန်သူကို ဖိတ်ခေါ်တာ၊ ပထ





ဆစ်ကြိမ်မှိုမင်းကို ခွင့်လွှတ်ခဲ့တယ်၊ ခုတစ်ခါတော့ ခွင့်မလွှတ်နိုင်တော့ဘူး၊ အဲဒီတော့ မင်းအပြစ်ကို မင်းစီရင်မလား"

"မစီရင်ဘူး၊ ကျွန်တော့်မှာ အပြစ်မရှိဘူး"

"အမှတ်ခုနစ်၊ ဒို့အဖွဲ့ထဲမှာ ဆင်ခြေပေးလို့မရဘူး"

"မသိဘူး၊ ကျုပ်ဘာမှမသိဘူး"

အမှတ်ခုနစ်က စိတ်လှုပ်ရှားစွာအော်ဟစ်ရင်း မျက်နှာဖုံးကိုခွာပစ်လိုက်သည်။ မျက်နှာဖုံးကျွတ်သွားသည်နှင့် စိတ်လှုပ်ရှားတုန်လှုပ်နေသော မြတ်ကျော် မျက်နှာပေါ်လာသည်။

မြတ်ကျော်သည် စင်မြင့်ပေါ်မှ အမှတ်နှစ်ကို ဒေါသဖြင့် လှမ်းကြည့်ရင်း ခါးကြားထဲတွင် ထိုးထားသော သေနတ်ကိုဆွဲထုတ်လိုက်သည်။

"ကျုပ်ကိုယ်ကျုပ်တော့ မစီရင်ဘူး၊ ကျုပ် ခင်ဗျားကိုပဲစီရင်မယ်၊ တစ်ယောက်မှ မလှုပ်နဲ့၊ လှုပ်တဲ့လူကို ကျုပ် ချမ်းသာမပေးဘူး"

မြတ်ကျော်က စိတ်လှုပ်ရှားစွာအော်ပြောလိုက်သည့်စကားအဆုံး အမှတ်နှစ်က ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။

"မောင်မြတ်ကျော်၊ လက်ထဲမှာ သေနတ်ကိုင်ပြီး ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ် ကိုယ်မမြင်ဘဲကိုး၊ နောက်မှာ ဘာရှိတယ်ဆိုတာလည်း လှည့်ကြည့်လိုက်ပါဦး"

မြတ်ကျော်က သွေးရူးသွေးတန်းနှင့် နောက်သို့လှည့်ကြည့်ချိန်တွင် အမှတ်နှစ်က စားပွဲပေါ်ရှိ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ မြတ်ကျော် ရပ်နေသော ကြမ်းပြင်ရွှေ့လျား၍အပေါက်ကြီးဖြစ်သွားပြီး အပေါက်ထဲသို့ကျသွားသည်။

"အား..."

နာကျင်စွာအော်ဟစ်သံပေါ်လာသည်နှင့် အမှတ်နှစ် စားပွဲပေါ်ရှိခလုတ်တစ်ခုကိုနှိပ်လိုက်ပြန်သည်။ အံ့ဖုံးသဖွယ် ရွှေ့လျားသွားသောကြမ်းပြင်မှာ ပကတိအတိုင်းဖြစ်သွားသည်။

"ကျုပ် စိတ်မကောင်းပါဘူး၊ အမှန်က သူ့အပြစ်ကို သူဝန်ခံရင် သက်သက်သာသာနဲ့ အသက်ထွက်ရအောင် စီစဉ်ထားပါတယ်၊ အခုတော့ ခုခံမယ်လုပ်လို့ အက်ဆစ်ကန်ထဲပစ်ချလိုက်ရတာပဲ၊ ကျန်တဲ့အဖွဲ့ဝင်တွေကို ပြောချင်တာက သစ္စာရှိပါ၊ ဒီည တံခါးစောင့်တာဝန်ကျတာ အမှတ်နှစ်ဆယ်မဟုတ်လား၊ အမှတ်နှစ်ဆယ် လာစမ်း"

အမှတ်နှစ်ဆယ် ရှေ့ကွက်လပ်သို့လျှောက်လာသည်။





"အမှတ်နှစ်ဆယ်၊ ဘာဖြစ်လို့ဝင်လာတဲ့လူဆီက လက်နက်သိမ်းတာလဲ"

"ကျွန်တော့်ကို လက်နက်တွေသိမ်းဖို့ အမိန့်ပေးမထားပါဘူး"

အမှတ်နှစ်က အမှတ်တစ်ဘက်သို့လှည့်ကြည့်လိုက်သည်။ အမှတ်တစ်က ခေါင်းညိတ်ပြသောအခါ အမှတ်နှစ်ဆယ်ဘက်သို့ လှည့်လိုက်၏။

"ကောင်းပြီ... မင်းနေရာ မင်းသွားနိုင်တယ်၊ မင်းမှာ အပြစ်မရှိဘူး"

အမှတ်နှစ်ဆယ် တံခါးဝသို့ပြန်ထွက်သွားသောအခါ အမှတ်နှစ်နေရာတွင် ပြန်ထိုင်လိုက်သည်။ အမှတ်တစ်ထိုင်ရာမှ ထလိုက်သည်။

"အဖွဲ့ဝင်တွေအားလုံး ခါတိုင်းကိုယ့်အတွက် သတ်မှတ်ထားတဲ့အခန်းတွေထဲမှာ ကိုယ့်အတွဲနဲ့ကိုယ် သွားနိုင်ပါတယ်၊ အခန်းထဲမှာ မင်းတို့ရသင့်တဲ့ဝေစုရယ်၊ ညွှန်ကြားချက်တွေရှိတယ်၊ ပြီးတော့ ညစာစားကြပါ၊ ကိုးနာရီထိုးတဲ့အခါ ဒီခြံထဲက ကိုယ့်အတွဲနဲ့ကိုယ် ထွက်သွားကြပါ။ အမှတ်သုံး လက်အောက်အဖွဲ့သားတွေ နေခဲ့ရမယ် မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် သီးသန့်အလုပ်ရှိတယ်"

အမှတ်တစ်စကားဆုံးသည်နှင့်အဖွဲ့ဝင်များ နေရာမှ ထကြသည်။ နှစ်ယောက်တွဲ ၊ သုံးယောက်တွဲဖြင့် အိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

အဖွဲ့ဝင်များ ထွက်သွားကြသောအခါ အခန်းထဲတွင် အမှတ်တစ်၊ နှစ်နှင့်သုံးတို့သာ ကျန်ရစ်ခဲ့သည်။ သုံးယောက်တည်းကျန်မှ မျက်နှာဖုံးကိုချွတ်လိုက်သည်။

"မောင်ရဲမြင့်"

"ဟုတ်ကဲ့ဆရာ"

"ညက မို့မို့စံ စစ်မေးတာ ဘာမှ မထူးခြားဘူးလား"

"ဟုတ်ကဲ့ မထူးခြားပါဘူး ဆရာ"

"မို့မို့က ဘာပြောသလဲ"

"သူပြောတာ အမှန်တွေပါပဲတဲ့"

အမှတ်တစ်ရယ်လိုက်သည်။ ပြီး ရဲမြင့်၏ ပခုံးကို ပုတ်လိုက်သည်။

"မောင်ရဲမြင့်... မင်း ဒီနေရာမှာတော့ အများကြီးလိုသွားပြီ အောင်ဖော်မင်းဟာ ဒို့ကိုထောက်လှမ်းဖို့ရောက်လာတယ်ဆိုတာ





အသေအချာသိပြီးပြီ၊ မို့မို့စံကို စိတ်မချရတော့ဘူး၊ မင်းသွားလေရာ သူ့ကိုခေါ်သွားပေတော့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ... ကျွန်တော် သူ့ကိုထိန်းပါ့မယ်"

"အေးပါ...ငါတို့ကလည်း မင်းကအဖွဲ့အပေါ် ကောင်းခဲ့တာတွေကိုထောက်ထားပြီး သူ့ကို အပြစ်မယူပါဘူး၊ မင်းကလည်း ကွာ ဒီကောင်မလေးကို သံယောဇဉ်ရှိနေတာ လက်ထပ်လိုက်ပါလား"

ရဲမြင့်က အမှတ်တစ်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး ရှက်ကိုးရက်ကန်းနှင့်ပြုံးလိုက်သည်။

"ကျွန်တော်ကတော့ လက်ထပ်ချင်တာပေါ့ဆရာ၊ ဒါပေမယ့် ဆိုက်တွန်းလို့မရဘူး၊ သူက စိတ်မဝင်စားဘူး"

"ဖြစ်ရလေ မောင်ရဲမြင့်ရာ၊ နဂါးအဖွဲ့သားဖြစ်ပြီး ဒီလောက်ညံ့ရသလား၊ ကိုယ့်လက်ခုပ်ထဲကရေကို၊ ကဲ...ကဲ... မင်းလည်း ညစားလိုက်ဦး၊ အောင်ဖော်မင်းကို အမြန်ဆုံးရှင်းပါ၊ အဲဒါ ကြီးလေးတဲ့ တာဝန်ပဲ"

"စိတ်ချပါဆရာ၊ ဒီကောင် ကျွန်တော်တို့လက်ထဲက ပြေးလွတ်ပါဘူး"

ရဲမြင့်က ထိုင်ရာမှထပြီး အံကိုတင်းတင်းကြိတ်ကာ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကောင်းပြီ မောင်ရဲမြင့်... မင်းသွားနိုင်ပြီ၊ ငါ အသေးစိတ် ညွှန်ကြားချက် ထပ်ပေးမယ်၊ ဒီတစ်ခါ လူသုံးရင် လက်ရွေးစင်ကိုသုံးမယ်၊ ဒီကောင် တစ်ရက်အသက်ရှင်နေရင် ငါတို့လုပ်ငန်း တစ်ရက်ထိခိုက်မယ်၊ သဘောပေါက်တယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ...ကျွန်တော့်ကို ခွင့်ပြုပါဦး"

ရဲမြင့်က အမှတ်တစ်နှင့် နှစ်ကို ဦးညွှတ်နှုတ်ဆက်ပြီး စင်မြင့်ပေါ်မှ ဆင်းသွားသည်။ ပြီးနောက် အခန်းထဲမှထွက်၍ အိမ်အတွင်းဘက်သို့ဝင်သွားလေသည်။

♥နှံနှံ♥

အခန်း (၁၂)

ညနေစာ စားသောက်ပြီးအခန်းသို့ပြန်တက်လာချိန်တွင် ဘယ်လီဖုန်းခေါင်းလောင်းသံက မြည်လာသည်။ အောင်ဇော်မင်းက ဘယ်လီဖုန်းကိုကောက်ကိုင်လိုက်သည်။

"ကိုဇော်လား...ကျွန်တော် ကျော်ကျော်ပါ..."

"ဘာထူးလဲဗျ"

"ခင်ဗျားနဲ့ စကားပြောချင်လို့ ရန်မျိုးအောင်ကိုလာပါ၊ ဒီမှာ ထူးခြားတာတွေဖြစ်နေတယ်"

"ဘာဖြစ်နေလို့လဲ"

"ဦးဝေလင်းပါသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"သူတို့ ဦးဝေလင်းကို ဆွဲသွားကြပြီ၊ ဦးဝေလင်းကို ဘာမှ မဖြစ်စေချင်ရင် ညွှန်ကြားချက်ကိုစောင့်ပါလို့ စောစောက ဖုန်းလာသွားတယ်"

"ကောင်းပြီကျော်ကျော်၊ ကျွန်တော် အခုလာခဲ့မယ်၊ ဘာမှ မစိုးရိမ်ပါနဲ့၊ ဘာမှလည်းမလုပ်နဲ့ဦး"

အောင်ဖော်မင်းတယ်လီဖုန်းကိုပြန်ချပြီး အခန်းထဲမှ ထွက်လာခဲ့သည်။ ဓာတ်လှေကားဆီသို့ရောက်သောအခါ ဓာတ်လှေကား အဆင်သင့်မရှိသဖြင့် လှေကားအတိုင်း မပြေးရုံတမယ် ဆင်းခဲ့သည်။ ဒုတိယထပ်လှေကားကွေ့အချိုးသို့ရောက်သောအခါ လူတစ်ယောက် နှင့်တိုက်မိမလိုဖြစ်သွားသည်။ တစ်ယောက်နှင့်တစ်ယောက် ရှောင် သည့်ဘက်တူနေသဖြင့် နှစ်ယောက်သားရယ်လိုက်မိသည်။

"ကျွန်တော်တို့လည်း လှေကားပေါ်မှာ ထုပ်ဆီးတိုးသလို ဖြစ်နေပြီ၊ ဆောရီးဗျာ၊ ကျွန်တော် အရင်လိုလာလို့"

အောင်ဖော်မင်းက ဦးစွာတောင်းပန်လိုက်သည်။

"ကျွန်တော်လည်းအရင်လိုမိတာပါပဲ၊ ကျွန်တော်ကလည်း တောင်းပန်ပါတယ်၊ ဒီမှာ တည်းတာနဲ့တူတယ်၊ နောက်တော့တွေ့ကြ





တာပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော် အောင်ဖော်မင်းပါ၊ တတိယထပ်မှာ တည်းပါတယ်"

"ကျွန်တော့်နာမည်ဝင်းအောင်ပါ"

"ဟုတ်ကဲ့၊ ကျွန်တော့်ကိုခွင့်ပြုပါဦး၊ အရေးတကြီးကိစ္စရှိလို့"

အောင်ဖော်မင်းက ဦးဝင်းအောင်ကို နှုတ်ဆက်၍လှေကား အတိုင်းပြေးဆင်းလာခဲ့သည်။ ရန်မျိုးအောင်အိမ်ကြီးဆီသို့ သွားရန် သာ စိတ်စောနေသော အောင်ဖော်မင်းသည် နောက်သို့လှည့်မကြည့် ဖြစ်ခဲ့၊ လှေကားပေါ်တွင်ရပ်လျက် သူ့ကိုစူးစိုက်ကြည့်နေသော ဝင်းအောင်ကို သတိမထားမိတော့ချေ။

အောင်ဖော်မင်းသည် ဟိုတယ်ရှေ့တွင် ရပ်ထားသော သူ့ ကားပေါ်သို့တက်ကာ စက်နှိုးပြီး မောင်းထွက်ခဲ့သည်။ ကားကိုအတန် ငယ်မောင်းမိသောအခါ သူ့စိတ်တွေ လှုပ်ရှားနေလွန်းသည်ကို သတိ ပြုမိသည်။ အောင်ဖော်မင်းသည် အလိုလိုပြုံးမိသွားရင်း ကားအရှိန်ကို လျှော့ချလိုက်သည်။

မိမိအပေါ်နှိပ်စက်ညှဉ်းပန်းခဲ့သူဟူသော အသိဖြင့်ဦးဝေလင်း အပေါ် နာကြည်းခဲ့ဖူးသည်။ သို့သော် အရေးကြီးတော့ သွေးနီးရမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍သူ့စိတ်လှုပ်ရှားသွားမိသည်။

အောင်ဇော်မင်း စိတ်ကို ထိန်းသိမ်းလိုက်ပြီး မြို့ပတ်လမ်းအတိုင်းကားကိုမနှေးမမြန် မောင်းနှင်ခဲ့သည်။

ဦးဝေလင်းကို ဘာကြောင့် တစ်ဖက်ရန်သူများက ဖမ်းဆီးသွားခဲ့သည်ကို သူမတွေးတတ်တော့။ အောင်ဇော်မင်း သက်ပြင်းတစ်ချက်ချ လိုက်ပြီး ကားကို ရန်မျိုးအောင်ခြံဝင်းတွင်းသို့ ချိုးကွေ့မောင်းဝင်လိုက်သည်။

ခြံဝင်းအတွင်း၌ တစ်စုံတစ်ရာ ထူးခြားသည့်အသွင်သဏ္ဍာန်ကိုမဆောင်ဘဲ အေးချမ်းနေသည်။ ကားကိုအိမ်ရှေ့တွင်ရပ်လိုက်ပြီး ကားပေါ်မှ သွက်လက်စွာ ဆင်းလိုက်သည်။

အသင့်ပွင့်နေသော တံခါးအတိုင်း အိမ်ထဲသို့ဝင်လိုက်သည်။ အောက်ထပ်တွင် ထိုင်နေသော မေမေစိမ်းကိုတွေ့လိုက်ရသည်။ မေမေစိမ်းကမှဲ့သီနေသော မျက်လုံးအစုံကိုအားယူ၍အောင်ဇော်မင်းကိုကြည့်လိုက်သည်။

"မေမေစိမ်း"

"သြော်…ကိုဇော်…လူလေး…လာရပြန်ပြီလား"

"ဟုတ်တယ် မေမေစိမ်း…ဦးလေးသတင်းကြားလို့"





"စိတ်မကောင်းစရာဘဲကွယ်၊ မောင်ဝေလင်းမှာ ဘယ်လိုရန်ဦးတွေပေါ်နေတယ်မသိဘူး"

အောင်ဇော်မင်းက မေမေစိမ်း၏မျက်နှာကို တစ်ချက်မျှ အံ့သြစွာကြည့်လိုက်သည်။

"ကျွန်တော် အပေါ်တက်လိုက်ဦးမယ်၊ မေမေစိမ်းဘာမှစိတ်ပူမနေပါနဲ့၊ ဦးလေးကိုပြန်တွေ့မှာပါ"

အောင်ဇော်မင်းက ခပ်တိုးတိုးပြောပြီး အပေါ်ထပ်လှေကားရှိရာသို့ ခပ်သုတ်သုတ်လျှောက်၍ အပေါ်ထပ်သို့တက်ခဲ့သည်။

အပေါ်ထပ်ဧည့်ခန်းတွင် ထိုင်နေသော ကျော်ကျော်နှင့် ခင်မောင်ကိုတွေ့လိုက်ရသည်။

"ဘာလိုဖြစ်တာလဲ"

"ဒို့လည်း ဘာမှတိတိကျကျမသိရသေးဘူး၊ ဖေဖေမနက်က ထွက်သွားတာ သွားရိုးသွားစဉ်ပဲ အောက်မေ့တာပဲ၊ စောစောကမှ သူတို့ဖုန်းဆက်တယ်၊ ဖေဖေက သူတို့လက်ထဲမှာတဲ့၊ အသက်မသေစေချင်ရင် နောက်ထပ်ညွှန်ကြားချက် မရမချင်း ဘာမှ မလုပ်ရဘူးလို့ ပြောတယ်"

"သူတို့အဲဒီလိုပြောတာနဲ့ ယုံလိုက်သလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ဖေဖေနဲ့ငါတိုက်ရိုက်စကားပြောခွင့်ပေးတယ် ဒါပေမယ့်ဖေဖေကတော့တာဝန်မပျက်စေနဲ့လို့ပြောတယ်"

အောင်ဖော်မင်းက ခင်မောင်၏စကားကို နားထောင်ပြီး ခေါင်းညိတ်လိုက်သည်။ ပြီး တစ်စုံတစ်ရာကို အလေးအနက်တွေ တော ဟန်ဖြင့် ထိုင်ခုံတွင်ငြိမ်သက်စွာထိုင်နေသည်။

"ကိုဝေလုရော"

"သီးခြားတာဝန်တစ်ခုအတွက် ခရီးထွက်သွားတယ်"

"အင်း...လူအင်အားလျော့သွားတာပေါ့၊ ခေါင်းအေးအေး ထားပြီး သူတို့ဆက်သွယ်လာမှာကိုထိုင်စောင့်တာပေါ့"

အောင်ဖော်မင်းက တောင့်တင်းနေသော အကြောအခြ များကိုလျော့ချလိုက်ပြီး ထိုင်ခုံတွင် ခပ်မှိုမှိုထိုင်ချလိုက်သည်။

"ရန်ကုန်နဲ့အမြဲတမ်းဆက်သွယ်တာ ဘယ်သူလဲ"

"ဦးဝေလင်းပဲ"

"ကောင်းပြီ၊ဒီနေ့ကျွန်တော်လုပ်မယ်၊ ကျော်ကျော်တို့ဟို အဆက်အသွယ်ကိုစောင့်"

"ကောင်းပါတယ်၊ ဆက်သွယ်ရမည့်အချိန်လည်းရော နေပြီ၊ ကိုဖော်အခုပဲ ဆက်သွယ်မလား"





အောင်ဖော်မင်းက ခေါင်းညိတ်ပြီး ထိုင်ရာမှ ထလိုက်သည်။ ကိုခင်မောင်က နေရာတွင်ထိုင်ကျန်ရစ်ခဲ့သည်။ ကျော်ကျော်နှင့် အောင်ဖော်မင်းတို့ ဧည့်ခန်းမှ ထလိုက်ပြီး အိမ်အတွင်းဘက် အခန်း တစ်ခန်းထဲသို့ဝင်လိုက်သည်။ အခန်းကျဉ်းကလေးဖြစ်ပြီး အသံလွှင့်၊ အသံဖမ်းစက်နှင့် ကွန်ပျူတာတို့ရှိနေသည်။

အခန်းထဲရောက်မှ ကျော်ကျော်က ဦးဆောင်၍ အသံလွှင့်၊ အသံဖမ်းစက်ကို အသုံးပြုလေလှိုင်းများကို ချိန်ညှိပေးသည်။ အောင်ဖော်မင်းက နားကြပ်တပ်လိုက်မှ အခန်းအပြင်သို့ထွက်သွား တော့သည်။

နားကြပ်ကိုတပ်ပြီး စက်ခလုတ်ကို နှိပ်လိုက်သည်နှင့် လေလှိုင်းသံများကြားရသည်။ အတန်ကြာမှ တစ်ဖက်မှ ဆက်သွယ် လာသည်ကိုကြားလိုက်ရသည်။ လျှို့ဝှက်သင်္ကေတများကိုအသုံးပြု သဖြင့် အောင်ဖော်မင်းကလည်းပြန်လည်ဆက်သွယ်ခဲ့သည်။

အောင်ဖော်မင်းမှန်း သိသည်နှင့်အထူးအဆင့်ရှိသူများသာ အသုံးပြုသော လျှို့ဝှက်သင်္ကေတကိုအသုံးပြုလာသည်။ အုပ်ချုပ်ရေး နှင့်တိုက်ရိုက်အဆက်အသွယ်ရပြီဖြစ်၍ အောင်ဖော်မင်း ရင်ခုန် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းအခြေအနေ တိုးတက်မှုကို အစီရင်ခံပြီး တစ်ဖက်ညွှန်ကြားချက်ကို အသေးစိတ်နားထောင်ပြီးစက်ကိုပိတ်ကာ ထိုင်ရာမှ ထလိုက်သည်။

ဧည့်ခန်းထဲသို့ သူပြန်ရောက်လာပြီး ဧည့်ခန်းထဲဝင်လိုက်သည်နှင့် ကျော်ကျော်နှင့် ခင်မောင်တို့ သူ့ကိုမော့ကြည့်လာသည်။

"အခုချိန်ထိအောင် ဘာအဆက်အသွယ်မှ မလုပ်သေးဘူး"

အောင်ဇော်မင်းက ခင်မောင့်ထံမှ အသံကြားရသဖြင့် ခေါင်းညိတ်ပြီး ထိုင်ခုံပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

"ဖေဖေ့ကိစ္စ ဗဟိုကို အသိပေးလိုက်ပြီလား"

ခင်မောင့်အမေးကြောင့် ကိုဇော် ခေါင်းညိတ်လိုက်သည်။

"ဗဟိုက ဘာပြန်ကြားသလဲ"

"အခြေအနေအရ ဆုံးဖြတ်လုပ်ကိုင်ပါတဲ့၊ လုံး၀ တာဝန်လွှဲလိုက်တယ်"

"ဒါဖြင့် ငါတို့အခု ဘာလုပ်ကြမလဲ"

"စောင့်ရုံပေါ့"

အောင်ဇော်မင်း၏အပြောကို မကျေနပ်ဟန်ဖြင့် ခင်မောင်ကပြန်ပြောလိုက်သည်။





"မင်းက ငါ့အဖေဒီလိုဖြစ်တာကို ဝမ်းသာနေမှာပေါ့"

အောင်ဇော်မင်းက ခင်မောင်ကို စူးစိုက်ကြည့်လိုက်ပြီး

"ခင်ဗျား ဘာစကားပြောနေတာလဲ၊ ဦးဝေလင်းဟာ ကျွန်တော့်ဦးလေး မဟုတ်နဲ့ဦး၊ တစ်ဌာနထဲအတူတာဝန်ထမ်းဆောင်နေတဲ့ ရဲဘော်ရဲဘက်တစ်ယောက်အနေနဲ့ ကျွန်တော် မခံနိုင်ဘူး၊ အခု ဘာက စောင့်မှ ရမှာမို့လို့ စောင့်ရမယ်လို့ ပြောတာ"

ခင်မောင် မျက်လွှာချသွားသည်။ ထိုအချိန် အခန်းထဲရှိ တယ်လီဖုန်းမှ အသံမြည်လာသည်။ ကျော်ကျော်က ဖုန်းကိုကောက်ယူနားထောင်လိုက်သည်။

"ကိုဇော်.. ခင်ဗျားနဲ့ ပြောမလို့တဲ့"

အောင်ဇော်မင်း ထိုင်ရာမှထပြီး ကျော်ကျော့်လက်ထဲမှ ဖုန်းခွက်ကို လှမ်းယူလိုက်သည်။

"အောင်ဇော်မင်းပါ"

"ကောင်းပြီ၊ နားထောင်ပါ၊ မင်း နာရီဝက်အတွင်း မြိုင်သာရှိတယ်ကို အရောက်လာခဲ့ပါ၊ အဖော်ခေါ်မလာရဘူး၊ လက်နက်ယူလာရဘူး"

"နေစမ်းပါဦး၊ ကျုပ်ကို အမိန့်ပေးရအောင် ခင်ဗျားက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူလဲ၊ အောင်ဇော်မင်းက ဘယ်သူ့အမိန့်ကိုမှမနာခံဘူးဆိုတာ မကြား ဖူးဘူးလား"

"မင်းအခု နဂါးနက်နဲ့ စကားပြောနေတယ်ဆိုတာ သဘော ပေါက်ပါ။ နဂါးနက်ကပြောတဲ့အတိုင်းလုပ်မှ ကျေနပ်တယ်"

"ခင်ဗျားတို့ဘာသာ နဂါးနက်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ကျွန်တော့်ကို ဘယ်သူမှအမိန့်ပေးလို့မရဘူး"

"ဪ... ဒီလိုလား၊ ဟားဟားဟား....မင်းက ဦးဝေလင်းနဲ့ ပတ်သက်လို့ဘာမှ စိတ်မဝင်စားဘူးပေါ့"

"အခု သူဘယ်မှာလဲ"

"ငါပြောတဲ့နေရာကိုလာခဲ့ပါ။ နာရီဝက်အတွင်း ဟုတ်လား"

အောင်ဇော်မင်း ဘာမှ ပြန်မပြောနိုင်ခင်မှာပင် တစ်ဖက်မှ ဖုန်းချသွားသည်။ သက်ပြင်းတစ်ချက် ချလိုက်ပြီး ဖုန်းကိုပြန်တင်လိုက် သည်။

"ခင်ဗျားတို့ ဒီကပဲ စောင့်ကြပါ၊ စက်ကိုလည်း ဖွင့်ထား ကျွန်တော် နောက်တစ်နာရီအတွင်းပြန်မရောက်ရင်မြိုင်သာဟိုတယ် ကို သက်ဆိုင်ရာအကူအညီနဲ့ ဝိုင်းပါ"

"နေပါဦး...မင်းက ဘယ်ကိုသွားမှာလဲ၊ သူတို့ချိန်းလို့လား"





"ဟုတ်တယ် ကိုခင်မောင်...ကျွန်တော့်ကို မြိုင်သာဟိုတယ် လာခဲ့ဖို့ချိန်းတယ်"

အောင်ဇော်မင်းစကားကိုကြားလိုက်သည်နှင့် ကျော်ကျော် သည် ထိုင်ရာမှ ထလိုက်သည်။

"တစ်ယောက်တည်းသွားလို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော် လိုက်ခဲ့မယ်ကိုဇော်"

"ကျွန်တော် တစ်ယောက်တည်းလာရမယ်လို့ သူတို့ကပြော တယ်၊ ကျွန်တော် ဦးလေးကိုပြန်ခေါ်လာနိုင်မှာပါ၊ စိတ်ချပါ"

ကျော်ကျော့်ကိုခပ်ပြုံးပြုံးလှမ်းပြောနေရင်းမှ အောင်ဇော်မင်း ရုတ်နာထားပြောင်းသွားသည်။ ကိုခင်မောင်က တစ်စုံ တစ်ခုပြော သည့်အပြု လက်ကာပြပြီး တံခါးပေါက်ဆီသို့ ခြေဖော့နင်းပြီး လျှောက် သွားသည်။ အနီးသို့ရောက်လျှင် တံခါးရွက်ကို ခပ်ကြမ်းကြမ်း ဆွဲဖွင့် လိုက်သည်။

"ဟင်...မေမေစိမ်း..."

"ကျေးဇူးပဲ သားရယ်၊ မင်းတို့အတွက် ကော်ဖီလာပို့တာ၊ တံခါးက ဖွင့်မရဖြစ်နေတယ်"

အောင်ဇော်မင်းက မေမေစိမ်းကိုတွေခနဲ တစ်ချက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ တစ်စုံတစ်ရာကို မပြောဘဲ ဧည့်ခန်းထဲသို့ ပြန်လှည့်ဝင်ခဲ့သည်။

အောင်ဇော်မင်းက ကျော်ကျော်နှင့် ခင်မောင်တို့ကို အဓိပ္ပာယ်ပါပါကြည့်ပြီး အခန်းထဲမှ လှည့်ထွက်ခဲ့သည်။

ထွက်သာထွက်ခဲ့ရသည်။ သူဘဝင်မကျ။ တစ်စုံတစ်ရာအတွက် သံသယဖြစ်နေသည်။

အောင်ဇော်မင်းစိတ်ကို တည်ငြိမ်စွာထားပြီး ရန်မျိုးအောင်အိမ်ပေါ်မှ ဆင်းခဲ့သည်။ အိမ်ရှေ့တွင်ရပ်ထားသော ကားပေါ်သို့တက်၍ မောင်းထွက်ခဲ့သည်။

အောင်ဇော်မင်း ကားမောင်းနေရင်းမှ သူ့နောက်မှ ကားတစ်စီးလိုက်လာကြောင်း သတိပြုမိသွားသည်။

အောင်ဇော်မင်းမြို့ပြင်သို့မောင်းထွက်လိုက်သည်။ နောက်ကလည်း ပါမြဲပါနေသည်။ မြို့ပြင်သို့ ရောက်သည်နှင့်နောက်မှကားသည် အရှိန်မြှင့်လာပြီး သူ့ကားနှင့်နီးကပ်လာသည်။ အောင်ဇော်မင်းက ကားအရှိန်ကိုလျှော့လိုက်ပြီး ဘေးချင်းယှဉ်လာသောကားဖြူလေးကို ကားနောက်မြီးဖြင့် ရိုက်လိုက်သည်။ တစ်ဆက်တည်းမှာပင် သေနတ်ကိုအဆင်သင့်ကိုင်ထားလိုက်သည်။





"ဩော်...မို့မို့စံ"

အောင်ဇော်မင်းကားကို လမ်းဘေးတွင်ရပ်လိုက်သည်။ နောက်မှကားဖြူလေးလည်းရပ်လိုက်သည်။

"ကိုအောင်ဇော်မင်း...ဘယ်လိုလုပ်လိုက်တာလဲ"

"ရန်သူမှတ်လို့ပါဗျာ"

"သူများက သတိပေးမလို့ လိုက်လာတာ အထိတ်တလန့်လုပ်တယ်၊ ကားဘော်ဒီ ပိန်ချိုင့်သွားပြီလားမသိဘူး"

"နည်းနည်းတော့ ထိမှာပေါ့ဗျာ၊ ခင်ဗျားကားက နို့ဆီဘူးခွံနဲ့လုပ်ထားတာကိုး"

အောင်ဇော်မင်း၏ စကားကြောင့် မို့မို့စံ ရယ်လိုက်သည်။ မို့မို့စံ က အရမ်းလှနေသည်။

"ကိုဇော်"

"ဗျာ...မို့မို့..."

"ဦးဝေလင်းကို နိဗ္ဗာန်လမ်းကခြံမှာချုပ်ထားတယ်၊ ကိုဇော်တို့သူတို့များခေါ်ပြီး ရှင်းကြလိမ့်မယ်"

"နိဗ္ဗာန်လမ်းကခြံ ဟုတ်လား"

"ဟုတ်တယ်ကိုဇော်...နိဗ္ဗာန်လမ်းအတိုင်းအဆုံးထိအောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွား၊ လမ်းဆုံးရင် အိမ်ကြီးတစ်လုံးတွေ့မယ်၊ ခြံဝင်းက အကျယ်ကြီးပဲ၊ ခြံရှေ့မှာ ကုက္ကိုပင်ကြီးတစ်ပင်ရှိတယ်၊ ကိုဇော်ကို အဲဒါပြောချင်လို့လိုက်လာတာ"

"ကိုဇော့်ကို အဲဒါပြောချင်လို့ ဟုတ်လားမို့မို့၊ မို့မို့ဇ သိပ်လှတယ်၊ ပြီးတော့ သိပ်သဘောကောင်းတယ်၊ ကားဘော်ဒီပိန် သွားတဲ့အတွက် ဆောရီးနော်..ကိုယ်သွားမယ်"

အောင်ဇော်မင်းက ကားကိုဂယ်ရေကွေပြန်ကွေ့ပြီးမြို့တွင်း ဘက်သို့မောင်းလာခဲ့သည်။

♥၄၄♥



အခန်း (၁၃)

နီဗွာန်လမ်းကို မို့မို့စံက အသေအချာလမ်းညွှန်ပြခဲ့သည်။ နီဗွာန်လမ်းရော နီဗွာန်လမ်းရှိ အိမ်ကြီးရော သူနှင့်ရင်းနှီးပြီးသားဖြစ်သည်။ ငယ်စဉ်က ထိုအိမ်ကြီးသည် တစ္ဆေခြောက်သည်ဟု နာမည်ကြီးခဲ့၍ဖြစ်သည်။

အောင်ဇော်မင်းသည် သူ့ကားလေးကို နီဗွာန်လမ်းသို့ အရောက်အရှိန်ပြင်းပြင်းမောင်းခဲ့သည်။ အိမ်ကြီးအတွင်းသို့ဘယ်လို ဝင်ရမည်ကိုလေ့လာရဦးမည်ဖြစ်သည်။

အောင်ဇော်မင်းက သူ့ကားကို အိမ်အိုကြီး၏ ဘေးလမ်းကြားလေးထဲသို့ မောင်းဝင်လိုက်သည်။ ချုံကွယ်တစ်ခုတွင် ကားကို ရပ်လိုက်သည်။ သေနတ်ကို ထုတ်ယူစစ်ဆေးလိုက်ပြီး ပခုံးလွယ်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲပြန်ထည့်လိုက်သည်။

အောင်ဇော်မင်းသည် ကားစက်ဖုံးပေါ်သို့တက်၍ အုတ်တံတိုင်း အနိုင်အမာကာရံထားသော အိမ်အိုကြီးရှိရာခြံဝင်းထဲသို့ လှမ်းကြည့်လိုက်သည်။

ခြံဝင်းတစ်ခုလုံး တိတ်ဆိတ်နေသည်။ အိမ်အိုကြီးဆီမှ လည်း လှုပ်ရှားမှု တစ်စုံတစ်ရာကို မတွေ့ရ။ မို့မို့စံ ပေးသွားသော သတင်းသည် မှန်မှမှန်ပါလေစဟု သံသယဝင်သွားမိသည်။

အောင်ဇော်မင်းသံသယစိတ်ကိုဖျောက်ရင်းအိမ်တံခါးဝသို့ လှမ်းကြည့်လိုက်သည်။ အိမ်တံခါးဝအကွယ်လေးတွင် ထိုင်နေသော လူတစ်ယောက်ကို လှမ်းမြင်လိုက်သည်။ ငိုက်မြည်းနေသည်။

အောင်ဇော်မင်းအရှိန်မဖြုန်းတော့ဘဲ အုတ်တံတိုင်းပေါ်သို့ လှမ်းတက်လိုက်သည်။ သူက ဒူးကိုကွေးညွှတ်၍ မြေပြင်ပေါ်သို့ ခုန်ချ လိုက်သည်။ သစ်ပင်အုပ်များကို အကာအကွယ်ယူ၍ အိမ်နောက်ဖိုင် သို့ပြေးထွက်လာခဲ့သည်။

ခွေးဟောင်သံကြားလိုက်ရသည်။ နောက်ဖေးတံခါးပေါက် ဆီသို့ အပြေးအလွှားကပ်သွားပြီး တံခါးကို တွန်းကြည့်လိုက်သည်။ တံခါးရွက်မှာ မလှုပ်၊ ခွေးဟောင်သံကြားရပြန်သည်။ အိမ်ရှေ့မှဖြစ်





သည်။ အစောင့်သည် ခြံထဲတွင် ခွေးကို လွှတ်ထားသဖြင့် စိတ်ချ လက်ချ ငိုက်မြည်းနေခြင်းဖြစ်သည်။

အောင်ဇော်မင်း ရုတ်တရက် ဆုံးဖြတ်ချက်ချလိုက်သည်။ တံခါးကို ပခုံးစောင်းဖြင့် တိုက်လိုက်သည်။ တစ်ချက်၊ နှစ်ချက်၊ တံခါး ပွင့်မသွား။ အောင်ဇော်မင်း အံကိုတင်းတင်းကြိတ်ပြီး ဆက်ခါဆက်ခါ ခုံးစောင်းဖြင့် တိုက်လိုက်သည်။ တံခါးရွက်အနည်းငယ် ဟသွား သည်။ ဟသွားသော နေရာကို လက်လျှိုပြီး ချက်နေရာကို စမ်းပြီး ချက်ဖြုတ်လိုက်သည်။

အောင်ဇော်မင်း တံခါးရွက်ကို တွန်းဖွင့်၍ အထဲသို့လှမ်း အဝင်မှာ ခွေးဟောင်သံ ကျယ်ကျယ်လောင်လောင် ကြားရသည်။ သူက တံခါးကို အမြန်ပိတ်ပြီး သေနတ်ကို ထုတ်ကာ မောင်းတင်လိုက် သည်။

အောင်ဇော်မင်းသည် သေနတ်ကိုလက်ထဲတွင်အသင့်ကိုင် ထားပြီး ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။ မီးဖို၊ အိုးခွက်ပန်းကန်တို့ ကို ပြန့်ကျဲစွာချထားသည်။ အခန်းထောင့်တွင် ဓာတ်ဆီပုံးကို တွေ့လိုက်ရသဖြင့် အဖုံးဖွင့်ကာ မီးဖိုခန်းထဲလျှောက်လောင်းလိုက် သည်။ ပြီး ဂျာကင်တွင်တပ်ထားသော ကြယ်သီးတစ်လုံးကို ဖြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



မီးပေါ်အလယ်တွင် ပစ်ချလိုက်သည်။ မီးဖိုခန်းထဲမှထွက်ပြီး အပြင်ဘက်သို့ခြေဖော့နင်းကာ ပြေးထွက်လိုက်သည်။

ပွင့်နေသော အခန်းတစ်ခန်းအတွင်း လှမ်းဝင်လိုက်ရာ စကြံဖြစ်နေပြီး အပေါ်ထပ်သို့တက်သည့်လှေကားကိုတွေ့လိုက် သည်။ လှေကားဆီသို့ပြေးအသွားနောက်ဖေးဘက်မှ ဂုန်းခနဲပေါ် ကွဲသံပေါ်လာသည်။ လှေကားအောက်ဘက်ချောင်လေး ထဲသို့ ပြေးဝင်လိုက်သည်။ ထိုစဉ် လှေကားပေါ်မှ ပြေးလွှားသံ၊ စကား သံများကိုကြားရသည်။ သုံးယောက်တိတိပြေးထွက်သွားသည်။

ထိုအခါ အောင်ဇော်မင်း လှေကားအတိုင်း အပေါ်သို့ ပြေးတက်သွားသည်။ သေနတ်ပြောင်းထိပ်တွင် ဆိုင်လင်ဆာကိုတပ် လိုက်သည်။

BURMESE CLASSIC

အခန်းအလယ်တွင် လမ်းဖြစ်၍ တစ်ဖက်တစ်ချက်တွင် အခန်းကလေးများရှိနေသည်။ နံပါတ်များရေးထားသည်ကိုလည်း တွေ့ရသည်။ လမ်းချိုးလေးတစ်ခုကိုကွေ့လိုက်သည်နှင့် လက်ထဲ သေနတ်ကို ထုတ်ကာ မြှောက်၍ ပစ်လိုက်သည်။ အခန်းတစ်ခန်း ရှေ့တွင် ထိုင်နေသူကြမ်းပြင်ပေါ်သို့ ထိုးကျသွားသည်။

သည်အခန်းရှေ့တွင် အစောင့်ချထားသည်က ထူးခြားနေ





သဖြင့် တံခါးသော့ပေါက်ကိုသေနတ်ပြောင်းဖြင့်တေ့ပြီးမောင်းဖြုတ် လိုက်သည်။ သေနတ်သံ ခပ်အုပ်အုပ်ပေါ်လာပြီး ပိတ်ထားသော တံခါးရွက် ပွင့်သွားသည်။ အခန်းထဲသို့လှမ်းကြည့်လိုက်သောအခါ ဦးဝေလင်းကိုတွေ့လိုက်ရသည်။

ဦးဝေလင်းကို ခုတင်ပေါ်တွင် လှဲနေလျက်သားဖြင့် တစ် ကိုယ်လုံးကိုခုတင်နှင့်ပူးတွဲချည်နှောင်ထားသည်။

ဦးဝေလင်းက အောင်ဇော်မင်းကိုအံ့အားသင့်စွာကြည့်နေ ၍ အောင်ဇော်မင်းက သေနတ်ကို ဘယ်ဘက်သို့ပြောင်းကိုင်လိုက် သည်။ ကိုယ်ကိုကိုင်း၍ဘောင်းဘီအောက်နားစကိုမတင်လိုက်သည်။ ခြေသလုံးတွင် သားရေအိတ်ဖြင့် ထည့်၍သေသေချာချာစည်းထား သော ဓားမြှောင်ကိုထုတ်ယူလိုက်သည်။ ပြီးဦးဝေလင်းကို ချည်နှောင်ထားသောကြိုးများကိုဖြတ်ပေးလိုက်သည်။

"မင်းဘယ်လိုရောက်လာတာလဲ"

"နောက်မှပြောမယ်၊ အခုဒီကနေ ထွက်ဖို့အရေးကြီးတယ်"

ပြောပြောဆိုဆို ဦးဝေလင်းကို သူက ခုတင်ပေါ်မှ ဆွဲမ လိုက်ပြီး အခန်းအပြင်သို့ဦးဆောင်ထွက်ခဲ့သည်။ အခန်းအပြင်တွင် လဲကျနေသော အစောင့်၏သေနတ်ကိုပါ ကောက်ယူပြီး ဦးဝေလင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလှမ်းပေးလိုက်သည်။

"သူတို့ အနည်းဆုံးငါးယောက်ရှိမယ်၊ လက်မနေးမှ ရမယ် အိမ်ရှေ့ဘက်က ထွက်မယ်၊ ဦးလေး ကျွန်တော့်နောက်လိုက်ခဲ့"

အောင်ဇော်မင်းက ရှေ့မှ ဦးဆောင်ပြီးလျှောက်ခဲ့သည်။ ထောင့်ချိုးသို့အရောက်တွင် သတိထား၍ ထွက်လိုက်သည်။ လမ်း တစ်လျှောက် လူရှင်းနေသည်။

"ခပ်သုတ်သုတ်လျှောက်ပါဦးလေး၊ မျက်စေ့ကိုလည်း ရှင်ရှင်ထား"

အောင်ဇော်မင်းက ပြောပြောဆိုဆိုမပြေးရုံတမည်လှေကား ဆီသို့လျှောက်ခဲ့သည်။ အနှောင့်အယှက် တစ်စုံတစ်ရာမရှိ၊ လှေကား အတိုင်း ဆင်းခဲ့သည်။

လှေကားအဆုံး လမ်းအတိုင်းပြေးထွက်ရင်း မျက်နှာချင်း ဆိုင်မှပြေးထွက်လာသော လူတစ်ယောက်နှင့် ပင်ပင်းတိုးသွားသည်။ သူက သေနတ်ကို မြှောက်၍ ပစ်လိုက်သည်။ သူ့ပုခုံးတစ်ဖက်လည်း မီးစနှင့်အထိုးခံရသည့်နယ် ပူခနဲ ခံစားလိုက်ရသည်။ သူ ကြမ်းပြင်ပေါ် သို့လှိမ့်ချလိုက်စဉ်တစ်ဖက်မှလူသည်ပက်လက်လန်ကျသွားသည်။

"ကိုဇော်...ကိုဇော်..."





"ကိစ္စမရှိဘူးဦးလေး၊ ကျွန်တော်ဘာမှ မဖြစ်ဘူး"

အောင်ဇော်မင်း နေရာမှ ခုန်ထလိုက်သည်။ သူပြုံးလိုက်ပြီး အခန်းကျယ်ကြီးဆီသို့ကြည့်လိုက်သည်။ အခန်းကျယ်ကြီးမှာ လာစဉ် ကအတိုင်းပင် ရှင်းလင်းနေသည်။

အောင်ဇော်မင်း ဖျတ်ခနဲ ထွက်မည်အပြု ကြမ်းပြင်ပေါ်သို့ အမြန်ဝပ်ချလိုက်သည်။

"ဦးလေး...ဝပ်"

အခန်းကျယ်မှ လက်ခနဲဖြစ်သွားသော အရောင်ကြောင့် ကြမ်းပြင်ပေါ်ဝပ်လိုက်သည်နှင့် ကျည်ဆံက ရှီခနဲ ဖြတ်သွားသည်။

အောင်ဇော်မင်းကြမ်းပြင်ပေါ်မှောက်နေရာမှသေနတ်ကိုချ ဆားလိုက်ပြီး ဂျာကင်ကြယ်သီးတစ်လုံးကို ဖြုတ်လိုက်သည်။ ထိုအခိုက် သေနတ်သံတစ်ချက်ပေါ်လာပြီး သူ့ဘေးနံရံထဲသို့ဖောက် ဝင်သွားသည်။ သေနတ်သံတစ်ချက်ကြားရပြီး လူတစ်ယောက်ထိုးကျ သွားသည်။ ဦးဝေလင်း၏လက်ချက်ဖြစ်သည်။

အောင်ဇော်မင်းက သူ့လက်ထဲမှကြယ်သီးကို ဆ၍ အခန်း အလယ်သို့ ပစ်ပေါက်လိုက်သည်။ ဝုန်းခနဲ မြည်သံနှင့်အတူ အခန်းကျယ်ကြီးတွင် မီးခိုးလုံးများ ပိတ်ဖုံးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး...ထ"

အောင်ဇော်မင်းက ဦးဝေလင်းကို တိုးတိုးပြောပြီး နေရာ
နှန်ထဲကာ အခန်းကျယ်ထဲသို့ ပြေးဝင်သည်။ မီးခိုးများပိတ်ဖုံးနေသော
အခန်းကျယ်ကိုဖြတ်၍ တံခါးပေါက်ရှိရာသို့ ပြေးခဲ့သည်။

"ကိုဇော်...အပြင်မှာ ခွေးနှစ်ကောင်နဲ့ အစောင့်တစ်ယော
ရှိတယ်၊ မင်းနဲ့ငါ တစ်လမ်းစီ ခွဲပြေးမယ်"

"ကောင်းတယ်၊ ဦးလေးက မြှေ့ရှေ့ပေါက်ကိုပြေး၊ ကျွန်တေ
စောင့်ကြည့်နေမယ်၊ အပြင်ရောက်ရင် လမ်းကြားထဲပြေးပါ၊ ကျွန်တေ
ကားရှိတယ်"

"ကောင်းပြီ"

ဦးဝေလင်းက အရှယ်နှင့်မလိုက်အောင် သွက်လက်စွာဖြ
ပွင့်နေသော တံခါးပေါက်မှ အပြင်သို့ ခုန်ထွက်သည်။ အောင်ဇော်မင်း
က ခုန်ထွက်ပြီး ဆင်ဝင်အောက်တိုင်အကွယ်သို့ ဝင်လိုက်သည်။

ဦးဝေလင်း တံခါးပေါက်မှ ထွက်သွားသည်။ ဦးဝေလင်
အဆင်ပြေသွားသဖြင့် အောင်ဇော်မင်း တိုင်အကွယ်မှ ထွက်လို
သည်။ ထိုအခါ အိမ်နောက်ဖေးမှ ပြေးထွက်လာသော ခွေးကြ
နှစ်ကောင်ကိုတွေ့လိုက်ရသည်။





မာန်ဖီ၍ ပြေးလာသော ခွေးနှစ်ကောင်မှာ ကြောက်စရာ
ကောင်းလှသည်။ ခွေးနှစ်ကောင်အနက် တစ်ကောင်ကို သေနတ်ဖြင့်
ချိန်ရွယ်၍ ပစ်လိုက်သည်။ ပြေးလာနေသော ခွေးမှာ တုံ့ခနဲဖြစ်ပြီး ခွေ
ကျသွားသည်။ နောက်တစ်ကောင်ဆီသို့ လှည့်၍ ပစ်လိုက်သောအခါ
ကျည်ဆံထွက်မလာဘဲ မောင်းရိုက်သံသာ ပေါ်လာသည်။

အောင်ဇော်မင်း သေနတ်ကို ပခုံးလွယ်အိတ်ထဲသို့ပြန်ထည့်
ပြီး ဘောင်းဘီအောက်နားစကို မ,ကာ ဓားမြှောင်ကို ထုတ်ယူလိုက်
သည်။ ခွေးကြီးက ဒေါသတကြီး မာန်ဖီရင်း အောင်ဇော်မင်း ပေါ် ခုန်
အုပ်လိုက်သည်။

အောင်ဇော်မင်းက ဒူးကိုကွေး၍ လွတ်ရုံလေး ရှောင်လိုက်ပြီး
ခွေးကြီး၏ ရင်ဘတ်ထဲသို့ ဓားဖြင့်ထိုးလိုက်သည်။

ခွေးကြီး ရင်ဘတ်တစ်ခုလုံး သွေးချင်းချင်းနီနေပြီး မြက်ခင်း
ပေါ် လူးလှိမ့်နေစဉ်မှာပင် သူပြေးထွက်ခဲ့သည်။ ရင်တထိတ်ထိတ်နှင့်
ပြေးရင်း ခြံပြင်သို့ ရောက်ခဲ့သည်။ ထိုအချိန်မှာပင် ကားအနီလေး
သူ့ဘေးတွင် ထိုးရပ်လာသည်။

"တက်...ကိုဇော်..."

အောင်ဇော်မင်းသည် ကားရှေ့ခန်းတံခါးကိုဖွင့်၍ ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့တက်လိုက်သည်။ သူကားပေါ်ရောက်သည်နှင့်ဦးဝေလင်းကကာ
ကိုမောင်းထွက်လိုက်သည်။ မီးတောက်ကြီးများတက်လာပြီဖြစ်သေ
အိမ်အိုကြီးသည် သူတို့နောက်တွင် ကျန်ရစ်ခဲ့သည်။ အဝေးဆီ
မီးသတ်ကားဥဩသံကိုကြားလိုက်ရသည်။

အောင်ဇော်မင်းသည်ကားဒက်ရှ်ဘုတ်ပေါ်ရှိခလုတ်ကလေ
တစ်ခုကိုနှိပ်လိုက်သည်။ အံဝှက်လေးပွင့်သွားသောအခါအသင့်ရှိ
သော လက်ဖက်ရည်ဘူးလေးပေါ်လာသည်။ လက်ဖက်ရည်ခွက်
ကိုင်ရင်း ကားမောင်းနေရာမှ အံ့အားတသင့်ကြည့်လာသေ
ဦးဝေလင်းကိုပြုံးပြလိုက်လေသည်။

♥၄၄♥

# အခန်း(၁၄)

အောင်ဇော်မင်းသည် မကျေမနပ်နှင့် သူ့လက်စွဲတော်
သနတ်ကိုကြည့်လိုက်သည်။ ကျည်အိမ်ထဲမှကျည်ကတ်ကိုဖြုတ်ပြီး
စ်ဆေးလိုက်သည်။ ကျည်ကတ်ထဲတွင် ကျည်ဆံလေးတောင့် ကျန်
သေးသည်။

သူမောင်းရိုက်တံကိုစစ်ဆေးကြည့်လိုက်သည်။ မောင်းရိုက်
တံ လှုပ်ရှားမှု မမှန်တော့၊ အဖြေရှာကြည့်ရာ သေနတ်တွင် ချေးပိတ်
သည်။ မချွတ်ယွင်းသင့်သည့်ချွတ်ယွင်းချက်မို့သေဘောမှသိသိလေး
ဆးခဲ့ကြသည်။

သူသက်ပြင်းတစ်ချက်ချပြီး ထိုင်ရာမှ ထလိုက်ပြီးနောက်
ားပွဲပေါ်ရှိ ဓာတ်ဘူးထဲမှ ရေနွေးကိုယူကာ သေသေချာ

www.burmeseclassic.com



သေနတ်ပြောင်းထဲလောင်းထည့်ပြီးတိုက်ချွတ်၍စနစ်တကျအဆင့်ဆင့်သုတ်လိုက်သောအခါ မောင်းတံမကပ်စေဘဲ၊ ကျည်များကိုစစ်ဆေး၍ကျည်အိမ်ထဲထည့်လိုက်သည်။ သေနတ်ကို ပခုံးစလွယ်အိတ်ထဲသို့ လည်း လိုက်သည်။ သူ့ဂျာကင်မှ ကြက်သီးများကိုစစ်ဆေးကြည့်သည်။ သို့သော် ဂျာကင်အိတ်ဖုံးလက်များ၊ ကော်လံစသည်တို့တွင် ရှိနေသေးသည်။

ကြယ်သီးများကို စစ်ဆေးရင်း ဆွေဆွေသက်ကို သတိရလိုက်သည်။ ထိုကြယ်သီးများကို အတင်းအကြပ်တပ်ခိုင်းသူမှာဆွေဆွေသက်ပင်ဖြစ်သည်။ အကျဉ်းအကျပ်ထဲတွင် တန်ဖိုးရှိနေပြီဖြစ်သည်။

ဆွေဆွေသက်ကို သတိရကျေးဇူးတင်နေစဉ်မှိုမှိုစံကို သတိရလိုက်သည်။ ရွှန်းလဲ့တောက်ပသော အကြည့်နှင့် ရင်ခုန်ဖွယ်အလှကြောင့် အောင်ဇော်မင်းရင်ထဲတွင် အမည်မဖော်ပြနိုင်သော ဝေဒနာတစ်ရပ်ဖြင့် လှုပ်ရှားလာသည်။

ထိုစဉ် တံခါးခေါက်သံပေါ်လာသည်။ သေနတ်ကို ထုတ်ပြီးဂျာကင်ဘေးအိတ်ထဲကိုထည့်ကာ အိတ်ထဲလက်နှိုက်ပြီး တံခါးပေါက်ရှိရာသို့လျှောက်ခဲ့သည်။





တံခါးကိုဖွင့်လိုက်သောအခါဟိုတယ်ဝန်ထမ်းဖြစ်နေသည်။

"ဆရာ့နာမည်နဲ့ ပါဆယ်တစ်ထုပ်ရောက်နေပါတယ်"

"ကျေးဇူးပဲကွာ၊ အစ်ကိုလည်း မျှော်နေတာ"

အောင်ဇော်မင်းက အလုပ်သမားလက်ထဲမှ အထုပ်ကို ယူပြီးတစ်ထောင်တန် တစ်ရွက်ပေးလိုက်သည်။

"နေပါစေဆရာ"

"ဘာဖြစ်လို့လဲကွ၊ စေတနာနဲ့ပေးတာကိုလက်ခံပါ"

"ကျေးဇူးတင်ပါတယ်ဆရာ၊ ဒါပေမယ့်ကျွန်တော့်သူဌေးသိရင်မလွယ်ဘူး၊ အခုလိုပေးတာကိုမယူရဘူးလို့အမိန့်ထုတ်ထားပါတယ်"

"ဒါ ဒီနှစ်ယောက်တည်းသိတဲ့ကိစ္စကို သူကဘယ်လိုလုပ်သိနိုင်မှာလဲ ငါ့ညီရဲ့ ရော့...မင်းက ရိုးသားလို့နောက်ထပ်တစ်ရွက်"

ဟိုတယ်ဝန်ထမ်းကလေးက အောင်ဇော်မင်း အတင်းပေးသဖြင့်လက်ခံယူလိုက်သည်။

"မင်းတို့ဟိုတယ်ပိုင်ရှင်သူဌေးက တော်တော်စည်းကမ်းရှိတယ်"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇော်မင်း ခေါင်းညိတ်ပြလိုက်သည်နှင့် ဟိုတယ် ဝန်ထမ်း ထွက်ခွာသွားသည်။ အောင်ဇော်မင်း အခန်းတံခါးကို ပိ လိုက်သည်။

အခန်းထဲရှိစာရေးစားပွဲပေါ်ထိုင်မိသောအခါ ပါဆယ်ထုပ် ကြည့်လိုက်သည်။ ပါဆယ်ထုပ်ပေါ်တွင် သူ့အမည်ကိုတပ်ထား ပေးပို့သူနေရာတွင် သင့်မောင်ဟူသော နာမည်ကိုရေးထားသည်။ မသိသော အမည်ကလေးက ထူးခြားချက်ပင်ဖြစ်သည်။

ပါဆယ်ထုပ်ကို ချထားပြီး နံရံကပ်ဗီရိုထဲရှိ ခရီးဆောင်အိ ထဲမှ အရှည်တစ်လက်မခန့်ရှိ ဖန်ဘူးလေးကို ထုတ်ယူလိုက်သည်။

စားပွဲပေါ်ရှိ ပါဆယ်ထုတ်မှ သင့်မောင် စာလုံးမှ အနက်စ ကို လက်သည်းဖြင့်ထိုးကော်ခွာယူလိုက်သည်။ လက်ထဲတွင်ပါ သော အစက်ကလေးကိုတစ်ဖက်ပိတ် ဖန်ဘူးအဖိတ်ကိုဖွင့်၍အတွင် အံဝှက်ကလေးပေါ်တင်လိုက်သည်။ ပြီးစာကြည့်မီးလုံးကိုဖွင့်၍ဖန်ဘူ လေးကို မျက်လုံးတွင်ကပ်ပြီး မီးရောင်အတိုင်း ထောင်ကြည့်လို သည်။

ဖန်ဘူးလေးသည်အလွန်အားကောင်းသော မိုက်ခရိုစကုပ် မှန်ဘီလူးဖြစ်၍ အနက်စက်ကို အဆပေါင်းများစွာ ချဲ့လိုက်သည်





ထိုအခါ လူတစ်ယောက်၏ ကိုယ်တစ်ပိုင်းပုံကိုမြင်ရသည်။ ထိုပုံမှာ လေယာဉ်ကွင်းအဆင်းတွင် မနေ့ကတိုက်မိမလိုဖြစ်ခဲ့သူဖြစ်ကြောင်းသတိ ရလိုက်သည်။

ဖန်ဘူးလေးကို ချထားပြီး ပါဆယ်ထုပ်ကို ဖွင့်လိုက်ရာ စာအုပ်တစ်အုပ်ထွက်လာသည်။ လျှို့ဝှက်သင်္ကေတများကို အသုံးပြု ထားသည်။ သူ့အတန်ကြာအောင် ရှာဖွေမှ ဝင်းအောင်ဆိုသော စကားလုံးနှင့် စာများကို ဖော်၍ရသည်။

ဝင်းအောင်၊ နီလာဟိုတယ်ပိုင်ရှင်၊ လျှို့ဝှက်ကိုယ်စားလှယ် ၏သက်ကာမကင်းခံရသူ၊ မြင်သာဟိုတယ်ကိုလည်းပိုင်၊ နောက်ကွယ်မှ ကြိုးဆွဲနေသူ၊ သူနှင့်ပတ်သက်၍ရဲမှတ်တမ်းမရှိ။

*ဇော်သို့*

*လျှို့ဝှက်ကိုယ်စားလှယ်နှင့်ဆက်သွယ်၊*

*နီလာဟိုတယ်ငွေသိမ်းကောင်တာတွင်ရှိ*

*အောင်မြင်ပါစေ။*

*ထွန်း*

လျှို့ဝှက်စာများကိုဖတ်ပြီး မီးရှို့လိုက်သည်။ မိုက်ခရိုဖလင်ကို ပါမီးတောက်ထဲ ပစ်ချလိုက်သည်။ မီးလောင်နေသော စေးဆေးပြာခံ



www.burmeseclassic.com

www.burmeseclassic.com



ခွက်ကိုကြည့်ရင်း အောင်ဇော်မင်း မျက်မှောင်ကြုတ်သွားသည်။ ဝင်းအောင် ဆိုသော ရန်သူတစ်ယောက် မထင်မှတ်ဘဲ တိုးလာပြီဖြစ်သည်။

ရဲမြင့်နောက်တွင် ရှိနေသူမှာ ဦးဝင်းအောင်ဖြစ်နေမလားဟု တွက်ဆလိုက်သည်။ သူ့အနေဖြင့် မြို့သာသို့ရောက်နေသည့်နေ့ရက်အတွင်း နဂါးနက်ဂိုဏ်းကိုမကြာမီဖော်ထုတ်နိုင်မည်ဟုယုံကြည်သည်။

စာရွက်တစ်ရွက်လုံး မီးလောင်ပြာကျသွား၍ စိတ်အေးလက်အေးရှိမှ အောင်ဇော်မင်း အခန်းအပြင်သို့ထွက်ပြီး ဟိုတယ်အောက်သို့ဆင်းခဲ့သည်။

ဟိုတယ်အောက်ထပ် ငွေသိမ်းကောင်တာရှေ့တွင် အောင်ဇော်မင်းရပ်မိသောအခါကောင်တာနောက်တွင် ထိုင်နေသော စာရေးက ဖျတ်ခနဲမော့ကြည့်သည်။

"ကျွန်တော့်အတွက် ပါဆယ်များရောက်နေလားမသိဘူး"

အောင်ဇော်မင်းက အဖွဲ့သုံးလျှို့ဝှက်ကြေးနန်းသင်္ကေတဖြင့် ကောင်တာစားပွဲကိုတခေါက်ခေါက် ခေါက်ရင်းမေးလိုက်သည်။

"ပို့ပြီးပါပြီ"

"ရပါတယ်၊ နောက်ထပ်ရှိသေးသလားလို့ပါ"





အောင်ဇော်မင်း ထပ်မေးလိုက်မှ စာရေး၏မျက်လုံးအစုံသည် တခေါက်ခေါက်ခေါက်နေသော လက်ဆီသို့ရောက်သွားပြီး ပြုံးလိုက်သည်။

"ကျွန်တော် တင်အေးပါ၊ ဗိုလ်မှူးရဲ့တူတော်ပါတယ်"

"ကိုယ်က သူ့သားပါ"

"ဟုတ်ကဲ့… အစ်ကို့နာမည် အောင်ဇော်မင်းနော်…"

အောင်ဇော်မင်း ခေါင်းညိတ်လိုက်သည်။

"အစ်ကို့အတွက် အထုပ်တစ်ထုပ်ရှိတယ်၊ ဒီမှာ လက်ခံရရှိကြောင်း လက်မှတ်ထိုးပါ"

တင်အေးက စာရွက်တစ်ရွက်ပေးလာသည်နှင့် အောင်ဇော်မင်းသည် ထိုစာရွက်တွင် လက်မှတ်ထိုးပေးလိုက်သည်။ စာရွက်တွင် လက်မှတ်ထိုးပြီးသည်နှင့် တင်အေးက ကောင်တာအောက်ရှိ အထုပ်တစ်ထုပ်ကိုယူ၍ လှမ်းပေးလာသည်။ အောင်ဇော်မင်းသည် ထိုအထုပ်ကို စစ်ဆေးဘဲ လှမ်းယူလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

အောင်ဇော်မင်းသည် တင်အေးကို နှုတ်ဆက်၍ အထုပ်ပိုက်ပြီး အပေါ်ထပ်သို့ပြန်တက်ခဲ့သည်။ အပေါ်ထပ် သူ့အခန်းထဲသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ အထုပ်ကိုဖြေကြည့်လိုက်သည်။ အထုပ်ထဲတွင် ဓာတ်ခဲသုံး ရေဒီယိုဖြစ်သည်။

အောင်ဇော်မင်းသည် ရေဒီယိုကို စားပွဲပေါ်တင်ထားလိုက်သည်။ အထုပ်ထဲတွင် ကျန်နေသော သံဘူးပြားလေးကို ဖွင့်ကြည့်လိုက်သည်။ သံဘူးပြားလေးထဲတွင် ကော်ကိုင်းတပ် စာကြည့်မျက်မှန် တစ်လက်နှင့် လက်သည်းခွံသာသာရှိ မိုက်ကရိုဖုန်းလေးဖြစ်သည်။

စာကြည့်မျက်မှန်၊ မိုက်ကရိုဖုန်းသည် သူနှင့် ကျွမ်းဝင်ပြီးဖြစ် နေသည်။ သူသည် စာကြည့်မျက်မှန်ကိုထုတ်ယူတပ်ဆင်လိုက်သည် ပြီး သူ့အခန်းနှင့်နံရံခြားသော တစ်ဖက်ခန်းသို့ လှမ်းကြည့်လိုက်သည်။

မျက်မှန်က အကာအရံများ၊ နံရံများကို ဖောက်မြင်နေ ရသည်။ မျက်မှန်အကြောင်းကို သိလိုက်သောအခါ ဖြုတ်ပြီး ပြန် ထည့်လိုက်သည်။

♥၃၃♥



အခန်း (၁၅)

တံခါးခေါက်သံကြားလိုက်ရသည်နှင့် ကျော်ကျော်ဖြစ်မည် ဟု တွက်ဆလိုက်သည်။ တံခါးကို သွက်လက်စွာဖွင့်လိုက်မိသည်နှင့် အောင်ဇော်မင်း ရုတ်တရက် အံ့အားသင့်သွားသည်။

"ဟင်...မို့မို့.."

အောင်ဇော်မင်းအံ့သြနေစဉ် မို့မို့စံက အခန်းထဲသို့ လှမ်းဝင် ပြီး တံခါးကိုပြန်ပိတ်လိုက်သည်။

"ဘာကြောင့်နေတာလဲကိုဇော်"

"ဩော်... ဟို မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ပါ၊ မို့မို့ ဒီကိုလာ ယ်လို့ မထင်ထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မို့မို့ဒီကိုလာတာ ဆန်းနေလို့လား၊ မလာသင့်ဘူးလား"

မို့မို့စံက မျက်နှာကလေး ထောင့်ကပ်၍ တရင်းတနှီးပြော လိုက်သဖြင့် အောင်ဇော်မင်း ရင်မှာ မသိမသာ ခုန်သွားသည်။ မို့မို့စံမှာ ရဲတင်းသလိုဖြစ်နေသည်ဟု ထင်လိုက်မိသည်။

"မဟုတ်ပါဘူး၊ မို့မို့က ကိုယ့်ရဲ့ရန်သူ အဖွဲ့အစည်းထဲက မဟုတ် လား၊ အဲဒါကြောင့် ပြောတာပါ"

"ဘာလဲ...မို့မို့ကို မသင်္ကာလို့လား"

"အို....ဒီလိုမဟုတ်ပါဘူး၊ မို့မို့..."

အောင်ဇော်မင်းက ပျာပျာသလဲ တောင်းပန်လိုက်သည်ကို ကြည့်၍ မို့မို့စံ ရယ်မောလိုက်သည်။

"ဘယ်လိုလဲ ကိုဇော်ရဲ့၊ ဒီလိုပဲ ရပ်နေရတော့မှာလား"

ထိုအခါမှ အောင်ဇော်မင်းပြုံးလိုက်ပြီး မို့မို့စံကို လမ်းဖယ်ပေး လိုက်သည်။

"ဆောရီး မို့မို့၊ ထိုင်ပါ၊ ကိုယ်ကိုယ်တိုင်ကလည်း ဧည့်သည် ဆိုတော့ ဧည့်ခံစရာ ဘာမှမရှိဘူး၊ အောက်ထပ်က ကော်ဖီမှာပေးမယ်"

"ကိုဇော်က စေတနာရှိလို့ ကျွေးတာဆိုတော့ မို့မို့ကလည်း စားပါမယ်ရှင်"





အောင်ဇော်မင်းက တယ်လီဖုန်းခွက်ကို မ၍ ဟိုတယ်စား သောက်ခန်းသို့ စားသောက်ဖွယ်ရာများ မှာလိုက်သည်။

"ကော်ဖီတစ်အိုးနဲ့ ဆင်းဒဝစ်ရှ် မှာလိုက်တယ်၊ ကိုယ့် အတွက်လည်း နေ့လည်စာလွှတ်တာပေါ့"

အောင်ဇော်မင်းက ပြောပြောဆိုဆို မို့မို့စံနှင့် မျက်နှာချင်း ဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ဦးလေးနဲ့ပတ်သက်လို့ သတင်းပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်၊ ကိုယ့်အနေနဲ့လည်း မို့မို့ကို ကူညီနိုင်တာရှိရင် ကူညီ ပါ့မယ်"

"အချိန်ကျလို့ ကူညီစရာကိစ္စပေါ်လာတဲ့အခါကျရင်သာ ငြင်းပါနဲ့ကိုဇော်၊ မို့မို့မှာ အကူအညီလိုနေတာ အမှန်ပဲ"

"ဘယ်လိုကူညီရမယ်ဆိုတာ ကိုယ်မသိရဘူးလား"

မို့မို့စံက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"စောပါသေးတယ် ကိုဇော်... ကိုဇော့်ကို စတွေ့တွေ့ချင်း ကတည်းက မို့မို့ကို ကူညီနိုင်မယ်လို့ စိတ်ထဲမှာ ယုံကြည်မိတယ်၊ ဒါပေမယ့် အခုအခြေအနေမပေးသေးဘူး၊ အားလုံးကိုလည်း ဖွင့် ပြောရဲသေးဘူး၊ ကိုဇော်က မို့မို့ကို နဂါးနက်ရဲ့အဖွဲ့သားလို့ ထင်ဘဲ

www.burmeseclassic.com



ဆွေမျိုးသားချင်းလိုသဘောထားပါ"

"ကိုယ့်စိတ်ထဲမှာ ဒီလိုဖြစ်နေပါတယ်လို့ မို့မို့ဘယ်လိုလုပ် ပြောနိုင်တာလဲ"

"မို့မို့သိပါတယ် ကိုဇော်"

"သိတယ်၊ ဘာကိုသိတာလဲ"

"မို့မို့ပြောရင် ကိုဇော်ယုံချင်မှယုံမယ်၊ မို့မို့က လူတစ်ယောက်ရဲ့စိတ်ကို ဖတ်တတ်တယ်၊ အာရုံစူးစိုက်မိရင်ပေါ့၊ အခုအထိတော့မ... သေးဘူး"

"မို့မို့က စိတ်ပညာကို လေ့လာဖူးသလား"

"ဟင့်အင်း... ဒါပေမယ့် မို့မို့ ပုတီးစိပ်တယ်၊ စိတ် အာ... တည်ငြိမ်အောင် ကြိုးစားရင်းနဲ့ ဖြစ်လာတာပါ၊ စိတ်ကို လေ့ကျင့်... စိတ်အားရတာပေါ့"

မို့မို့က စိတ်ပါလက်ပါရှင်းပြနေသည်။ ကိုအောင်ဇော်မင်းအ... ကြည့်နေသည်။

ထိုစဉ်အပြင်ဘက်မှ တံခါးခေါက်သံပေါ်လာသည်။

အောင်ဇော်မင်းက တံခါးပေါက်ဆီသို့ လျှောက်သွားရင်... မို့မို့စံကို မျက်ရိပ်ပြလိုက်သည်။ မို့မို့စံကလည်း ချက်ချင်း ရေ...





...ထဲသို့ဝင်လိုက်သည်။ ထိုအခါကျမှ အောင်ဇော်မင်း တံခါးဖွင့်ပေး...လိုက်သည်။

"ဆရာမှာထားတဲ့ကော်ဖီ"

"အေး... ကျေးဇူးပဲ"

အောင်ဇော်မင်းက ဟိုဘက်ဝန်ထမ်းပေးသော ဗန်းကိုလှမ်း...ယူလိုက်သည်။ အောင်ဇော်မင်းက တံခါးရွက်ကို ခြေဖ...ဖြင့်ဆွဲပြီး ...ဘက်ပြန်ပိတ်လိုက်သည်။

"မို့မို့ရေလာတော့"

ဗန်းကိုစားပွဲပေါ်တင်ရင်း လှမ်းခေါ်လိုက်သည်။

"အပြင်မှာဘာမှမရှိတော့ဘူး၊ ထွက်ရင်ထွက်ခဲ့တော့ အပြင်...ကော်ဖီရောက်နေပြီ"

မို့မို့စံ သူ့ရှေ့မှာလာထိုင်သည်။ အောင်ဇော်မင်းက ကော်ဖီ...ဖျော်ပေးလိုက်သည်။

"လက်ဖက်ရည်ဆိုရင်လည်း ကိုယ်ကကျကျမှကြိုက်တယ်၊ ...ကော်ဖီဆိုရင်လည်း ခါးခါးမှ မို့မို့ရော"

"ကိုဇော့်အကြိုက်အတိုင်းပဲပေးပါ"

အောင်ဇော်မင်းက ဖျော်ပြီးသားကော်ဖီကို မို့မို့စံဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



တိုးပေးလိုက်သည်။ ကျန်ပန်းကန်လုံးတစ်လုံးဖြင့် သူ့အတွက် ဖျော်
လိုက်သည်။

"ကော်ဖီသောက်ပါ၊ ဆင်းဒဝတ်ရှ်လည်းစားပါ"

မို့မို့စံက ကော်ဖီတစ်ငုံသောက်လိုက်ပြီး အသားညှ
ပေါင်မုန့်တစ်ခုကိုလှမ်းယူလိုက်သည်။

"ကဲကော်ဖီတိုက်ပြီးအကူအညီတစ်ခုတောင်းဦးမယ်"

"ဘာများလဲကိုဇော်"

"ကိုယ့်ရဲ့ပစ္စည်းလေးတစ်ခုကို ရဲမြင့်စားပွဲမှာ ထားပေး
လား"

မို့မို့တစ်ခဏမျှအောင်ဇော်မင်းကိုတွေပြီးကြည့်နေသည်၊

"ယုံမှုနိုင်းပါနော်"

"ကိုယ့်ရဲ့တာဝန်နဲ့ ဗီဇကတော့ ဘယ်သူကိုမှ မယုံတာ
အမှန်ပဲ၊ အထူးသဖြင့် မို့မို့လိုရန်သူ့လက်ထဲက မိန်းကလေးကို ပိုပြီ
မယုံသင့်ဘူး၊ ဒါပေမယ့် ကိုယ်မို့မို့ကိုယုံတယ်၊ ဘာကြောင့်လဲတော
မသိဘူး"

"ကဲထားပါတော့ စကားတတ်တိုင်းပြောနေတယ်၊ ဘ
ပစ္စည်းလည်းဆိုတာရောမို့မို့သိခွင့်ရှိလား"





အောင်ဇော်မင်းက ဆတ်ခနဲ ခေါင်းညိတ်ပြီး ဂျာကင်အိတ်
ထဲမှ လက်သည်းခွံသာသာခန့်ရှိ မိုက်ကရိုဖုန်းကလေးကိုထုတ်ယူ
လိုက်သည်။

"ဒီပစ္စည်းလေးပဲ၊ ဒါဟာ လေးဆယ့်ရှစ်နာရီခံတဲ့ အသံလွှင့်
အသံဖမ်းစက်ကလေးပဲ၊ ဒီမှာတွေ့လား၊ ဒီအနီစက်ကလေးဟာ
ခလုတ် ပဲ၊ ဒီခလုတ်ကို နှိပ်ထားလိုက်ရင် စက်ကအလုပ်လုပ်တယ်၊
သူ့ကို တိုးဝင်တဲ့အသံကိုဖမ်းပြီး ပြန်လွှင့်ပေးတယ်၊ မို့မို့ ထားခါနီးမှာ
ဒီခလုတ်ကလေးကိုနှိပ်လိုက်ပေါ့"

မို့မို့စံက အောင်ဇော်မင်း လက်ထဲမှ မိုက်ကရိုဖုန်းလေးကို
လှမ်းယူလိုက်သည်။

"အမှတ်တမဲ့ကြည့်ရင် ကြယ်သီးလေးလိုပဲနော်၊ အံ့ဩဖို့
ကောင်းလိုက်တာ"

"မို့မို့ထားပေးမယ်မဟုတ်လား"

မို့မို့စံက ခေါင်းကိုညင်သာစွာ ညိတ်ပြလိုက်သည်။

"ထားပေးပါ့မယ်၊ သူ့စားပွဲဘေးက အမှိုက်ခြင်းထဲ ထည့်
ထားမယ်၊ အမှိုက်ခြင်းကို သုံးလေးရက်နေမှ တစ်ခါရှင်းတော့ အချိန်
လည်းရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲမို့မို့၊ နောက်တစ်ခုလောက်သိချင်တယ်"

"ဘာများလဲကိုဇော်"

"နဂါးနက်အသင်းနဲ့ ပတ်သက်လို့မို့မို့ဘယ်လောက်များသိ
ထားလဲ"

မို့မို့စံက အောင်ဇော်မင်းကိုပြုံးကြည့်လိုက်သည်။

"မို့မို့ပြောရင် ကိုဇော်ယုံချင်မှယုံမယ်၊ အမှန်အတိုင်းပြော
ရင် မို့မို့ဘာမှ မသိပါဘူး၊ ဝမ်းရေးအတွက် မြိုင်သာဟိုတယ်မှာ အလု
ဝင်နေလို့ သူတို့နဲ့ ပတ်သက်နေရတာပါ"

"ကိုယ်သိပါတယ်"

"မို့မို့ကတိတော့မပေးရဲဘူး ၊ ဒါပေမယ့် ကိုဇော့်အတွ
အထောက်အကူဖြစ်မယ့်သတင်းရအောင် ကြိုးစားပါ့မယ်၊ မို့လည်
သူတို့လက်ထဲက ထွက်ချင်နေတာပါ၊ သူတို့က နိုင်ကွက်တစ်ခုနဲ့ကိ
ထားလို့ပါ"

အောင်ဇော်မင်းက မို့မို့စံကိုစူးစူးစိုက်စိုက်ကြည့်လိုက်သည
မို့မို့စံ၏မျက်နှာလှလှလေးတွင် အားငယ်နေဟန်ကို မကွယ်မဝှက်
ပေါ်လွင်နေသည်။

"မို့မို့ကို သူတို့ဘယ်လို အနိုင်ကျင့်နေတယ်ဆိုတာ ပြော





ပါလား၊ ကိုယ်တစ်ခုခုတော့ လုပ်ပေးနိုင်မယ်ထင်တယ်"

မို့မို့စံက သက်ပြင်းတစ်ချက် ချပြီး ခေါင်းကို ဖြည်းညင်းစွာ
ခါယမ်းလိုက်သည်။

"ဒီကိစ္စကို ကိုဇော်မတတ်နိုင်ပါဘူးရှင်၊ မို့မို့ရဲ့အဖေက သူတို့
လက်ထဲမှာရှိနေတယ်၊ မို့မို့ကိုယ်တိုင်တောင် ဖေဖေ ဘယ်မှာရှိတယ်ဆို
တာ မသိရဘူး၊ သူတို့အကြောင်း ကို သိပ်မသိပေမယ့် သိသင့်သ
လောက်သိတာလေးတွေရှိပါတယ်၊ ဒါကလည်း ကိုဇော့်အတွက် သိပ်
မထူးပါဘူး၊ တရားမဝင်ပစ္စည်းတွေ မှောင်ခိုလုပ်နေတာပဲ၊ မို့မို့
ကိုယ်တိုင် တစ်ခါတစ်ရံ သူတို့အလုပ်ထဲ ဝင်လုပ်ပေးရတယ်"

"ခုနေအခါမှာတော့ ကိုယ် မို့မို့ရဲ့အဖေကို ကယ်တင်ပေး
မယ်လို့ မပြောနိုင်သေးဘူး၊ ဒါပေမယ့် အကြောင်းတိုက်ဆိုင်လာရင်
သိအောင် နာမည်လေးပြောပြပါလား"

"ဖေဖေ့နာမည်က ဦးမြတ်စံတဲ့၊ ပြောရရင်တော့ ရှက်စရာ
ဖေဖေက ဘိန်းဖြူစွဲပြီး သူတို့လက်ခုပ်ထဲကရေဖြစ်နေတာ၊ ကဲ ကိုဇော်
ကော်ဖီလည်းသောက်ပြီးပြီ၊ မုန့်လည်း စားပြီးပြီး၊ စကားတွေလည်း
ပြောပြီးပြီ၊ ပြန်မယ်"

အောင်ဇော်မင်းက မို့မို့စံကို ရီဝေစွာကြည့်ရင်း ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်သည်။ မို့မို့စံ ထိုင်ရာမှထပြီး တံခါးပေါက်ရှိရာသို့ လျှောက်သွားသည်။ တံခါးကိုဖွင့်နေရင်း အောင်ဇော်မင်းကို လှည့်ကြည့်လိုက်သည်။

♥နှိုင်း♥

အခန်း (၁၆)

မုဆိုးရှိရာသို့သားကောင်လာခြင်းဖြစ်သည်။

တစ်နေ့တွင် ဦးဝင်းအောင်နှင့်တွေ့ချင်သည်။ တွေ့မည့်ဆွေ့တော့အောင်ဇော်မင်းတစ်ယောက်တည်းနီလာဟိုတယ်အောက်ဆပ်တွင် ညစာစားနေစဉ် ဦးဝင်းအောင် ရောက်လာသည်။ သူ့စားပွဲအနားတွင် လာရပ်ပြီးပြုံးပြသည်။

"ကျွန်တော် ထိုင်ပါရစေနော်"

"ဩော်...ထိုင်ပါခင်ဗျာ...ထိုင်ပါ"

ဦးဝင်းအောင်က အောင်ဇော်မင်းကို ရင်းနှီးခင်မင်ဟန်ပြုံးကြည့်ရင်း မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ဒီကမိတ်ဆွေက ကိုအောင်ဇော်မင်းပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ၊ ကျွန်တော် အောင်ဇော်မင်းပါ"

"ဒီမှာတည်းခိုရတာ အဆင်ပြေရဲ့လား၊ စိတ်တိုင်းမကျ
များ ရှိလား"

"မတွေ့မိပါဘူးခင်ဗျာ၊ အားလုံးအဆင်ပြေပါတယ်၊ ဒါထ
ဦးက..."

"ကျွန်တော် ဝင်းအောင်ပါ၊ ဒီနေရာဟိုတယ်ပိုင်ရှင်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ အစလိုဧည့်သည်
ဂရုစိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဦးဝင်းအောင်
ကျွန်တော်မြင်ဖူးတယ်ဗျ"

ဦးဝင်းအောင်က အသံထွက်အောင် ရယ်လိုက်သည်။

"ကိုအောင်ဇော်မင်းကလည်း မေ့တတ်လိုက်တာ
မနေ့က ကျွန်တော်တို့ လေယာဉ်မှာတိုးမိမလိုဖြစ်လို့ တစ်ယော
တစ်ယောက်မိတ်ဆက်ခဲ့တယ်လေ"

"ဪ...ဟုတ်သားပဲ၊ ဟိုနေ့က အမှတ်တမဲ့မို့ သတိမ
လိုက်မိဘူး၊ တစ်ခုခုသောက်ပါလား ဦးဝင်းအောင်"

"နေပါစေဗျာ...တိုက်ချင်တိုက်ရင် ကျွန်တော်က တိုက်
ပေ့ါ၊ ကျွန်တော်ကအိမ်ရှင်ပဲ၊ ဒီညစာကို ကျွန်တော်ရှင်းပါ့မယ်"





ဦးဝင်းအောင်သည် အောင်ဇော်မင်းကို ရယ်ရယ်မောမောနှင့်ပြောပြီး အနားမှဖြတ်သွားသော စားပွဲထိုးကို လက်နှစ်ချောင်းထောင်ပြလိုက်သည်။

"ကိုအောင်ဇော်မင်းက ရန်ကုန်က လာတာနော်"

"ဟုတ်ပါတယ်"

"စပ်စုတယ်လို့မထင်နဲ့နော်၊ အရောင်းအဝယ်ကိစ္စနဲ့လာတာလား"

"မဟုတ်ပါဘူးဗျာ၊ အနားယူဖို့လာတာပါ၊ ဒါပေမယ့်မြို့ငယ်သာကနာမည်ကြီးသလောက် ပျော်စရာ ရှာလို့မတွေ့သေးဘူး၊ နည်းနည်းစိတ်ဝင်စားစရာကောင်းတာဆိုလို့ မြို့ငယ်သာဟိုတယ်က တီးဝိုင်းပဲရှိတယ်"

"ကိုအောင်ဇော်မင်းက ဘယ်လိုပျော်စရာတွေကိုကြိုက်လို့လဲ၊ ဆန္ဒရှိတာပြောပါ၊ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

အောင်ဇော်မင်းက စားလက်စထမင်းကို လက်စသတ်ပြီး ထိုင်ရာမှထကာ ဦးဝင်းအောင်နားသို့ကပ်၍ တစ်စုံတစ်ရာ ပြောလိုက်သည်။

"ဪ...ဒါများဗျာ၊ စိတ်ချ၊ ခင်ဗျားကို အကောင်းဆုံးနေရာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားမယ်"

"စိတ်ချရရဲ့လား ဦးဝင်းအောင်"

"ခင်ဗျားကို ကျွန်တော့်ဧည့်သည်အဖြစ်နဲ့ခေါ်သွားမှာပါ ကိုအောင်ဇော်မင်း။ မဲ့တစ်ပေါက်တောင် မစွန်းစေရပါဘူး"

"ဘယ်အချိန်လောက် သွားမလဲ"

ဦးဝင်းအောင်က လက်တွင်ပတ်ထားသော နာရီကို မြှောက်ကြည့်လိုက်သည်။

"နောက်ထပ် ၁ နာရီလောက် အချိန်ရပါတယ်၊ အခု ခုနစ်နာရီ၊ ဟိုမှာ ရှစ်နာရီလောက်မှ အစီအစဉ်စတာ"

အောင်ဇော်မင်းက ဦးဝင်းအောင်ကို ကြည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကျွန်တော်က ကံစမ်းရုံစမ်းချင်တာ၊ ဟိုမှာက ဉာဏ်သမားတွေ မရှိဘူး မဟုတ်လား"

"ဟာ...မရှိပါဘူး၊ အားလုံးက စိတ်အပန်းဖြေချင်လို့လာကြတဲ့ လူကြီးလူကောင်းတွေချည်းပဲ၊ ကျွန်တော်က အဲဒါကို စိတ်မဝင်စားဘူး၊ အဲဒီအပန်းဖြေဖို့ရှိတဲ့ မော်ဒယ်လ်လေးတွေကိုပဲ စိတ်ဝင်စားတယ်"





ဦးဝင်းအောင်၏ အဆီပြန်နေသော မျက်နှာကို ကြည့်ရင်း အောင်ဇော်မင်း သိလိုက်သည်။ ထိုအခိုက်မှာပင် ဦးဝင်းအောင်ရှေ့တွင် အရက်တစ်ခွက်လာချပေးသည်။ အောင်ဇော်မင်းရှေ့တွင် လက်ဖက်ရည်တစ်ခွက်လာချပေးသည်။ လက်ဖက်ရည်ကို တရှူးရှူးနှင့် မှုတ်သောက်လိုက်ပြီး ဦးဝင်းအောင်ကို နှုတ်ဆက်လိုက်သည်။

"ပြင်ဆင်စရာလေးတွေ ပြင်ရအောင် ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ကျွန်တော် အပေါ်ပြန်တက်လိုက်ဦးမယ်"

ဦးဝင်းအောင်ကို နှုတ်ဆက်၍ စားသောက်ခန်းမှထွက်ခဲ့ပြီး အပေါ်ထပ်သို့တက်ခဲ့သည်။ အခန်းထဲသို့ရောက်သည်နှင့် ပထမဆုံး အခန်းတစ်ခုလုံးကို စစ်ဆေးကြည့်ရှုလိုက်သည်။ ထို့နောက် နံရံကပ်ဗီရိုကို ဖွင့်၍ ခရီးဆောင်အိတ်ထဲမှ ရွှေရောင်စီးကရက်ဘူးတစ်ဘူးကို ယူသည်။ စီးကရက်ဘူးကို ဂျာကင်အိတ်ထဲထည့်လိုက်ပြီး ခေါင်းရင်းစားပွဲရှိရာသို့လျှောက်ခဲ့၍ ကော်ကိုင်းမျက်မှန်ကိုကောက်ယူလိုက်သည်။

ယူစရာပစ္စည်းများ ယူပြီးသည်နှင့် အောင်ဇော်မင်း စာရေးစားပွဲပေါ်ထိုင်လိုက်သည်။ စားပွဲပေါ်ရှိ ဓာတ်ခဲသုံးရေဒီယိုလေးကိုလည်း ယူပြီး ရေဒီယာတိုင်ကိုဆွဲထုတ်လိုက်သည်။ အနီရောင်အမှတ်အသား



www.burmeseclassic.com

www.burmeseclassic.com



ပါသော ခလုတ်များကိုဖွင့်လိုက်သည်။

ရေဒီယိုမှ တဂျိဂျိနှင့်မြည်သံကြားရသည်။ ထိုအသံကမိုး အသံဖမ်းစက်လေးကို ထားခဲ့ပြီဖြစ်ကြောင်း သိလိုက်သည် အောင်ဇော်မင်းသည်စက်ဖွင့်ထားရင်းခုတင်ပေါ်လှဲနေသည်။ ထို ရေဒီယိုမှတယ်လီဖုန်းမြည်သံပေါ်လာသည်။

တယ်လီဖုန်းမြည်သံကြောင့် အောင်ဇော်မင်း ဆတ် အိပ်ရာမှထလိုက်သည်။

"အမိန့်ရှိပါမြိုင်သာဟိုတယ်ကပါ"

"ရဲမြင့်လားဟေ့"

"ဟုတ်ကဲ့ ဆရာကြီး"

"အောင်ဇော်မင်း အမှတ်သုံးအိမ်ကို လာလိမ့်မယ်၊ ဒီ မင်း အဆင်သင့်လုပ်ထား၊ သူ့ကိုဆွဲရင် ငါနဲ့ပတ်သက်တယ်ဆို မသိစေချင်ဘူး၊ ငါကိုယ်တိုင် ပါတဲ့အခေါက်မှာ သူ့ကိုမလွှတ်စေချင် သိလား"

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်အဆင်ပြေအောင်လုပ် ပါ့မယ်"

"အေး...ဒါပဲ၊ အခု ခုနစ်နာရီခွဲတော့မယ်၊ ငါတို့ ရှစ်





အရောက်လာမယ်"

"ဟုတ်ကဲ့...ဆရာကြီးစိတ်ချပါ"

ဖုန်းချသွားပြီး ရေဒီယိုမှ တဂျိဂျိမြည်သံဆက်ကြားနေရ သည်။ အောင်ဇော်မင်း ထိုင်ရာမှထပြီး ရေဒီယိုကို လှမ်းပိတ်လိုက် သည်။ မို့မို့စံကို ကျေးဇူးတင်မိသည်။

အောင်ဇော်မင်းထိုင်ရာမှထစဉ်တယ်လီဖုန်းခေါ်င်းလောင်း သံပေါ်လာသည်။ ဖုန်းခွက်ကိုမ.၍ထူးလိုက်သည်။

"ကိုဇော်လား"

"ဟုတ်ပါတယ်"

"ကျွန်တော်ကျော်ကျော်ပါ၊ ဒီနေ့ကိုဇော်ရောက်လာမလား သို့မျှော်နေသေးတယ်"

"ကျွန်တော်နည်းနည်းအလုပ်များသွားလို့၊ မနက်ဖြန်မှတွေ့ ယ်၊ အခုလည်းသွားစရာ တစ်ခုရှိနေတယ်"

"ကောင်းပြီ၊ မနက်ဖြန်မှတွေ့မယ်"

ဖုန်းခွက်ကို ပြန်ချရင်း စဉ်းစားမိသွားသည်။ ကျော်ကျော် ာစ်ယောက် အကြောင်းမဲ့ဖုန်းဆက်ခြင်းမဟုတ်။ ပြောစရာစကားရှိ ်သည်။ မနက်ဖြန်မှမေးတော့မည်။ အောင်ဇော်မင်းလက်ပတ်နာရီကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ ရှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်သာ လိုတော့သည်။ သူက လေကလေးချွန်ပြီးအခန်းထဲမှ ထွက်ခဲ့သည်။

ဟိုတယ်အောက်ထပ်သို့ရောက်သောအခါဦးဝင်းအောင်ကို စားသောက်ခန်းတွင်တွေ့ရသည်။ အောင်ဇော်မင်းကိုမြင်သောအခါ ဦးဝင်းအောင်က လက်ပြနှုတ်ဆက်ပြီးထိုင်ရာမှ ထလာသည်။

"ကိုအောင်ဇော်မင်းအချိန်မှန်သားပဲ"

"ဟာ...မှန်ရမှာပေါ့ဗျာ၊ ဒီနေရာမျိုး ဝီရိယရှိရမယ် မဟုတ်လား"

အောင်ဇော်မင်း၏ စကားကြောင့် နှစ်ယောက်သားရယ်မိကြသည်။

"ကဲ...ကျွန်တော်တို့ သွားကြရအောင်"

"သွားလေ...ကျွန်တော့်ကားနဲ့ပဲ သွားကြတာပေါ့"

ဦးဝင်းအောင်နှင့် အောင်ဇော်မင်းတို့ ဟိုတယ်အတွင်းမှ ထွက်ခဲ့သည်။ အောင်ဇော်မင်းက သူ့ကားရှိရာသို့လျှောက်သွားပြီး ကားတံခါးကိုသော့ဖွင့်လိုက်သည်။

"ဘယ်ကိုမောင်းရမလဲ...ဦးဝင်းအောင်"

"ကျွန်တော် လမ်းပြပေးမယ်၊ အောင်ဇေယျာလမ်း"





အောင်ဇော်မင်း ရင်ထိတ်သွားသည်။ အောင်ဇေယျာလမ်းသည် မြို့အစွန်ပိုင်းတွင်ရှိသည်။ လူနေအိမ်ကျဲပြီး ရှောင်ကျသည့်နေရာမျိုးသည် ဒုစရိုက်မှုကျူးလွန်ရန် အကောင်းဆုံးဖြစ်သည်။

ဦးဝင်းအောင် ညွှန်ပြသည့် လမ်းအတိုင်း မောင်း ဝင်လိုက်သည်။

"ဘယ်နေရာလဲ ဦးဝင်းအောင်"

"လမ်းအလယ်လောက်မှာ ရောက်ခါနီးပြီ"

အောင်ဇော်မင်း ဆက်မောင်းလိုက်သည်။ လမ်းထဲသို့ အတော်လေးဝင်မိသောအခါ ဦးဝင်းအောင်က တိုက်အဝါကြီး တစ်လုံးကိုလက်ညှိုးထိုးပြသည်။

"ဒီအိမ်ပဲ၊ ခြံထဲကို ကားမောင်းဝင်လိုက်ပေါ့"

အောင်ဇော်မင်းက ကားအရှိန်ကိုလျှော့ပြီး ခြံဝင်းထဲသို့ ညင်သာစွာ မောင်းဝင်လိုက်သည်။

တိုက်ဝါကြီးအတွင်း မီးရောင်များ ထိန်လင်းနေပြီး ကားရပ်နေရာတွင် ကားငါးစီးခန့် ရပ်ထားသည်။ အောင်ဇော်မင်းက ကားတစ်စီးဘေးတွင် ကားကို ရပ်လိုက်သည်။ ဦးဝင်းအောင်က ကားပေါ်မှဆင်းပြီး အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားတွေရောက်နေပုံထောက်ရင်တော့ ဝိုင်းကောင်းမယ့် ပဲ၊ လာဗျာ၊ အထဲဝင်ရအောင်"

ဦးဝင်းအောင်က ဦးဆောင်၍ တိုက်ဝါကြီးတံခါးပေါက်ရှိရာသို့လျှောက်သွားသည်။ အစောင့်က ဦးဝင်းအောင်ကိုပြုံးပြနှုတ်ဆက်လိုက်သည်။

"ဆရာ..အချိန်မီပဲဗျ"

"အေးကွာ၊ ငါလည်း ဟော ဒီကမိတ်ဆွေကို စောင့်နေရလို့ ကြို့မရောက်နိုင်ဘူး"

မီးရောင်များ ထိန်လင်းနေသော်လည်း ဧည့်ခန်းတွင် လူရှင်းနေသည်။ ဦးဝင်းအောင်က ဧည့်ခန်းကို ဖြတ်ဝင်သွားသည်။ ဧည့်ခန်းကို လွန်သည်နှင့် အခန်းတစ်ခန်းရှေ့တွင် ရပ်လိုက်သည်။ အခန်းက ပိတ်နေပြီး အခန်းရှေ့တွင် အစောင့်တစ်ယောက် ခုံတစ်လုံး နှင့် ထိုင်နေသည်။

"လူစုံပြီလားဟေ့"

"ဟုတ်ကဲ့၊ ဆရာလာမယ်ဆိုလို့စောင့်နေတယ်"

ဦးဝင်းအောင်က ခေါင်းညိတ်ပြီး သော့ဖွင့်ပေးရန် လက်ဟန်ပြလိုက်သည်။ အစောင့်က သူ့ခါးကြားမှသော့ကိုထုတ်ပြီး အခန်းတံ





ကိုဖွင့်ပေးလိုက်သည်။

"လာကွဲ့ အောင်ဇော်မင်း"

ဦးဝင်းအောင်က ဆေးလိပ်မီးခိုးများ တလူလူလွင့်နေသော အခန်းထဲသို့ လှမ်းဝင်လိုက်သည်။ အခန်းထဲ၌ ရှိနေသူ ခြောက်ယောက် က ဝင်လာသော ဦးဝင်းအောင်နှင့် အောင်ဇော်မင်းတို့ကို လှမ်းကြည့်လိုက်သည်။

"ဘယ်လိုလဲဗျ ဦးဝင်းအောင်၊ ဝီရိယနည်းလှချည်လား"

"ကျွန်တော်က ဒီညလာဖို့ အစီအစဉ်တောင်ရှိတာ မဟုတ်ဘူး။ ဟောဒီက မိတ်ဆွေကိုပို့ရင်း ဝင်လာတာ၊ မှတ်ထားကြ၊ သူက အောင်ဇော်မင်းတဲ့၊ ရန်ကုန်ကပါ"

ဦးဝင်းအောင်က ထိုင်နေသူများနှင့်မိတ်ဆက်ပေးသည်။ အောင်ဇော်မင်း ဘက်သို့လှည့်ပြီး ထိုသူများ၏ အမည်နှင့်အလုပ်အကိုင်များပါ ထည့်ပြီးမိတ်ဆက်ပေးသည်။ အောင်ဇော်မင်း အံ့သြသွားသည်။ ထိုလူများ၏ရာထူး ဂုဏ်များကို ထောက်၍ ဝိုင်းကြီးတစ်ဝိုင်းဖြစ်မည်မှန်း ရိပ်စားမိလိုက်သည်။

"ဦးဝင်းအောင် ကျွန်တော့်မှာ ငွေသားတော့မပါဘူး၊ မြင်သာထင်သာမှာ လွဲစာနဲ့ထုတ်ယူနိုင်တဲ့ ချက်တော့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ အဲဒါနဲ့ပဲ လောင်းကြေးထပ်ပေါ့၊ ကျွန်တော် ဟိုဘက်အခန်းကူးလိုက်ဦးမယ်"

ဦးဝင်းအောင်က ပြောပြောဆိုဆို ဆက်လျှက်အခန်းထဲ ဝင်သွားသည်။

"ကဲ...စကြရအောင်"

အောင်ဇော်မင်းခေါင်းညိတ်လိုက်သော်လည်း စိတ်ဝင်စ လှသည်မဟုတ်ပေ။ သူ့စိတ်က အဝေးသို့ပျံလွင့်နေသည်။

ဝိုင်းစမည်အပြုတွင် အောင်ဇော်မင်းက အိတ်ထဲ ကော်ကိုင်းမျက်မှန်ကို ထုတ်တပ်လိုက်သည်။ မျက်မှန်တပ်ပြီးသည် နှင့်ဦးဝင်းအောင်ဝင်သွားသောအခန်းကို လှမ်းကြည့်လိုက်သည်။

မျက်မှန်က အုတ်နံရံကိုဖောက်၍မြင်လိုက်ရသောမြင်ကွ က အောင်ဇော်မင်းကို အသက်ရှူမှားသွားစေသည်။

တစ်ဖက်ခန်းထဲတွင် ဦးဝင်းအောင်ရှိနေပြီး သူနှင့်စက ပြောနေသူမှာ မေမေစိမ်း၊ အောင်ဇော်မင်းတစ်ခဏမျှငိုင်သွားသည် ရန်မျိုးအောင်အိမ်၏ လုံခြုံရေးကို ဖျက်ဆီးနေသူမှာ မေမေစိမ်း ဖြစ်သည်။

မေမေစိမ်းက ဘာကြောင့်နဂါးနက်သူလျှိုဖြစ်နေရသည်





ဦးစားနေသည်။ မေမေစိမ်း၏ယောက်ျားက လူဆိုးကြီးဟု ငယ်စဉ်က ကြားခဲ့ဖူးသည်။

အောင်ဇော်မင်း သက်ပြင်းချလိုက်သည်။ လက်ထဲမှ ဖဲချပ် ပစ်ချလိုက်သည်။ ဖဲဝိုင်းတွင် သူစိတ်မဝင်စားတော့။ အကြိတ် နယ် ပြောဆိုနေသော မေမေစိမ်းနှင့် ဦးဝင်းအောင်တို့ဆီကို အာရုံ ောက်နေသည်။

ထိုစဉ်အခန်းထဲသို့ရဲမြင့်ရောက်လာသည်။ ဦးဝင်းအောင်က စ်စုံတစ်ရာ ပြောဆိုလိုက်သည်။ ရဲမြင့်နောက်တွင် လက်နက်ကိုင် စ်ယောက်။

အောင်ဇော်မင်းရင်ထဲ ထိတ်ခနဲ ခုန်သွားမိသည်။ သူက ဂျာ င်အိတ်ထဲရှိရွှေရောင်စီးကရက်ဘူးလေးကို စမ်းကြည့်လိုက်သည်။ နောက် အသာအယာ ဆွဲထုတ်လိုက်ပြီး အဖွင့်ခလုတ်လေးကို န်းရွှေ့ပြီး ကြမ်းပြင်အတိုင်း အခန်းထောင့်သို့ လျှောတိုက်ပစ် က်သည်။

အောင်ဇော်မင်း၏ လှုပ်ရှားမှုကို ဖဲဝိုင်းထိုင်နေသူများပင် သိလိုက်ကြ။ စီးကရက်ဘူးလေးအခန်းထောင့်ရောက်သွားသည်နှင့် အားဥသြဆွဲ သံကဲ့သို့ အသံပေါ်လာသည်။ အားလုံးထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်။

“ရဲတွေ လာပြီဗျို့”

အောင်ဇော်မင်းက အသံကုန်အော်၍တစ်ဖက်ခန်းသို့လှ
ကြည့်လိုက်သည်။ တစ်ဖက်ခန်းမှ ဦးဝင်းအောင်တို့ လှုပ်လှုပ်ရှား
ဖြစ်သွားကြသည်။ ဖဲဝိုင်းထိုင်နေသူများ ပြေးသူပြေး၊ လဲသူလဲဖြ
ဖြစ်သွားသည်။

အောင်ဇော်မင်းက ဖဲဝိုင်းနှင့်တစ်ဆက်တည်းအခန်းထဲ
ခပ်သွက်သွက်ပြေးဝင်လိုက်သည်။ ထိုအခန်းက နောက်ဖေးသို့ထွ
သောလမ်း၊ အောင်ဇော်မင်း အချိန်ဆိုင်းမနေတော့ဘဲ နောက်လ
တစ်ဆင့် မှောင်ရိပ်ခိုကာ သူ့ကားရှိရာသို့ပြေးသွားသည်။

ကားများရပ်ထားရာသို့အစောဆုံးရောက်သွားသည်က
သူ ကားပေါ်တက် စက်နှိုးစဉ် တိုက်ထဲမှ လက်နက်ကိုင်တစ်ယော
ပြေးထွက်လာသည်။ အောင်ဇော်မင်း က အသံထိန်းပြောင်း
ထားသော သေနတ်ဖြင့် ပစ်လိုက်သည်။

အသံမထွက်သော်လည်း လက်နက်ကိုင်ထားသူ ရာ
လည်သွားသည်ကို မြင်လိုက်ရသည်။ အောင်ဇော်မင်းက သေ
ကိုင်ထားလျက်နှင့် ကားကို တစ်ရှိန်ထိုးမောင်းထွက်လိုက်သ





အောင်ဇေယျလမ်းအတိုင်း ကားမောင်းခဲ့ပြီး ပထမဆုံးတွေ့ရသော
မ်းသွယ်ထဲသို့မောင်းဝင်လိုက်သည်။

မှောင်ရိပ်ထဲတွင် ကားကိုရပ်လိုက်ကာ ကားပေါ်မှဆင်းလိုက်
သည်။ မပြေးရုံတမည် လျှောက်၍လမ်းသွယ်မှထွက်လိုက်သည်။

ဦးဝင်းအောင်၏ အမှတ်သုံးစခန်းဖြစ်သော တိုက်ဝါကြီးမှာ
ှုပ်ရှားနေဆဲဖြစ်သည်။ အောင်ဇော်မင်းသည် လမ်းဘေးရှိအပင်များ
အကာအကွယ်ယူပြီး တိုက်ဝါကြီးဆီသို့ ပြန်ပြေးခဲ့သည်။ သူနှင့်
တ်နာချင်းဆိုင်မှ ကားတစ်စီးပြီးတစ်စီး ထွက်လာသည်ကို မြင်ရ
သည်။ သစ်ပင်နှင့်ကိုယ်ကိုကွယ်ပြီး ကပ်နေလိုက်ရသည်။

တိုက်ကြီးရှိရာသို့ ပြေးဝင်ခဲ့သည်။ ခြံဝင်းဘေးရှိ ပုဏ္ဏာရိက်
များကို အကာအကွယ်ယူ၍ လျှောက်ခဲ့သည်။ စောစောက ကား
ထားခဲ့သောနေရာကိုကျော်၍ တိုက်ရိပ်ခိုပြီး အိမ်နောက်ဖေးဘက်
ာခဲ့သည်။ တံခါးရွက်မှာ သူဖွင့်ထားခဲ့သည့်အတိုင်း ပွင့်နေသည်။
အသက်ကိုပြင်းပြင်းရှူပြီး အိမ်ထဲသို့လှမ်းဝင်လိုက်သည်။ ထွက်
ခဲ့စဉ်ကအတိုင်း အခန်းကျဉ်းလေးသို့ပြန်ဝင်ခဲ့သည်။

အခန်းထဲမှနေ၍ စကားပြောသံသဲ့သဲ့ကိုကြားရသည်။ ဖဲဝိုင်း
ခဲ့သောအခန်းမှာ ရှင်းလင်းနေသည်။ သူရောက်နေသော အခန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ပစ္စည်းအဟောင်းများထားရာအခန်းဖြစ်သည်။

ဖဲပိုင်းဖြစ်ခဲ့သောအခန်းတွင် ဦးဝင်းအောင်၊ ရဲမြင့်နှင့် အပေါင်းအပါများဖြစ်သည်။

"ဘယ်လိုလဲဟေ့ ရဲမြင့်၊ မင်းလူတွေ ခုထိအောင် မလာကြ သေးပါလား"

"ကျွန်တော် သူတို့ကို ရုစ်နာရီခွဲမှာ ထွက်လာဖို့ မှာထား တယ်ဆရာကြီး"

"တောက်... မင်းတို့ဘယ်တော့မှ ကြိုကြိုတင်တင်မရှိဘူး တွေ့လားမင်းတို့အဖေက မင်းတို့ထက်လျင်တယ်၊ ငါတို့ ဘာမှ မလုပ် ရသေးဘူး၊ အရှုးလုပ်ပြီးထွက်ပြေးသွားပြီ၊ ဖောက်သည်တွေလည်း တစ်ခါတည်းနာမည်ပျက်ရတော့ပဲ"

"ကျွန်တော်လည်းမထင်ထားလို့ပါဆရာကြီး"

"ဘယ်နေရာမဆိုကြိုတင်တွက်ရတယ်ကွ၊ ဟဲအခု ဘယ်သူ့ မှာ တာဝန်ရှိသလဲပြောစမ်းရဲမြင့်"

ရဲမြင့် ဘာစကားမှ မဆိုနိုင်တော့။ ဦးဝင်းအောင် ရှေ့တွင် ခေါင်းငိုက်စိုက်ကျသွားသည်။ ဦးဝင်းအောင်က မီးကွက်မတတ်သော မျက်လုံးများဖြင့် ရဲမြင့်ကိုကြည့်နေသည်။





"ငါတို့ရဲ့စခန်းတစ်ကိုလည်း သူတို့သိသွားပြီ၊ နစ်လည်း ပေါ်လာသွားပြီ၊ အခုသုံးကိုပါ သိသွားပြီ၊ အဲဒါဟာ မင်းကြောင့်ဖြစ် တာ သိလား"

"ဟုတ်ကဲ့ပါဆရာကြီးကျွန်တော် မှားသွားပါတယ်"

"မင်းဝန်ခံတာက လွယ်လွယ်လေး၊ ငါ့မှာ အများကြီး ဆုံးရှုံး သွားပြီ"

"ကျွန်တော်မှားပါတယ်ဆရာကြီး၊ ကျွန်တော့်ကိုကြိုက်တဲ့ အပြစ်ပေးပါ"

တောင်းပန်နေသော ရဲမြင့်၏စကားကြောင့် ဦးဝင်းအောင် မျက်နှာထားပြောင်းသွားသည်။ အတန်ကြာအောင်ရဲမြင့်ကိုတွေတွေ ကြီး စူးစိုက်ကြည့်နေလေသည်။

"ဒါ..နောက်ဆုံးဖြစ်ပါစေ၊ အခု ဆုံးရှုံးသွားတာတွေကို အစား ထိုးဖို့ မင်းအလုပ်လုပ်ရမယ်၊ မင်းငွေပင်လယ်ကို သွားရမယ်၊ ငါ အစီ အစဉ်လုပ်ပြီးရင် ပြောမယ်"

"ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော် အသက်စွန့်ပြီး လုပ်ပါ့မယ်"

"အေး...မင်းအတွက်နဲ့ မျက်နှာပျက်ရပေါင်းများပြီဆိုတာ သိစမ်းပါ။ နောက်ပြီး မင်းကောင်မလေးကိုလည်း သတိထား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

ရဲမြင့်က ဦးဝင်းအောင်ကို မော့ကြည့်လိုက်သည်။

"သူ့အဖေ ဆုံးသွားပြီ၊ ဒါကို သူမသိစေနဲ့၊ မင်းကိုငါ အတန်တန်ပြောတယ်၊ အမိအရ အပိုင်ကြံလိုက်ပါလို့ မင်းဘာကိုစောင့်နေတာလဲ၊ ကဲ...ငါသွားမယ်၊ အစီအစဉ်လုပ်ပြီးတာနဲ့ မင်းကို အကြောင်းကြားမယ် ဟုတ်လား"

အောင်ဇော်မင်း အခန်းကျဉ်းလေးထဲမှ ထွက်လိုက်သည်။ သေနတ်ကို အသင့်ကိုင်ထားလျက် သတိရှိရှိ နောက်ဖေးဘက်သို့ ထွက်လိုက်သည်။

♥ ♥

## အခန်း (၁၇)

အိပ်ရာကမထသေးဘဲ မှိန်းနေသည်ကို တံခါးခေါက်သံက ချက်ဆီးလိုက်သည်။ မရပ်မနား ထွက်ပေါ်လာသော ဘဲလ်အသံကြောင့် အောင်ဇော်မင်း ပျင်းရိလေးလံစွာ အိပ်ရာမှ ထလိုက်သည်။

တံခါးပေါက်ဆီသို့ ဖြည်းဖြည်းလျှောက်ခဲ့ပြီး တံခါးဖွင့်လိုက်သည်။

"သြော်...ဦးဝင်းအောင်"

"မောနင်း...ကိုအောင်ဇော်မင်း၊ ညက ခင်ဗျား ပြန်ရောက်လာပြီး အိပ်ရာဝင်သွားတယ်ဆိုလို့ ကျွန်တော် လာမတွေ့ဖြစ်ဘူး။ တာဝန်ခံခေါ်သွားပြီး အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ—ကိစ္စမရှိပါဘူး၊ ကျွန်တော်ကတောင်ဦးကိုတောင်းပန်ရဦးမှာပါ၊ ညက ဦးဝင်းအောင်ကို ပစ်ထားခဲ့ပြီး ကျွန်တော်တစ်ယောက်တည်းကိုယ်လွတ်ရုန်းပြီး ပြေးခဲ့တဲ့အတွက် အခုမှတွေးပြီးရှက်မိတယ်ဗျာ"

"ဒါဖြင့်လည်းကျေပြီ၊ နှစ်ယောက်စလုံးမှာ အပြစ်ရှိနေတယ်၊ ဒါပေမယ့် ကျွန်တော်က အိမ်ရှင်ဆိုတော့ ပိုပြီးအပြစ်ရှိတာပေါ့"

"အမှန်ကိုဝန်ခံရရင်တော့ ကျွန်တော် အစိုးရိမ်ကြီးသွားတာပါ ဦးဝင်းအောင်၊ ကျွန်တော်က ဒီကို တာဝန်တစ်ခုနဲ့လာတာ၊ ဟိုအိမ်မှာလက်နက်ကိုင်တစ်ယောက်ကိုတွေ့လိုက်ရတော့ ကျွန်တော် ဘာသာ မလုံမလဲဖြစ်ပြီး ထွက်ပေါက်ရှာပြီး ပြေးခဲ့တာပဲ။ ထွက်ပြေးရင်းနဲ့ ဦးဝင်းအောင်ကို သတိရသားဗျ၊ ဒါပေမယ့် ဦးဝင်းအောင်က ဒီမြို့ခံဆိုတော့ ကိုယ်လွတ်ရုန်းပြီးပဲ ပြေးခဲ့ရတယ်"

ဦးဝင်းအောင်က အောင်ဇော်မင်းကို သဘောကျဟန်ဖြင့်ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးသက်ပြင်းတစ်ချက်ကိုလည်း မသိမသာ ချလိုက်သည်။

"ကျွန်တော်လည်း ကားကြုံတစ်စီးနဲ့ လိုက်ခဲ့တယ်၊ ကိုအောင်ဇော်မင်းကိုကျွန်တော် မပြောထားမိဘူး၊ ဟိုအိမ်မှာ လူစုံလာ





တယ် ဆိုတော့ အဟန့်အတားအဖြစ် လက်နက်ကိုင်ထားရတယ်၊ ဒါနဲ့ ကိုအောင်ဇော်မင်း ဒီကို တာဝန်နဲ့လာတာဆိုတော့ ဘာတာဝန်များလည်း၊ ကျွန်တော် ကူညီနိုင်တာရှိရင် ကူညီရအောင်ပါ"

အောင်ဇော်မင်း ဦးဝင်းအောင်ကို စူးစိုက်ကြည့်လိုက်သည်။ ကြည့်နေရင်းမှ နှုတ်ခမ်းထောင့်စွန်းကွေးညွတ်ပြီး ပြုံးမိဖြစ်သွားသည်။

"ရပါတယ်၊ ကျွန်တော့်တာဝန်က ထိပ်တန်းလျှို့ဝှက်ချက်ပါ၊ နောက်ပြီး ကျွန်တော်က လူဆိုးလူမိုက်တွေနဲ့ ပတ်သက်နေတော့ ဦးဝင်းအောင်သိရင်လည်း ဘာမှကူညီနိုင်မှာမဟုတ်ပါဘူး"

"ဒါဆိုရင်လဲ မတတ်နိုင်ဘူးပေါ့ဗျာ၊ ကျွန်တော်က အရောင်းအဝယ်ကိစ္စလားလို့ပါ၊ အဲဒီကိစ္စမျိုးဆိုရင်တော့ ကျွန်တော် ကူညီနိုင်တယ်လေ၊ ဪ... အိပ်ရာကထလာတာကို စကားကောင်းနေမိတယ်၊ ကျွန်တော်နဲ့ လက်ဖက်ရည်လိုက်သောက်ပါလား"

"ကျေးဇူးတင်ပါတယ် ဦးဝင်းအောင်၊ ဒီမနက် ကျွန်တော် သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့၊ သူနဲ့အတူ အခန်းထဲမှာပဲ သောက်လိုက်တော့မယ်"

"အဲ့စီအစဉ်ရှိရင်လည်း လုပ်ပါ၊ ကျွန်တော် တိုက်ပုံယူသွားမယ်နော်၊ ကျွန်တော် စားသောက်ခန်းထဲမှာ မှာထားခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းအောင် နှုတ်ဆက်ထွက်ခွာသွားသော်လည်း အောင်ဇော်မင်းတံခါးဝမှနေ၍ဦးဝင်းအောင် ပျောက်သွားသည်အထိ ကြည့်နေသည်။ ကျော်ကျော်က စကြံလမ်းအတိုင်းလျှောက် လာနေသည်။ အောင်ဇော်မင်းက ကျော်ကျော်ကို နှုတ်ဆက်ပြီးအခန်းထဲသို့ ပြန်ဝင်ခဲ့သည်။

"ထိုင်ဦး ကျော်ကျော်၊ ရေချိုးခန်းထဲ ဝင်လိုက်ဦးမယ်"

ကိုယ်လက်သန့်စင်ပြီး ရေချိုးခန်းမှထွက်ခဲ့သည်၊ ညအိပ်ဝတ်စုံကို မလဲသေးဘဲ ကျော်ကျော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ညတုန်းက ပြောစရာရှိတယ်ဆိုတာ ဘာလဲ ကျော်ကျော်"

"ကျွန်တော့်စိတ်ထဲမှာ မသင်္ကာတာ တစ်ခုရှိလို့ပါ။ ရန်မျိုးအောင်အိမ်က သတင်းတွေကို ရောင်းစားနေတာ မေမေစိမ်းလို့ ကျွန်တော်ထင်တယ်၊ အရေးကြီးတဲ့စကားပြောပြီဆိုရင် အကြောင်းရှာပြီး သူရောက်လာတယ်"

အောင်ဇော်မင်းက ခေါင်းကိုညိတ်ရင်း ညက သူတွေ့ခဲ့သမျှကို ပြောပြခဲ့သည်။

"ကျွန်တော်က မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ၊ အဲဒါ ကျွန်တော်





တို့အတွက် အခွင့်အရေးပဲ၊ ဘာလုပ်ရမယ်ဆိုတာတော့ စဉ်းစားလို့မရသေးဘူး၊ တစ်နည်းနည်းနဲ့တုံ့ပြန်ရမှာပေါ့"

"အသားထဲက လောက်ထွက်တာပေါ့ကိုဇော်၊ ကျွန်တော်က အဘွားကြီးကိုသနားနေတာ၊ အခုတော့ရန်သူဖြစ်နေပြီ"

ထိုစဉ်အခန်းထဲသို့ စားပွဲထိုးဝင်လာသည်။ စားပွဲထိုးက စားသောက်စရာလင်ပန်းကိုစားပွဲပေါ်သို့တင်လိုက်သည်။

အောင်ဇော်မင်းက ပန်းကန်ကိုစားပွဲပေါ်သို့တင်လိုက်သည်။

"ပြည့်စုံပါတယ်နော် ဆရာ"

စားပွဲထိုးပြန်ထွက်သွားသည်နှင့် အောင်ဇော်မင်းက ကျော်ကျော်ကိုတံခါးပြန်ပိတ်ခိုင်းလိုက်သည်။ သူကစားပွဲပေါ်မှ ရေဒီယိုကို လှမ်းယူလိုက်သည်။

"ရန်ကုန်ကို တိုက်ရိုက်သတင်းပို့နိုင်အောင် ပို့လိုက်တဲ့စက်ပဲ၊ သောက်...ကျော်ကျော်၊ အဲဒါ ဦးဝင်းအောင် ဒကာခံတာ"

"ဒါဆိုရင် စားလို့အရမ်းကောင်းမှာပဲ"

ကျော်ကျော်က ပြောပြောဆိုဆို ပေါင်မုန့်ထောပတ်သုပ်ကို ယူစားသည်။

"အခု ရန်ကုန်နဲ့ဆက်ဖို့ စက်ဖွင့်ထားလား ကိုဇော်"



www.burmeseclassic.com

www.burmeseclassic.com



"မြိုင်သာဟိုတယ်က သတင်းတစ်ခုခုကြားမလားလို့ နားထောင်နေတာ"

"မြိုင်သာဟိုတယ်က သတင်းဟုတ်လား"

"ကျွန်တော့်ဆီက အသံဖမ်းစက်ကလေးတစ်ခု ရဲမြင့်ရဲ့ စားပွဲနားမှာ ရောက်နေတယ်၊ မနေ့ညကလည်းကျွန်တော် သတင်းကြားရတယ်"

"ကိုဖော်သွားတပ်ထားတာလား"

"မတပ်ပါဘူး၊ မိုမိုစံ ထားသွားပေးတာပါ"

"တယ်ဟုတ်ပါလား၊ တော်တော်ခရီးရောက်နေပြီကိုး။ ကျွန်တော်တောင် မသိလိုက်ဘူးဗျာ"

အောင်ဇော်မင်းတို့စားသောက်နေစဉ်ရေဒီယိုမှ ဘဲလ်မြည်သံပေါ်လာသည်။

"နားထောင်..."

အောင်ဇော်မင်းက လှမ်းပြောပြီး ရေဒီယိုသို့ နားစွင့်လိုက်သည်။

"ရဲမြင့်လားဟေ့၊ ငါပါ"

"ဟုတ်ကဲ့ဆရာကြီး"





"ကောင်းပြီ... ငွေပင်လယ်ကို သန်ဘက်ခါသွားရမယ်၊ ရေလမ်းကသွား၊ မင်းကို အသွားအပြန် တစ်ပတ်အချိန်ပေးမယ်"

"ဟုတ်ကဲ့ဆရာကြီး"

"ညကျရင် ငါနဲ့လာတွေ့၊ မင်းဒီတစ်ခါတော့ သေသေချာချာလုပ်နော်၊ ဟိုကောင် အစရသွားပြီး လျှောက်လိုက်နေဦးမယ်"

"ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါတယ်"

"အေး...ညကျရင်လာခဲ့"

အောင်ဇော်မင်း ရေဒီယိုခလုတ်ကိုလှမ်းပိတ်လိုက်သည်။

"ငွေပင်လယ်ဟာ သူတို့အတွက် တော်တော်အရေးပါတယ် ကျော်ကျော်၊ ဒီကနေ ရထားလမ်းပေါက်တယ်မဟုတ်လား၊ မနက်ဖြန် ကျွန်တော်တို့ ဒီကထွက်မယ်၊ ခင်ဗျား ရထားလက်မှတ် နှစ်စောင်ယူထားပေါ့ဟုတ်လား"

"ကောင်းပါပြီ၊ ကျွန်တော်အဆင်သင့်လုပ်ထားမယ်၊ ရန်ကုန်ကိုပြောပြီးပြီလား"

"ဒီကိစ္စအောင်မြင်ဖို့လွှဲထားတာပဲရပါတယ်"

ထိုစဉ် တယ်လီဖုန်းခေါင်းလောင်းမြည်လာသည်။ အောင်ဇော်မင်းက ဖုန်းခွက်ကိုယူပြီးနားထောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်လား..."

"ဟုတ်ပါတယ် ကိုယ်ပါ၊ ပြောပါမို့မို့"

"ကိုဇော့်ကို နှုတ်ဆက်မလို့၊ တစ်ရက်နှစ်ရက်နေရင် ခရီးထွက်ရမယ်"

"သိပြီးပါပြီ၊ ရဲမြင့်ခေါ်တာမဟုတ်လား"

"ဟုတ်တယ်ကိုဇော်..."

"သွားစရာရှိတာတော့ သွားမပေါ့၊ မို့မို့ကို ကိုယ်တစ်ခု ပြောစရာရှိတယ်"

"ဘာများလဲကိုဇော်"

"ယုံကြည်လောက်တဲ့နေရာက ကိုယ်သတင်းတစ်ခုကြားခဲ့တယ်"

"ဘာသတင်းလဲကိုဇော်၊ မို့မို့နဲ့ ပတ်သက်လို့လား"

အငေါတကြီးမေးလိုက်သော မို့မို့စံ၏ အသံကြောင့် အောင်ဇော်မင်း စိတ်မကောင်းဖြစ်သွားသည်။

"ဟုတ်တယ် မို့မို့၊ မို့မို့ရဲ့အဖေ ဆုံးသွားပြီ"

"ရှင်..."

အထိတ်တလန့်နိုင်သော မို့မို့စံ အသံနှင့်အတူ သက်ပြင်း





ရှိုက်သံကိုပါကြားလိုက်ရသည်။

"ဒါအမှန်ပဲလားကိုဇော်"

"ကိုယ်က ဘာဖြစ်လို့နောက်ပြောင်ရမှာလဲ၊ နောက်ပြောရမယ့်စကားလည်း မဟုတ်ဘူး၊ ဦးဝင်းအောင်က ရဲမြင့်ကိုပြောတာ ကိုယ်နားနဲ့ကြားရတယ်၊ သူက မို့မို့မသိပါစေနဲ့လို့မှာနေတယ်"

မို့မို့စံ၏ ရှိုက်သံက အောင်ဇော်မင်းရင်ကို နာကျင်သွားစေသည်။

"မို့မို့.... ကိုယ့်ကိုခွင့်လွှတ်နော်၊ မို့ စိတ်မကောင်းအောင် သတင်းဆိုး သယ်လာပေးလို့"

"အခုလို သတင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ သူတို့လက်ထဲက အလွတ်ရုန်းရတော့မှာပေါ့"

အောင်ဇော်မင်းက ဖုန်းစကားပြောခွက်ကိုလက်နှင့်ပိတ်ပြီး ကျော်ကျော်ကိုလှမ်းမေးလိုက်သည်။

"ရထားက ဘယ်အချိန်ထွက်တာလဲကျော်ကျော်"

"ညနေ ခြောက်နာရီ"

အောင်ဇော်မင်းက စကားဆက်ပြောလိုက်သည်။

"မို့မို့ သူတို့လက်ထဲက ထွက်ပြေးမယ်ဆိုရင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကူညီမယ်"

"ကိုဇော်တကယ်ပြောတာလား"

"မနက်ဖြန်ညနေ ခြောက်နာရီမထိုးခင် ဘူတာရုံကိုလာ ကိုယ်စောင့်နေမယ်"

"ခြောက်နာရီနော်..."

"ဟုတ်တယ် ဆယ်မိနစ်အလိုလောက်ထွက်လာခဲ့၊ ကို လက်မှတ်ဝယ်ထားမယ်"

"စိတ်ချ... ကိုဇော်၊ မှီမှီလာခဲ့မယ်"

"အိုကေ..."

အောင်ဇော်မင်းက ဖုန်းချလိုက်ပြီးကျော်ကျော်ထိုင်နေရာ လျှောက်လာခဲ့သည်။

"ဒီလိုလုပ်ဗျာ ကျော်ကျော်"

"ခင်ဗျာ..."

"ခင်ဗျား ရထားနဲ့မလိုက်နဲ့တော့၊ သန်ဘက်ခါလေယာဉ် လိုက်၊ ရထားလက်မှတ်နှစ်စောင်ဝယ်ပေးဟုတ်လား"

"ကောင်းပါပြီဗျာ၊ ခင်ဗျားတို့က အတွဲနဲ့သွားချင်တာကိုး"

"ဟုတ်တယ်၊ ရထားနဲ့သွားရင်း သူ့ကိုမေးစရာရှိတာ မေး





ယ်၊ ကျော်ကျော်နဲ့ကိုယ်လူချင်းခွဲသွားတာလည်းကောင်းတယ်"

"ကဲ... ကျွန်တော်သွားမယ်၊ ကိုဇော့်အစီအစဉ် ကောင်းပါ တယ်၊ ညနေမှလာခဲ့မယ်"

"ကောင်းပြီ၊ ဦးဝေလင်းတို့ကို ကျွန်တော်သွားမယ့်ကိစ္စကို နေရာ အတိအကျ မပြောနဲ့၊ နေရာကိုလွှဲပြော၊ ဒါမှ သတင်းမှား သူတို့ ဆီကိုရောက်မှာ"

"အိုကေ...ကိုဇော်... ကျွန်တော်သွားမယ်"

ကျော်ကျော်ထွက်သွားမှ အောင်ဇော်မင်းလည်း စား သောက်ဖွယ်ရာများကိုအပြင်တွင်ချထားလိုက်သည်။ အခန်းတွင်းသို့ ဝင်ပြီး ရေချိုးရန်ပြင်ဆင်လိုက်သည်။

♥♥♥

www.burmeseclassic.com

## အခန်း (၁၈)

အောင်ဇော်မင်းရထားတွဲပေါ်သို့လှမ်းတက်လိုက်ရင်းနာ
ကိုကြည့်လိုက်သည်။ ခြောက်နာရီထိုးရန် ငါးမိနစ်သာလိုတော့သည်
မို့မို့စံ ရောက်မလာသေး၊ စိတ်မောစွာနှင့် ဘူတာရုံလေးဆီသို့လှ
ကြည့်လိုက်သည်။

ခရီးသည်အားလုံး ရထားပေါ်သို့ရောက်နေပြီဖြစ်သည်
လိုက်ပို့သူအနည်းငယ်သာ ဘူတာရုံထဲတွင် ရှိနေသည်။

ရထားထွက်ရန် သုံးမိနစ်သာ လိုတော့သည်။ အောင်ဇော်
ထိုင်မနေနိုင်တော့ ခရီးဆောင်အိတ်ကို လူသွားစင်္ကြံတွင် ရထ
လိုက်ပြီးတွဲပေါက်မှအပြင်သို့မျှော်ကြည့်သည်။

ရထားထွက်ရန် အချက်ပေးသော ဥသြသံပေါ်လာသည်





အချိန်ကျမှ မို့မို့စံ ခရီးဆောင်အိတ်ကလေးတစ်လုံးကိုဆွဲ၍ အပြေး
ာနေသည်။

"ဒီကိုလာ မို့မို့"

ပြေးလွှားရင်း ရှာဖွေနေသော မို့မို့စံ၏ မျက်လုံးအစုံက
အောင်ဇော်မင်းကိုမြင်သွားသည်။

တွဲနားသို့အရောက်တွင် ကမ်းလာသော မို့မို့စံလက်ကို
ဆွဲတင်လိုက်သည်။ မို့မို့စံရထားတွဲပေါ်ရောက်သည်နှင့် ရထားလည်း
ထွက်ခွာသည်။

"အမလေး...တော်ပါသေးရဲ့မီမှီကလေး"

"မို့မို့လည်းအပြေးအလွှားလာရတာ၊ တစ်ခါမှ ဒီလိုစိတ်မော
မော မဖြစ်ဖူးဘူး"

"လာ မို့မို့"

အောင်ဇော်မင်းက မို့မို့စံထံမှ ခရီးဆောင်အိတ်ကလေးကို
ဆွဲယူပြီး သူ့အိတ်နှင့်အတူ ပူးတွဲကိုင်ပြီး တွဲထဲသို့လျှောက်ဝင်ခဲ့သည်။

အိမ်သာနှင့်ကပ်လျက် အခန်းထဲသို့ ဦးဆောင်ဝင်သွား
သည်။

"နှစ်ယောက်ခန်းဆိုတော့ လုံခြုံတယ်၊ မို့မို့အတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်၊ ကိုယ့်ကိုယုံတယ်မဟုတ်လား"

အောင်ဇော်မင်း၏စကားအဆုံးတွင် မို့မို့စံက ခေါင်းညိတ်ပြလိုက်သည်။ သူ့အကြည့်ကြောင့် အောင်ဇော်မင်းရင်ထဲ လှိုက်ဖိုသွားသည်။

"ကိုဇော့်ကို ယုံကြည်လို့ မို့မို့လိုက်လာတာပါ၊ မို့မို့စိတ်ထဲမှာ ဘယ်လိုမှ သံသယ မရှိပါဘူး"

မို့မို့စံ ပြောပြောဆိုဆို ပြတင်းပေါက်အခြမ်းတွင် ဝင်ထိုင်လိုက်သည်။ အောင်ဇော်မင်းက ခရီးဆောင်အိတ်များကို နေသားတကျ ထားပြီး ဘေးဖက်တွင် ဝင်ထိုင်လိုက်သည်။

မြိုင်သာမှ တိတ်တဆိတ်ထွက်လာနိုင်ခြင်းအတွက် ကျေနပ်မိသည်။ စိတ်ထဲမှာလည်း ပေါ့ပါးသွားသည်။ မို့မို့စံကတော့ ရထားပြတင်းမှ အပြင်ဖက်သို့ ငေးကြည့်ရင်း မကြာခဏ သက်ပြင်းချနေသည်။

"မို့မို့"

"သိပ်ပဲ စိုးရိမ်နေသလား"

မို့မို့ ခေါင်းညိတ်ပြသည်။

"ဘာမှ မကြောက်နဲ့နော်၊ ကိုယ်ရှိတယ်၊ ကျရောက်လာမယ့်





န္တရာယ်မှန်သမျှကို ကိုယ်ကာကွယ်ပေးမယ်ဆိုတာ ယုံကြည်ပါ"

"မို့မို့ သိပါတယ်၊ ဒါပေမယ့် အခက်အခဲတွေနဲ့တော့ တွေ့ရမယ်ပါ"

အောင်ဇော်မင်း စိတ်မထိန်းနိုင်တော့ဘဲ မို့မို့အနားသို့ ကပ်ထိုင်လိုက်ပြီး ခန္ဓာကိုယ်လေးကို ထွေးဖက်လိုက်သည်။

"အားငယ်စိတ်တွေကို လက်ခံမထားပါနဲ့တော့ မို့မို့ရယ်"

အောင်ဇော်မင်းက ညင်ညင်သာသာ ထွေးဖက်လိုက်သောကြောင့် မို့မို့စံ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သို့သော် မရုန်းဖယ်ဘဲ မျက်လွှာလေးချထားသည်။

"ကိုယ် မို့မို့ကို ချစ်တယ်၊ မို့မို့ဘဝနဲ့ ပတ်သက်ပြီး သိခွင့်ရတော့ ပိုပြီးသနားတယ်၊ ကိုယ့်ကို ယုံပါနော်"

မို့မို့စံ၏ ခန္ဓာကိုယ်က တောင့်တောင့်လေး ဖြစ်နေသည်။

"ဆောရီးပဲ မို့မို့၊ ကိုယ် အလိုက်မသိသလို ဖြစ်သွားတယ်၊ ဒီအချိန်မျိုးမှာ မို့မို့ ဘယ်လိုဖြစ်နေတယ်ဆိုတာကို နားလည်သင့်တာပေါ့"

"မို့မို့က ဘာပြောလို့လဲ"

"မို့မို့က ဘာမှမပြောပေမယ့် ကိုယ့်ဘာသာ ကိုယ်သိရမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟာ အခွင့်အရေးကိုပဲ ယူနေတဲ့သူဖြစ်သွားမှာပေါ့"

"ကိုဇော့်ကို အခွင့်အရေးယူတယ်လို့ မို့မို့ပြောမိလို့လား"

ချစ်စဖွယ်အသံလေးကြောင့် အောင်ဇော်မင်းသည် မို့မို့စံ မျက်နှာကို ရူးရူးစိုက်စိုက်ကြည့်မိသွားသည်။

ရထားပြတင်းမှ တိုးဝှေ့နေသော လေအရှိန်ကြောင့် မို့မို့စံ ဆံနွယ်လေးများ တဖျတ်ဖျတ်လွင့်နေသည်။

ကြည်လင်သန့်ရှင်းနေသော မျက်နှာလေးတွင် ကြည်နူးစို တို့ သန်းနေသည်။ ရွှန်းလဲ့နေသော မျက်ဝန်းအစုံကမူ ရင်ခုန်စေလွန်း သည်။

"အခွင့်အရေးယူတာတော့ မဟုတ်ပါဘူး မို့မို့၊ ဒါပေမယ့် ကိုယ် မို့မို့ကို သိပ်ချစ်နေပြီဆိုတာတော့ ပြောပါရစေ၊ ကိုယ့်အပေါ် ရော မို့မို့ဘယ်လိုသဘောထားလဲ"

မို့မို့စံ မျက်လွှာချလိုက်သည်။

"ပြောပါ မို့မို့ရယ်"

"ပြောဖို့လိုသေးလို့လား ကိုဇော်ရယ်"

"မို့မို့…"

"အင်းပါ…ကိုဇော်ရဲ့ တကယ်ချစ်တာနော်…"





"တကယ်ပါဗျာ၊ ကိုယ့်ရင်တစ်ခုလုံးမှာ ချစ်တဲ့အချစ်တွေနဲ့ ပြည့်နေပါတယ်။ အချစ်ကလွဲလို့ ဘာမှမရှိပါဘူး"

"ဒါတော့ သူပိုတာ၊ လူကြည့်တော့ ရိုးသလိုလိုနဲ့"

အပြင်ဘက်တွင် မှောင်နေပြီဖြစ်သည်။ မလှမ်းမကမ်းတွင် မီးရောင်လက်လက်ကိုတွေ့ရသည်။ အောင်ဇော်မင်း ကြည့်နေစဉ် ရထားက ဘူတာရုံသို့ ဝင်လိုက်သည်။ ဘူတာရုံအဆောက်အဦတွင် ရေးသားထားသော ဆိုင်းဘုတ်အရ စည်သာဘူတာမှန်း သိလိုက်ရ သည်။

ရထားက ငွေပင်လယ်မရောက်မီ သုံးဘူတာသာရပ်မည်ဟု ခရီးလမ်းညွှန်တွင် သိခဲ့ရသည်။ စည်သာပြီးလျှင် မြိုင်ညို၊ တောင် ခေန်း။

"မို့မို့ ကိုယ်အောက်ကိုဆင်းပြီး စားစရာတစ်ခုခုဝယ်ဦးမယ်၊ အခန်းတံခါးကို သေသေချာချာပိတ်နော်"

မို့မို့စံက ခေါင်းညိတ်ပြလိုက်သည်။ ရထားရပ်ချိန် ငါးမိနစ် အတွင်း လက်ဖက်ရည်နှင့်စားစရာတချို့ကို ဝယ်လိုက်သည်။ ပြီးတွဲ ပေါ်သို့ ခပ်သုတ်သုတ်ပြန်တက်ခဲ့သည်။

"မို့မို့"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇော်မင်းက အခန်းတံခါးကို ခပ်ဆတ်ဆတ်ခေါက်လိုက်သည် ။ အခန်းတံခါးပွင့်သွားသည်နှင့် ရထားစတင်ထွက်ခွာသည်။

"ကြာလိုက်တာ ကိုဇော်ရယ်၊ မို့မို့ဖြင့်စောင့်နေရတာ ရင်တထိတ်ထိတ်နဲ့"

"ဘာဖြစ်လို့ဒီလောက်ကြောက်နေရတာလဲ၊ ဒီအချိန်မှာ မို့မို့ကို ဘယ်သူမှ လာမနှောင့်ယှက်နိုင်တော့ပါဘူး"

"ကိုဇော် မသိဘူးနော်၊ သူတို့က သိပ်ကြောက်စရာကောင်းတာ၊ သစ္စာဖောက်ဖို့မပြောနဲ့ လုပ်တာကိုင်တာ လွဲသွားရင်တောင် အပြစ်ပေးတာ၊ သိပ်ရက်စက်တာပဲ၊ မြွေတွင်းထဲထည့်တာတို့ အက်ဆစ်ကန်ထဲပစ်ချတာတို့လုပ်တယ်"

"ရဲမြင့်က ငွေပင်လယ်ကိုသွားတာ ဘာရှိလို့လဲ"

"ကိုဇော် မသိဘူးလား"

"မသိဘူး"

"ဟိုမှာ ငါးမွေးကန်ရှိတယ်၊ အဲဒီမှာမွေးထားတဲ့ ငါးတွေ သွားတင်မှာ၊ သူတို့က အလှမွေး ငါးတွေရော၊ ငါးကန်တွေပါ အမျိုးအစားအလိုက် တင်လာရမှာ"





"ငါးတင်ဖို့အတွက် ဒီလောက်ခရီးအဝေးကြီးကိုသွားရတာတော့ စဉ်းစားစရာပဲ၊ ဒါနဲ့ ငါးမွေးတာကို ဘယ်သူပိုင်တာလဲ"

"ကိုရဲမြင့်လို့ပြောတာပဲ၊ ဒါပေမဲ့ ကိုရဲမြင့် ကနာမည်ခံပါ၊ တစ်ယောက်ယောက်ကိုလုပ်ပေးနေတာ"

"အဲဒီတစ်ယောက်ယောက်ဆိုတာ ဘယ်သူလဲ"

"အဲဒါတော့ မို့မို့လည်း မသိဘူး၊ ငွေပင်လယ်က အုန်းကျွန်းမှာ သူပိုင်တဲ့ ငါးမွေးကန်ကြီးရှိတယ်၊ ပြီးတော့ ငွေပင်လယ်မှာလည်း အလှမွေးငါးအရောင်းဆိုင်ရှိတယ်လို့ ကိုရဲမြင့်ပြောပြဖူးတယ်"

"အင်း...တယ်ထူးဆန်းပါလား၊ ဟိုရောက်ရင် သိရမှာပေါ့၊ ကဲ မို့မို့...လက်ဖက်ရည်သောက်၊ မုန့်စား၊ ကိုယ်တော့ စိတ်မောလွန်းလို့ [illegible]းပြီ၊ ရှေ့ဘူတာတွေမှာ ဘာမှရမှာမဟုတ်ဘူး၊ ဗိုက်ပြည့်အောင်သာ စားထား"

မို့မို့စံက စားပြီးအပြင်ဘက်သို့ငေးကြည့်နေသည်။

"ကဲ... ကိုယ်တော့ အိပ်တော့မယ်၊ ငွေပင်လယ်ရောက်ရင် လန်းလန်းဆန်းဆန်းဖြစ်သွားအောင် အိပ်ရေးဝဝအိပ်ထားမှ၊ မို့မို့လည်း စိတ်ချလက်ချအိပ်နော်"

အောင်ဇော်မင်းက ပြောပြောဆိုဆို အပေါ်ထပ် အိပ်စင်သို့



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်သည်။ အိပ်ရာခင်းကို အသေအချာခင်းပြီး လှဲအိပ်လိုက်သည်။

အောင်ဇော်မင်း လှဲအိပ်ရန် ကြိုးစားနေသော်လည်း သူ့စိတ်က မို့မို့ဆီမှာ။ ထိတ်လန့်နေသောအချိန်မျိုးတွင် သူလည်း အိပ်ပျော်နိုင်မှာမဟုတ်ဟု တွေးမိသည်။

တွေးရင်းအိပ်ပျော်သွားတော့သည်။ မေးစနဲ အိပ်ပျော်သွားသည်ဟု ထင်ရသော်လည်း ဆူဆူညံညံအသံများကြားရ၍ အိပ်ရာနိုးလာသည်။

"ဟင်...မိုးတောင်လင်းပြီ"

အောင်ဇော်မင်း အိပ်ရာမှ ကမန်းကတန်းထလိုက်သည်။ အောက်ထပ်အိပ်စင်ရှိရာ မို့မို့စံကို လှမ်းကြည့်လိုက်သည်။

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ စေ့ပိတ်ထားသော အခန်းတံခါးကို ဖွင့်၍ အပြင်သို့ထွက်လိုက်သည်။ ထိုအခါ ရေချိုးခန်းမှ ထွက်လာသော မို့မို့စံကိုတွေ့လိုက်ရသည်။

"ဟင်... စိတ်ပူလိုက်ရတာ မို့မို့ရယ်၊ အိပ်ရာက နိုးနိုးချင်း မို့ကို မတွေ့ရလို့ ရင်ကိုထိတ်သွားတာပဲ"

မို့မို့စံက အောင်ဇော်မင်း၏ ပျာပျာသလဲနိုင်သော အမူအရာ





ကို ကြည့်၍ သွားတက်စွယ်ဖွေးဖွေးများ ပေါ်လာအောင် ရယ်လိုက်သည်။

"ကိုဇော်က သိပ်အအိပ်ကြီးတာကိုး၊ ငွေပင်လယ်ရောက်တော့မယ်ရှင့်၊ ဟိုမှာတွေ့လား ပင်လယ်ကြီး"

အောင်ဇော်မင်းက မို့မို့ညွှန်ပြရာကို လှမ်းကြည့်လိုက်တော့ ခပ်ဝေးဝေးတွင် ပြာလဲ့နေသော ပင်လယ်ပြင်၏ တစ်စွန်းတစ်စကို လှမ်းမြင်လိုက်ရလေသည်။

♥နှနှ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

စုလစ်မွမ်းချွန်တို့နှင့် ဘုတာရုံအဆောက်အဦရှေ့ရှိတွင် ရထားထိုးဆိုက်လိုက်သည်နှင့် အောင်ဇော်မင်းတို့ ရထားပေါ်မှ ဆင်းလိုက်သည်။

ခမ်းနားခြင်းအတိပြီးသော ဘူတာရုံ၏အထက်တန်းထွက်ပေါက်မှ ထွက်လိုက်ကြသည်နှင့် တက္ကစီအနီးတွင် ရပ်နေသော ကျော်ကျော်ကိုလှမ်းမြင်လိုက်သည်။

ကျော်ကျော်က ပြုံးလိုက်ပြီးအောင်ဇော်မင်းကိုလက်ပြနှုတ်ဆက်လိုက်သည်။





"ရောက်နေတာကြာပြီလားကျော်ကျော်"

"ငါးမိနစ်လောက်တော့ရှိပြီ၊ လေယာဉ်ပျံက ငွေပင်လယ်ကို အစောကြီးရောက်တာပဲ၊ ကျွန်တော် ဟိုတယ်မှာ အခန်းစီစဉ်ခဲ့ပြီးပြီ၊ ရထားဆိုက်ခါနီးမှ ထွက်ခဲ့တာ"

"ကျေးဇူးပဲဗျာ၊ ဒီမှာ ကျွန်တော်တို့လုပ်ငန်းတွေအဆုံးသတ်နိုင်မယ်ထင်တယ်"

"ဘုရားသခင် အလိုတော်အတိုင်းပေါ့ဗျာ၊ ကားပေါ်တက်ကိုဇော်၊ ငွေပင်လယ်မှာက ရထားဆိုက်ချိန်ဆိုရင် တက္ကစီရှားတယ်၊ ကျွန်တော်က ဟိုတယ်က ဆွဲခဲ့တာ"

အောင်ဇော်မင်းနှင့် မို့မို့စံ ကားထဲသို့ဝင်ထိုင်လိုက်သည်နှင့် ကျော်ကျော်က ကားရှေ့ခန်း ကားမောင်းသူနေရာတွင် ဝင်ထိုင်ပြီး စက်နှိုးလိုက်သည်။

ကျော်ကျော်စက်နှိုးနေစဉ်မှာပင် သူတို့ကားအနီးမှ ကားအနက်တစ်စီး ဖြတ်မောင်းသွားသည်။ ထိုကားနက်မောင်းသူက တက္ကစီပေါ်မှ မို့မို့စံကို မြင်သည်နှင့် ပြန်လှည့်ကြည့်သွားသည်။ အောင်ဇော်မင်းတို့သတိမထားမိလိုက်ပေ။

ကားနက်မောင်းသူက ကားကို ဘူတာရုံနှင့် မလှမ်းမကမ်း



www.burmeseclassic.com

www.burmeseclassic.com



တွင်ရပ်ထားပြီးကားတွင်းမှဖုန်းဆက်သည်။ အောင်ဇော်မင်းတို့ကာ
ဖြတ်သွားသည်နှင့် ကားကိုနောက်မှမောင်းလိုက်ခဲ့သည်။

ကားမောင်းနေသူ ကျော်ကျော်နှင့် အောင်ဇော်မင်းက
ထိုကားကိုသတိမထားမိဘဲမြို့လယ်မှရွှေမန်းဟိုတယ်ရှေ့တွင်ကားကို
ထိုးရပ်လိုက်သည်။

"ကဲ... မို့မို့၊ ဒီမှာခဏဆင်းဦး၊ ဒီကနေ မို့မို့ကို ရန်ကုန်ပို့ပေး
အစီအစဉ်လုပ်မယ်၊ သူ့ကိုလည်းမစိုးရိမ်နဲ့၊ ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက်
ကျော်ကျော်တဲ့"

"မို့မို့လည်းကိုကျော်ကျော်ကို သိပါတယ်၊ မို့မို့တို့ ပထမဆုံး
စတွေ့တဲ့ညက ကိုဇော်နဲ့အတူ ကိုကျော်ကျော်လည်းပါလာတယ်"

"ဩော်... ဟုတ်သားပဲ၊ မိတ်ဟောင်းဆွေဟောင်းတွေပဲ
မိတ်ဆက်ပေးတာတောင်နောက်ကျနေပြီပေါ့"

ကျော်ကျော်က မို့မို့စီးဆင်းသာရန် ကားတံခါးဖွင့်ပေးလိုက်ပြီ
ယဉ်ကျေးပျူငှာစွာ ပြုံးပြလိုက်သည်။

"ကိုဇော့်ကိုယုံကြည်ခင်မင်သလိုပဲ ကျွန်တော့်ကိုလည်းခ
မင်ပါ"

"ဟုတ်ကဲ့ပါ"





ကျော်ကျော်က ဦးဆောင်ပြီး ရွှေမန်းဟိုတယ်ထဲသို့လှမ်းဝင်
လိုက်သည်။

အောက်ထပ်တွင် စားသောက်ခန်း၊ အလှပြင်ဆိုင်၊ ရော့ပင်
ဆိုင်တာများရှိပြီးအပေါ်ထပ်များတွင် တည်းခိုခန်းဖြစ်သည်။

ဒုတိယထပ်ရောက်သည်နှင့် ကျော်ကျော်က စင်္ကြံလမ်း
အတိုင်း ဦးဆောင်လျှောက်သွားပြီး ဧထောင့်ဆုံးခန်းဖြစ်သော အခန်း
နံပါတ် (၂၅) ကို ဖွင့်ဝင်လိုက်သည်။ အခန်းက ကျယ်ဝန်းသပ်ရပ်ပြီး
အခန်းထဲတွင် နှစ်ယောက် အိပ်ခုတင်နှစ်လုံး၊ ဆိုဖာ ဆက်တီများ
ရှိသည်။

"အခန်းတွေက ပြည့်နေလို့ နှစ်ယောက်ခန်းယူပြီး သုံး
ယောက်နေမယ်လို့ဟိုတယ်မန်နေဂျာကိုပြောပြီးပြီ"

"ကောင်းပါတယ်၊ အခန်းကကျယ်တာပဲ၊ ကျွန်တော်တို့
နှစ်ယောက်က တစ်ခုတင်၊ မို့မို့က တစ်ခုတင်အိပ်ပေါ့၊ မနက်ဖြန်ဆိုရင်
မို့မို့လည်းရန်ကုန်ကိုသွားဖြစ်မှာပါ"

အောင်ဇော်မင်းက အခန်းထဲတွင် လှည့်ပတ်ကြည့်ရှုရင်း
ကျော်ကျော့်ကို လှမ်းပြောလိုက်သည်။ စိတ်တိုင်းကျကြည့်ရှုပြီးသော
အခါ ဆိုဖာတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ရောက်ရောက်ချင်းပဲ ကျွန်တော်တို့အလုပ်စကြ[illegible] အောင် ကိုကျော်ကျော်၊ ဒီမှာ ရဲမြင့်နာမည်နဲ့ ငါးမွေးကန်တစ်ကန်[illegible] တယ်တဲ့၊ အဲဒီမွေးမြူရေးက ဘာနာမည်လဲမို့မို့"

"မြိုင်သာ မွေးမြူရေးတဲ့ကိုဇော်"

"ငါးမွေးမြူရေးကန်ဆိုတာ မဆန်းဘူးလို့ ဆိုနိုင်တ[illegible] ဒါပေမယ့် ရဲမြင့်လိုလူမျိုးက ငါးမွေးတ. . .ဲဆိုတော့ ဆန်းတယ်[illegible] ကျွန်တော်တော့ ပထမဆုံးသွားပြီးလေ့လာချင်တယ်"

"ကောင်းသားပဲကိုဇော်၊ ထူးထူးခြားခြား ဖြစ်ရင်လည်း[illegible] မှာပေါ့"

"ကဲ… ကျွန်တော် တို့ သွားကြရအောင်၊ ဩော်… မို့မို့ [illegible] ထဲမှာပဲနေနော်၊ ကိုယ်တို့မဟုတ်ရင် တံခါးကို ဖွင့်မပေးနဲ့၊ သွား[illegible] မို့မို့ကို ရန်ကုန်ပို့ပေးဖို့အတွက်ပါ စီစဉ်ခဲ့မယ်"

"ကောင်းပြီကိုဇော်၊ သိပ်တော့ မကြာစေနဲ့နော်"

"မို့မို့ကလည်း သိပ်အားငယ်တာကိုး၊ ကိုယ်တို့ အမြ[illegible] ပြန်လာခဲ့မယ်"

အောင်ဇော်မင်းက မို့မို့၏ ပ ခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်[illegible] ကျော်ကျော်နှင့်အတူ အခန်းထဲမှ ထွက်ခဲ့ကြသည်။ အခန်းတံခါး[illegible] သေသေချာချာပိတ်ပြီးအပေါ်ထပ်မှ ဆင်းခဲ့သည်။

"လာကွာ…ဇော်၊ ကျွန်တော် ကောင်တာစာရေးဆီမှာ ကားငှား[illegible]ခဲ့တယ်"

အောင်ဇော်မင်း ခေါင်းညိတ်ပြပြီး ကားပေါ်သို့တက်လိုက်သည်။ အောင်ဇော်မင်း ကားပေါ်ရောက်သည်နှင့် ကျော်ကျော်က ကားကိုစက်နှိုးမောင်းထွက်လိုက်သည်။

"မြိုင်သာမွေးမြူရေးကဘယ်မှာရှိတာတဲ့လဲ"

"စုံစမ်းကြည့်ရမှာပေါ့"

"ဟိုတယ်မှာမေးကြည့်ရင်ရပေမယ့်၊ တမင်မမေးခဲ့ဘူး"

"ကောင်းတယ်ကျော်ကျော်"

ကားကို အတန်ကြာမောင်းမိသည်နှင့် ကျော်ကျော်သည် [illegible]မ်းယာဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။ ကားပေါ်မှမဆင်းဘဲ [illegible]ိုင်သာငါးမွေးမြူရေးရှိရာသို့လှမ်းမေးလိုက်သည်။

ကျော်ကျော်က ကားကိုကွမ်းယာသည်ညွှန်ပြသည့်အတိုင်း [illegible]ာင်းခဲ့ပြီး ကမ်းနားလမ်းသို့ရောက်သည်နှင့် ဘယ်ဘက်သို့ ချိုး[illegible]ဆွဲလိုက်သည်။

ကမ်းနားလမ်းသည် ပင်လယ်ကမ်းစပ်နှင့်မျဉ်းပြိုင်သဖွယ်







www.burmeseclassic.com

www.burmeseclassic.com



ရှိသောလမ်းဖြစ်သည်။ ကမ်းနားလမ်းအလယ်လောက်တွင် မြင်သ
ငါးမွေးမြူရေးဟု ဆိုင်းဘုတ်တပ်ထားသည်။ အဆောက်အဦတ
ခုကိုမြင်လိုက်သည်။ ခြံဝင်းကို သွပ်ဆူးကြိုးများနှင့်ကာရံထားသည်။

"ဝင်းတံခါးမှာ အစောင့်ရှိတယ်ကျော်ကျော် သူ့နေရာတဲ့
မှာပဲကားကိုရပ်လိုက်ပေါ့"

အောင်ဇော်မင်းစကားအတိုင်း ကျော်ကျော်က ဝင်းတံ
အနီးကားကိုထိုးရပ်လိုက်သည်။ ကားကိုရပ်လိုက်သည်နှင့် အစော
ကဆတ်ခနဲ လှမ်းကြည့်လာသည်။

"အစောင့်ပုံစံက ရာဇဝင်လူဆိုးပုံပဲ၊ ကျွန်တော်တို့ အော
ဆင်းပြီးနည်းနည်းစကားပြောကြည့်ရအောင်"

အောင်ဇော်မင်းက ကျော်ကျော့်ကိုလှမ်းပြောပြီး ကားပေ
ဆင်းလိုက်သည်။ ကျော်ကျော်လည်းကားပေါ်မှဆင်းပြီးအောင်ဇော်
နှင့်အတူတူဝင်းတံခါးရှိရာသို့လျှောက်ခဲ့သည်။

"ဘာကိစ္စလဲ"

"ကျွန်တော်တို့ငါးဝယ်ချင်လို့ပါ"

အောင်ဇော်မင်းက ချိုသာသောအသံဖြင့်လှမ်းပြောလို
သည်။ အစောင့်ကသူကိုင်ထားသောသေနတ်ပြောင်းကိုအောင်ဇော်





တို့ဘက်လှည့်လိုက်သည်။

"လောလောဆယ်ဘာ ငါးမှရောင်းဖို့မရှိဘူး"

"ဒီကငါးတွေ သိပ်လတ်တယ်ဆိုလို့ နာမည်ကြီးနေတာ
ကြောင့်တကူးတကလာဝယ်တာပါ"

"လောလောဆယ်ဘာငါးမှရောင်းဖို့မရှိဘူး"

အောင်ဇော်မင်းကအစောင့်ကိုမိတ်ဆွေဖွဲ့ပြီးအထဲဝင်ရန်
ကြိုးစားလိုက်သည်။

"အထဲကိုမဝင်နဲ့နော် ကျုပ်တားနေတဲ့ကြားက ဝင်ရင်
ခင်ဗျားတို့မလွယ်ဘူးနော်"

အောင်ဇော်မင်းလှမ်းမည့်ခြေလှမ်းကို ဆတ်ခနဲရပ်လိုက်ပြီး
အစောင့်ကိုစူးစူးစိုက်စိုက်ကြည့်လိုက်သည်။

"ခင်ဗျား .. ကိုယ်ဆီလာတဲ့ ဖောက်သည်ကိုဘာဖြစ်လို့
ခြိမ်းခြောက်ရတာလဲ၊ ရဲမြင့်သိရင်ခင်ဗျားမလွယ်ဘူးနော်"

အစောင့်ကဟက်ဟက်ပက်ပက်ရယ်လိုက်သည်။

"သြော်.... ခင်ဗျားတို့က ရဲမြင့်အားကိုးနဲ့ဝင်လာတာကိုး၊
ပြောလိုက်ရဲမြင့်ကို ကျုပ်ဝင်ခွင့်မပေးဘူးလို့၊ မှတ်ထားကျုပ်နာမည်
ဘောက်ဘီလူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာက ရဲမြင့်ပိုင်နက်ဆိုတာ ခင်ဗျားမသိဘူးလား ကျောက်ရှူး"

"ကျုပ်ကိုနောက်တစ်ခါကျောက်ရှူးလို့ခေါ်ရင်သေသွားမယ် သိလား၊ ဒီနေရာကို ရဲမြင့်ပိုင်တယ်ဟုတ်လား သွားစမ်းပါ၊ ကျုပ်ဇာ တချက်ထဲကကိစ္စကိုစိတ်မဝင်စားဘူး"

"ဆောရီးဗျာ ကိုကျောက်ဘီလူး၊ ခင်ဗျားကိုချိုးနှိမ်ပြီး ခေါ်လိုက်တာမဟုတ်ပါဘူး"

ကျောက်ဘီလူးက အောင်ဇော်မင်းကို တင်းမာခက်ထန် သော မျက်လုံးများဖြင့်စိုက်ကြည့်နေပြီး သေနတ်ပြောင်းကို အခြား ဘက်သို့လှည့်ပြီးမောင်းဖြုတ်လိုက်သည်။ သေနတ်သံနှင့်အတူ ခြံစည်း ရိုးပေါ်တွင်နားနေသောငှက်တစ်ကောင်လွင့်စင်ထွက်သွားသည်။

"မင်းတို့သွားတော့"

အောင်ဇော်မင်းက ကျော်ကျော်ကိုခေါင်း ဆတ်ပြလိုက် သည်။ ကျော်ကျော်က ကားပေါ်တက်ပြီး စက်နှိုးလိုက်သည်နှင့် အောင်ဇော်မင်းလည်းကားပေါ်သို့လှမ်းတက်လိုက်သည်။

"ခင်ဗျားခြိမ်းခြောက်တာကိုကြောက်လို့မဟုတ်ဘူး၊ ခင်ဗျား နဲ့စကားမပြောချင်လို့သွားမယ်"





ကျောက်ဘီလူးမကျေမနပ်နှင့်ကျန်ခဲ့သည်။

"ဘယ်လိုသဘောရလဲကိုဇော်"

"ဘာကိုလဲ"

"ငါး မွေးမြူရေးကိုပေါ့၊ ငါးမွေးတာ အခုလို အစောင့်ထား ရာလိုသလားဗျ"

"နဝိုကတည်းက မှုမမှန်ဘူးဆိုတာ သိနေတာပဲ"

ကျော်ကျော်က စကားဆက်မပြောတော့ဘဲ ကားကိုဆက် မောင်းခဲ့သည်။ ရွှေမန်းဟိုတယ်ရှေ့တွင် ကားကိုထိုးရပ်လိုက်သည်။

"ခုတစ်ခါမထူးသေးပေမယ့် နောက်တစ်ခါဆို ထူးခြားမှာ ပေါ့၊ ဒါထက် မှိုမှိုစံကိုရန်ကုန်ပို့ပေးဖို့ ကိုဇော်စီစဉ်မယ်ဆို"

"သူ့စိတ်ကောင်းအောင်ပြောခဲ့တာပါ၊ ညနေကျမှ ရန်ကုန်နဲ့ ဆက်သွယ်ပြီး မနက်ဖြန်ပို့ပေးလိုက်မယ်၊ ရန်ကုန်ကအဖွဲ့က သူ့ကို ကူညီပါလိမ့်မယ်"

"ဒီလိုဆိုရင်ပြီးတာပဲ၊ ကျွန်တော်ကမေ့နေသလားလို့"

အောင်ဇော်မင်းကပြုံးပြီး ခေါင်းရမ်းပြပြီး ဟိုတယ်ထဲသို့ လှမ်းဝင်လိုက်သည်။ ကောင်တာရှေ့သို့ရောက်သောအခါ စာရေးက ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့မိတ်ဆွေ တစ်ယောက်ရောက်နေတယ်၊ ဆရာတို့မရှိဘူးဆိုတာနဲ့ ဆရာ့အမျိုးသမီးနဲ့သိတယ်ဆိုပြီး အပေါ်တက်သွားလေရဲ့"

"ဘယ်သူလဲဗျ"

"နာမည်တော့ပြောမသွားဘူးဗျ"

စာရေး၏စကားကြောင့် အောင်ဇော်မင်းနှင့်ကျော်ကျော်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်။ အောင်ဇော်မင်း သွက်လက်သောခြေလှမ်းများဖြင့် လှေကားရှိရာသို့လျှောက်သွားသည်။ အပေါ်ထပ်သို့တက်ပြီး စင်္ကြံလမ်းအတိုင်း မပြေးရုံတမည် လျှောက်ခဲ့သည်။ အခန်းရှေ့သို့ရောက်သည်နှင့် ပခုံးစလွယ်ထဲမှ သော့ကိုထုတ်ပြီး တံခါးကိုခေါက်လိုက်သည်။ တံခါးအလိုလိုပွင့် နေပြီး အောင်ဇော်မင်းအခန်းထဲသို့လှမ်းဝင်လိုက်သည်။

အခန်းထဲမှာ ရှင်းလင်းနေသည်။ ဘာသည့်သည်မှမရှိ မိုမိုစံလည်းမရှိတော့ သူတို့နောက်ကျသွားပြီဟု အောင်ဇော်မင်း သိလိုက်ရသည်။

♥ ♥



အခန်း (၂၀)

တောက်ပပူနွေးသောနေရောင်ခြည်ကြောင့်အိပ်ပျော်နေရာမှဖျတ်ခနဲနိုးလာသည်။ မျက်စိအစုံပွင့်သည်နှင့် လက်မှနာရီကိုကြည့်လိုက်သည်။ နံနက်ဆယ်နာရီထိုးနေပြီ။

အောင်ဇော်မင်းအိပ်ရာမှလူးလဲထလိုက်သည်၊ ရေချိုးခန်းသို့ဝင်ပြီး ရေမိုးချိုးပြီးသည်နှင့် ဂျင်းဘောင်းဘီနှင့် စပို့ရှပ်တစ်ထည် ဝတ်ဆင်လိုက်သည်။

သော့နတ်ကိုစစ်ဆေးပြီး ပခုံးလွယ်အိတ်ထဲသို့ထည့်၍ အခန်းထဲမှထွက်မည်အပြုတစ်စုံတစ်ရာကိုတွေ့လိုက်သောကြောင့် ခြေလှမ်းတုံ့သွားသည်။ ခုတင်ခေါင်းရင်းဘက်မှ စာရွက်ခေါက်ကလေးဖြစ်သည်၊ အောင်ဇော်မင်းလှမ်းယူပြီးဖတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



*ကိုဇော်*

*ကျွန်တော်ညကတော်တော်နဲ့ အိပ်လို့မရဘူး။ ကျွန်တော် စိတ်မကောင်းဘူး။ ကျွန်တော်မြိုင်သာငါးမွေးမြူရေးကိုခဏသွားမယ် နေ့လည်စာစားချိန်အမှီပြန်လာမယ်။*

*ကျော်ကျော်*

စာဖတ်ပြီးသည်နှင့်အောင်ဇော်မင်းမျက်မှောင်ကြုတ်သွားသည်။ စာရွက်ခေါက်ကို လက်ထဲတွင် လုံးချေကိုင်ထားပြီး မလှုပ်မယှက်ဖြစ်သွားသည်။

ကျော်ကျော် မိုက်ရူးရဲဆန်သည့် စွန့်စားမှုကို ပြုလုပ်ခဲ့ပြီ။ စာရွက်ကိုမီးရှို့လိုက်ပြီးအခန်းအပြင်သို့ထွက်ခဲ့သည်။

စားသောက်ခန်းအပြင်ဘက်သို့ ကူးမည်အပြု ဟိုတယ်စာရေးက လှမ်းခေါ်သည်။

"တယ်လီဖုန်းလာနေတယ်ဆရာ၊ ဆရာနဲ့ စကားပြောချင်လို့တဲ့၊ ခေါ်နေတာ သုံးခါလောက်ရှိပြီ"

"ဘယ်ကလဲ"

"ဆေးရုံကတဲ့ဆရာ"

အောင်ဇော်မင်းကမန်းကတန်းစာရေးလေးလက်မှဖုန်းကို





လှမ်းယူပြီး ထူးလိုက်သည်။

"ကိုအောင်ဇော်မင်းလား၊ ကျွန်တော် ဆေးရုံကြီးတာဝန်ကျဆရာဝန်ပါ"

"ဟုတ်ကဲ့ပါဆရာ"

"ခင်ဗျား သူငယ်ချင်း ကိုကျော်ကျော်၊ ဆေးရုံမှာ ရောက်နေတယ်၊ ဒဏ်ရာလည်း တော်တော်ပြင်းတယ်၊ သူ သတိမလစ်ခင် ပြောသွားလို့ခင်ဗျားတည်းတဲ့နေရာကိုဖုန်းဆက်တာပါ"

"ကျော်ကျော် ဘာဖြစ်လို့လဲဆရာ၊ သူ့အသက်ရော စိုးရိမ်ရသလား"

ဆရာဝန်က သက်ပြင်းချလိုက်ပြီး

"ခုလောလောဆယ်တော့ ဘာမှမပြောနိုင်သေးဘူး၊ ဒီကိုခဏရောက်နေတဲ့ခွဲစိတ်ဆရာဝန်ကြီးက အစွမ်းကုန်ကြိုးစားနေပါတယ်"

"ဟုတ်ကဲ့ပါဆရာ၊ အခုလာခဲ့ပါ့မယ်"

အောင်ဇော်မင်း တယ်လီဖုန်းခွက်ကိုချလိုက်သည်။ အံကို တင်းတင်းကြိတ်လိုက်သည်။

"ဆရာ.... ဘာဖြစ်လို့လဲဆရာ"

အောင်ဇော်မင်းက တုန်ယင်သောအသံနှင့်မေးလာသော



www.burmeseclassic.com

www.burmeseclassic.com



စာရေးလေးကိုကြည့်လိုက်သည်။ ပြီးမှ

"ကိုယ့်ကို ကားခကာလောက် ငှားပေးပါလား၊ သူငယ်ချင်း ဆေးရုံရောက်နေလို့"

"ရပါတယ်ဆရာ၊ အပြင်မှာ ကားရှိပါတယ်၊ ကားဒရိုင်ဘာ ခွင့်ယူထားလို့ကိုယ်တိုင်ပဲ မောင်းသွားပါဆရာ"

ဟိုတယ်စာရေးက သော့တစ်ချောင်းကို လှမ်းပေးလိုက်သည်။ အောင်ဇော်မင်းက ကားသော့ကိုလှမ်းယူလိုက်ပြီး ဟိုတယ်ထဲမှထွက်ခဲ့သည်။

ဟိုတယ်အပြင်ဘက် တက္ကစီပေါ်သို့တက်၍ ကားစက်နိုး မောင်းထွက်ခဲ့သည်။

ဆေးရုံကြီးရှိရာသို့ မေးမြန်းစုံစမ်းပြီး မောင်းခဲ့သည်။ ဆေးရုံဝင်းအတွင်းသို့ မောင်းနှင်ခဲ့ပြီး စုံစမ်းရေးဌာနရှေ့တွင် ထိုးရပ်၍ ကားပေါ်မှဆင်းလိုက်သည်။

"ကျွန်တော် ဘာကူညီရမလဲခင်ဗျ"

"ဒီမနက် အက်ဆီးဒင့်ဖြစ်ပြီး ရောက်လာတဲ့လူနာကို တွေ့ချင်လို့ပါ"

"ဒီမနက်အသည်းအသန်းလူနာ သုံးယောက်ရောက်တယ်၊





ဘယ်သူလဲမသိဘူး"

"ကျော်ကျော်ပါ"

"ဪ.... ကိုကျော်ကျော်က အထူးခန်းထဲမှာပါ၊ ဟိုဘက်အခန်းမှာ တာဝန်ကျဆရာဝန်ရှိပါတယ်၊ ဝင်သွားလိုက်ပါ"

အောင်ဇော်မင်းတာဝန်ကျဆရာဝန်အခန်းထဲသို့ဝင်လိုက်သည်။ ဆရာဝန်က တစ်စုံတစ်ရာ ရေးမှတ်နေရာမှ ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"ပြောပါခင်ဗျာ၊ ကျွန်တော် ဘာကူညီရမလဲ"

အောင်ဇော်မင်းက သူ့အိတ်ထဲမှကတ်ကလေးကို ဆရာဝန်ထံသို့လှမ်းပေးလိုက်သည်။

"ဪ... ဟုတ်ပြီ၊ ကိုအောင်ဇော်မင်း.... ကိုကျော်ကျော် အခုပဲ ခွဲစိတ်ခန်းကထုတ်ပြီး အထူးခန်းမှာ ထားပါတယ်"

"ကျွန်တော် သွားကြည့်ချင်တယ်ဆရာ"

"အခုသွားကြည့်လို့မရသေးဘူး၊ အခုမှ ခွဲခန်းကထုတ်လာတာဆိုတော့ ကျွန်တော်တို့ဆရာဝန်တွေ၊ ဆရာမတွေအရမ်းဂရုစိုက်နေတယ်၊ ခင်ဗျားသွားရင် အခန်းအပြင်ကပဲကြည့်လို့ရမယ်"

"ဟုတ်ကဲ့ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇော်မင်းက အခန်းအပြင်သို့ထွက်လာပြီး ဆေးရုံ အလုပ်သမား တစ်ယောက်ကိုတွေ့၍ အထူးခန်းနေရာကိုမေးလိုက်သည်။

"ဒီလှေကားအတိုင်းတက်သွား၊ ဒုတိယထပ် ရောက်ရင် ညာဘက်ခြမ်းကိုသွားပါ"

အောင်ဇော်မင်းက အလုပ်သမားကို ကျေးဇူးတင်စကား ပြောပြီးအပေါ်ထပ်သို့တက်ခဲ့သည်။

အခန်းကျယ်ကြီးထဲတွင် ခုတင်ဆယ်လုံးခန့် ရှိပြီး အရေး ပေါ်လူနာများကို ထားသည့်ခန်းဖြစ်သည်။ ကျော်ကျော်ရှိနေရာသို့ မှန်းကြည့်လိုက်ရာ စက်ပေါင်းစုံကြားတွင်တွေ့ရသည်။ သူနာပြုဆရာမ များ၊ ဆရာဝန်များက သူ့အနီးတွင် ဝိုင်းနေသည်။

အောင်ဇော်မင်းက အခန်းအပြင်သို့ထွက်လာသော ခေါင်း စွပ်စိမ်း၊ ဝတ်စုံစိမ်းနှင့်ဆရာဝန်အနီးသို့ ချဉ်းကပ်သွားသည်။

"ဆရာ..."

"ဟော့...မောင်ဇော်၊ ဘာလာလုပ်တာလဲ၊ ကိုယ်ရောက်နေ တာ တွေ့လို့လာတာလား၊ ကိုယ်က အနားယူဖို့ လာတာ၊ ဒီမှာ အရေး ကြီးတဲ့လူနာရောက်နေလို့ ဝင်ကူနေရတာ၊ လာ..တစ်နေရာသွားပြီး





စကားပြောရအောင်"

"ဆရာ ရောက်နေတယ်ဆိုတာ ကျွန်တော် မသိပါဘူး၊ အခုလာတာ ကျွန်တော့်ရဲဘော်ကိုလာကြည့်တာပါ"

"သူ့ကိုကိုယ်မသိပါလား...လူသစ်လား"

"လူသစ်မဟုတ်ပါဘူး၊ မြိုင်သာဌာနခွဲကပါ"

"မင်းစိတ်သိပ်လှုပ်ရှားနေတယ်ထင်တယ်၊ သူ့အသက်ကို မနည်းလုထားရတာကွ၊ သူနဲ့မင်းတွေ့လို့မရသေးဘူး"

"သူ့အခြေအနေတော်တော်ဆိုးသလားဆရာ"

"ကိုယ်ရောက်လာတော့ သတိမေ့နေပြီ၊ အမှန်ကတော့ ကိုယ်နဲ့မဆိုင်ဘူး၊ ကိုယ်ငွေပင်လယ်ကိုရောက်နေတာ သိလို့ဆေးရုံ က အကူအညီတောင်းတာနဲ့လိုက်ကူပေးတာ၊ မမျှော်လင့်ဘဲ ကိုယ့် ရဲဘော်တစ်ယောက်ရဲ့အသက်ကိုကယ်နိုင်တာဝမ်းသာတယ်မောင်ဇော်"

အောင်ဇော်မင်းက ဆရာကြီးကိုလေးစားစွာကြည့်လိုက် သည်။ ဆရာကြီးက သူတို့အဖွဲ့အစည်း၏အကြံပေးပုဂ္ဂိုလ်ဖြစ်သည်။ ခွဲစိတ်ပါရဂူကြီးဖြစ်သည်။

"သူ့ဒဏ်ရာအခြေအနေက ဘယ်လိုလဲဆရာ"

"တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့အကိုက်ခံထားရတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ယူဆတယ်၊ တစ်ကိုယ်လုံးဒဏ်ရာတွေချည်းပဲ၊ တချို့နေရာတွေဆိုရင် အသားတွေတောင်ပုပ်နေတယ်"

အောင်ဇော်မင်း တစ်ကိုယ်လုံး ဆတ်ခနဲ ဖြစ်သွားသည်။

"မင်းဘာမှ မပူနဲ့တော့၊ ဒေါက်တာကြည်စောနဲ့တွေ့ရင် ရောဂါ အားလုံးပျောက်ရမှာပေါ့၊ မင်းပြောသလိုလေ... ဒေါက်တာ ကြည်စောရဲ့ဆေးကိုသောက်ရင် အသက်ပါပျောက်တယ်လို့"

ဆရာစန်းကြီးက သူ့ကိုယ်သူ ဂုဏ်ဖော်၍ရယ်ရယ်မောမော ပြောလိုက်သည်။ အောင်ဇော်မင်း မရယ်ရဲဘဲ အခန်းထောင့်တစ်နေရာ သို့ ကြည့်နေသည်။

"မောင်ဇော်မင်းဘာဖြစ်နေတာလဲ"

"ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ၊ သူဟာ ဘယ်လိုလူနာ ဆိုတာ ဆရာသိပြီဆိုရင် သူ့အတွက် လိုအပ်တဲ့အကာအကွယ်လေး လုပ်ပေးပါဆရာ၊ ကျွန်တော် ရန်ကုန်နဲ့ဆက်သွယ်ရဦးမယ်၊ ပြီးတော့ တစ်နေရာကိုလည်းသွားစရာရှိလို့ပါ"

အောင်ဇော်မင်းက ပြောပြောဆိုဆို ဒေါက်တာကြည်စော ရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့သည်။ အောက်ထပ်သို့မပြေးရုံတမည် ဆင်း ခဲ့လေသည်။





ငွေပင်လယ်တစ်မြို့လုံး လျှပ်စစ်မီးရောင်ဖြင့် လင်းထိန်နေ သော်လည်း ကမ်းနားလမ်းတစ်လျှောက်တွင် မှောင်နေသည်။ အထူး သဖြင့် မြိုင်သာ ငါးမွေးမြူရေးအနီးရှိ ဓာတ်မီးတိုင်များ မီးမလင်းဘဲ ရှိနေသည်။

အောင်ဇော်မင်းသည် ဟိုတယ်မှ ငှားလာသော ကားကို မီး မှိတ်၍ ခပ်ဖြည်းဖြည်းမောင်းလာပြီး လမ်းဘေးမှောင်ရိပ်တစ်နေရာ တွင်ထိုးရပ်လိုက်သည်။ ပြီး သွက်လက်စွာဆင်း၍ ငါးမွေးမြူရေး ခြံ အနီးသို့ ချဉ်းကပ်ခဲ့သည်။

အိမ်အတွင်းအသံတစ်စုံတစ်ရာမကြားရဘဲ တိတ်ဆိတ်နေ သဖြင့် အောင်ဇော်မင်းမသက်သာတော့ပေ။ တံခါးပေါက်အနီးသို့ အသာ လျှောက်ခဲ့သည်။ အိမ်တံခါးပေါက်ကိုလက်နှင့်စမ်းကြည့်တော့ သော့ ခလောက်တန်းလန်းဖြစ်နေသည်။

အောင်ဇော်မင်း သူ့အိတ်ထဲမှ သော့တွဲတစ်တွဲကိုထုတ်ယူပြီး သော့တံတစ်ချောင်းပြီးတစ်ချောင်း အသုံးပြု၍ သော့ဖွင့်ကြည့်သည်။ ခြောက်ချောင်းမြောက်သော့တံဖြင့် တံခါးကိုအောင်မြင်စွာ ဖွင့် နိုင်သည်။

အောင်ဇော်မင်း တံခါးကို အသာဖွင့်ပြီး အိမ်ထဲသို့ လှမ်းဝင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အမှောင်ထဲတွင် စမ်း၍လျှောက်နေရင်း နံရံမှ မီးလုံးဖျော့ ခနဲလင်းလာသောကြောင့် အနီးရှိတိုင်ကီတစ်လုံးနောက်သို့ဖျတ်ခနဲ ပြေးဝင်လိုက်သည်။ အောင်ဇော်မင်း တိုင်ကီ နောက်သို့ ရောက်ချိန် တွင် ဒုတ်ခနဲ မြည်သံနှင့်အတူ တိုင်ကီကို ကျည်ဆံလာရောက်ထိမှန် သံ ရှူးခနဲပေါ်လာသည်။

အောင်ဇော်မင်း သူရောက်နေသောအခန်းကိုကြည့်လိုက် သည်။ အခန်းထဲတွင် တိုင်ကီများ၊ ထင်းရှူးသေတ္တာများနှင့်အလှမွေ ငါးကန်များကိုတွေ့ရသည်။ အပေါ်ဘက်တွင် ထပ်ခိုးတစ်ခုရှိနေပြ သေနတ်ကျည်ဆံက ထိုနေရာမှလာသည်ဟုတွက်ဆလိုက်မိသည်။

အောင်ဇော်မင်း ခဏမျှ ငြိမ်နေပြီး အိတ်ထဲမှ အကြွေ တစ်စေ့ကို ထုတ်ယူလိုက်သည်။ ပတ်ဝန်းကျင်ကို တစ်ချက်မျှ လှည့် ပတ်ကြည့်ရှုပြီး၊ အကြွေစေ့ကိုလှမ်းပစ်လိုက်သည်။ ထိုနေရာမှ ချွင်ခနဲ မြည်သံနှင့်အတူ အပေါ်ထပ်မှ မီးဝင်းခနဲပွင့်သွားပြီး အသံတိတ် ကိရိယာတပ် သေနတ်သံ ဒုတ်ခနဲပေါ်လာသည်။

အောင်ဇော်မင်းက လျင်မြန်စွာဖြင့် မီးပွင့်နေရာ သေနတ်ဖြင့် ချိန်ရွယ်၍ပစ်လိုက်သည်။ အပေါ်ထပ်မှ ထပ်၍မီးပွင့်လာ ပြန်သည်။ အောင်ဇော်မင်း ဘေးသို့ထွက်၍ တိုင်ကီကိုကွယ်လိုက်ပြီး





အထပ်ခိုးသို့လှမ်းကြည့်လိုက်သည်။

အထပ်ခိုးတွင်အရိပ်တစ်ခု လှုပ်ရှားနေသည်။ အောင်ဇော်မင်း ထိုနေရာသို့ သေနတ်ဖြင့် သုံးချက်တိတိ ဆက်ပစ်သည်။ နောက်ထပ် သေနတ်သံတစ်ချက်ပေါ်လာပြန်သည်။ ထိုအခါ သူက အသံပေါ်လာ ရာသို့မှန်း၍ တစ်ချက်လှမ်းပစ်လိုက်သည်။

တစ်ဖက်မှ မတုံ့ပြန်နိုင်တော့ဘဲ ငြိမ်သွားသည်။ ထိုအခါ သူက နာကျင်ဟန်ဖြင့် အော်လိုက်သည်။ ထင်းရှူးသေတ္တာနောက်တွင် နားထောင်၍ ငြိမ်နေလိုက်သည်။

တစ်ဖက်မှ သေနတ်သမားသည် အပေါ်ထပ်မှ ပြေးဆင်းလာ သည်။ အောင်ဇော်မင်း သေနတ်မောင်းကို ဆွဲချလိုက်သည်။ ထိုသူရှိ နေရာမှ အော်သံပေါ်လာပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားသံပါ ကြား လိုက်ရသည်။

အောင်ဇော်မင်း ပုန်းကွယ်နေရာမှထွက်လာပြီး လဲကျနေသူ ကိုလှမ်းကြည့်လိုက်သည်။

"အောင်ဇော်မင်း ငြိမ်ငြိမ်လေးရပ်နေ၊ မင်းလက်ထဲက ကျည်ဆံမရှိတော့တဲ့ သေနတ်ကို လွှတ်ချလိုက်စမ်း"

အောင်ဇော်မင်း သူ့ကိုယ်သူ အပြစ်တင်ရင်း လက်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကိုလွှတ်ချလိုက်သည်။

"ဟုတ်ပြီ၊ သေနတ်နဲ့ ဝေးဝေးကို ဆုတ်၊ ညာဘက်ကို နော်

ညာဘက်ကို"

အောင်ဇော်မင်းက ညာဘက်ကိုဆုတ်ခဲ့ရင်း သေနတ်ကို

ထားသူကို လှမ်းကြည့်လိုက်သည်။ သူ့ကို သေနတ်ဖြင့်ချိန်ရွယ်ထာ

သူမှာ ကျောက်ဘီလူးဖြစ်သည်။

"မင်းကြောင့်ငါ့လူတစ်ယောက် ဆုံးသွားပြီ၊ အေး...ဒီတစ်

တော့မင်းအလှည့်ပေါ့၊ ရပ်လိုက်စမ်း၊ အဲဒီမှာပဲရပ်နေ"

အောင်ဇော်မင်း...ကျောက်ဘီလူး၏အမိန့်အတိုင်းရပ်လို

ပြီးကြမ်းပြင်ကို ငုံ့ကြည့်လိုက်သည်။ သူရပ်နေသော ကြမ်းပြင်နေ

တွင် စက်ဝိုင်းသင်္ကေတန် အက်ကြောင်းလေးဖြစ်နေသည်ကိုတွေ့လို

ရသည်။

အောင်ဇော်မင်း ရုတ်တရက် တင်းတင်းကျပ်ကျပ် ဖြစ်

သည်။ အခန်းထောင့်မှ သေနတ်ကိုင်ပြီး တရွေ့ရွေ့လျှောက်လာ

သောကျောက်ဘီလူးကိုလည်းလှမ်းကြည့်လိုက်သည်။ ကျောက်ဘီလူ

သူနှင့် မလှမ်းမကမ်းအရောက်လျှောက်လာပြီး ရပ်လိုက်သ

အောင်ဇော်မင်းက မသိမသာရွေ့၍စက်ဝိုင်းသင်္ကေတန်အက်ကြော





နှင့်လွတ်ရာသို့တိုးလိုက်သည်။

"မင်း...ဒီတစ်ခါလွတ်မလားဆိုတာ ကြည့်ပေါ့"

ကျောက်ဘီလူးက သေနတ်ကိုင်ထားလျက်တိုင်ဆီသို့လက်

လှမ်း၍ခလုတ်ကိုနှိပ်လိုက်သည်။ စက်ဝိုင်းသင်္ကေတန်အက်ကြောင်းရှိရာ

ကြမ်းပြင်တွင် အပေါက်ကြီးတစ်ခုပေါ်လာသည်။ သူအံ့သြသွားသည်။

အောင်ဇော်မင်းက ကြမ်းပြင်ပေါ်တွင် ရပ်လျက်ပင်ရှိနေသေးသည်။

"ဩော်...မင်းကအခုထိကံကောင်းနေတုန်းပဲကိုး၊ အေးလေ

မင်းမကျသေးဘူးဆိုရင် ငါက တွန်းချပေးရမှာပေါ့"

"ကျွန်တော့်ကို အခွင့်အရေးတစ်ခုလောက် ပေးပါဦး၊

ခင်ဗျား နဲ့ကျွန်တော် ဘာရန်ငြိုးမှ မရှိတာ၊ ကျွန်တော့်ကို ဘာလို့

သတ်ချင်ရတာလဲ၊ ကျွန်တော့်ကိုလွှတ်ပေးရင် ခင်ဗျားအတွက် အကျိုး

ရှိစေရမယ်လို့ကျွန်တော် အာမခံတယ်"

"ဟေ့ကောင် စကားရှည်မနေနဲ့၊ အောက်ကကောင်နဲ့ မင်း

ပေါင်းလုံးရဦးမှာ"

အောက်ကကောင်ဟူသောစကားကြောင့် အောင်ဇော်မင်း

လှမ်းကြည့်လိုက်ရာ ရေသံသဲ့သဲ့နှင့် လှုပ်ရှားသံကိုကြားလိုက်သည်။

အောက်တွင် ရေကန်ရှိပြီး ရေသတ္တဝါတစ်ကောင်ရှိဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇော်မင်း လှူသားစားငါးမန်းကို သတိရပြီး ကျော်ကျော် တင်ယောက် အံ့ဝှက်ပေါက်ထဲကျပြီး ငါးမန်းအကိုက်ခံရခြင်းဖြစ်မည်ဟု ရုတ်ခြည်းတွေးဆလိုက်မိသည်။

အောင်ဇော်မင်းသည် ခါးတင်ငွေမှီးခြစ်အောက်ရှိ လျှို့ဝှက်ခလုတ်လေးကို လက်သန်းဖြင့်တွန်းရွှေ့လိုက်သည်။ ကျောက်ဘီလူးနှင့်သူ့ကြား အကွာအဝေးကို တွက်ဆကြည့်လိုက်သည်။

သူနှင့်ကျောက်ဘီလူး အကွာအဝေးမှာ ခြောက်ပေနီးပါးရှိမည်။ သူ့မှီးခြစ်၏ မီးတောက်က ဆယ်ပေအထိ ပြေးနိုင်သည်။ အောင်ဇော်မင်း စိတ်ကို တည်ငြိမ်အောင်ထားပြီး ကျောက်ဘီလူးမျက်နှာကို တည့်မတ်စွာချိန်၍မီးခလုတ်ကို ဖျတ်ခနဲ နှိပ်လိုက်သည်။ အောင်ဇော်မင်းက လည်း လှုပ်ရှားလိုက်သည်။ ကျောက်ဘီလူး အထိတ်တလန့်ဖြင့်မျက်နှာကိုလက်ဖြင့်ကာလိုက်စဉ်အောင်ဇော်မင်းက သူ့အနီးသို့ ခုန်ဝင်၍ သေနတ်ကိုင်ထားသောလက်ကို လက်ဝါးစောင်းဖြင့်ရိုက်ချလိုက်သည်။ သေနတ်မှ ကျည်ဆံ ထွက်သွားပြီး ပွင့်နေသော အပေါက်ထဲသို့ ခြေချော်ကျသွားသည်။ စက်ရိုင်းပေါက်နှုတ်ခမ်းကို ဆုပ်ကိုင်မိပြီး သူ့ခန္ဓာကိုယ် တွဲလောင်းဖြစ်နေသည်။

"ကဲ. ငါ့သူငယ်ချင်း ဘယ်လိုခံစားရတယ်ဆိုတာ မင်းပါကိုယ်တိုင်ဆင်းပြီး ခံစားကြည့်ပေါ့ဟုတ်လား"

"အား…အား…"

ကျောက်ဘီလူး ရေအောက်သို့ပြုတ်ကျသွားသည်။ ငယ်သံပါအောင် အော်လိုက်သံနှင့်အတူ ရေကန်မှ တဝုန်းဝုန်းနှင့်လှုပ်ရှားသံပေါ်လာသည်။

အောင်ဇော်မင်း ကွဲအက်ဖနေသော မှန်ပုံးများကို ကြည့်ရင်း သဘောက်ဖြစ်လာသည်။ မှန်လှောင်အိမ်အောက်တွင် သဲများထည့်ထားခြင်းကိုလည်း သူမသင်္ကာတော့၊ မှန်အိမ်ထဲမှ သဲများကို ယက်ကြည့်ရာ အောက်ခြေတွင် သံပြားခံနေသည်။ သူက မ လှမ်းမကမ်းတွင်ကျနေသော တုတ်တစ်ချောင်းကိုယူ၍ မှန်လှောင်အိမ်အောက်ဘက်ရှိ အံ့ဝှက်ကို ရိုက်ချလိုက်သည်။ အံ့ဝှက်ပွင့်ကျသွားပြီး အထုပ်ဖြူဖြူများ ကျက်ကျလာသည်။ အောင်ဇော်မင်း ပလတ်စတစ်အထုပ်ကလေးကို ကောက်ယူကြည့်လိုက်သည်။ ဘိန်းဖြူတွေဖြစ်နေသည်။

❤နှံ့နှံ့❤







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"စောင့်နေတာကြာပြီလား ကိုအောင်ဇော်မင်း၊ ကျွန်တော်တို့နည်းနည်းနောက်ကျသွားတယ်"

မော်တော်ပေါ်သို့ရောက်သည်နှင့် အသင့်စောင့်နေသော အောင်ဇော်မင်းကိုစခန်းမှူးက နှုတ်ဆက်လိုက်သည်။

"သိပ်မကြာသေးပါဘူး၊ ကျွန်တော်လည်း ပင်လယ်လေရှူရင်းစောင့်နေတာ၊ စောင့်ရမှန်းတောင် မသိလိုက်ပါဘူး"

စခန်းမှူးနှင့်အဖွဲ့ မော်တော်ဘုတ်ပေါ်လှမ်းတက်လိုက်ပြီးသည်နှင့် ဆိပ်ခံဇောတံတားမှ မော်တော်ဘုတ် မောင်းထွက်လိုက်သည်။





"ကျွန်တော်မှာထားတဲ့ ပစ္စည်းပါလား"

"ပါပါတယ်၊ ကျွန်တော်ပေးလိုက်တဲ့ ရေငုပ်ဝတ်စုံရော၊ ဘယ်လိုနေလဲအဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ဒါနဲ့ စခန်းမှူးကို မေးရဦးမယ်၊ ဒီအုန်းကျွန်းအနားမှာ ငါးမန်းတွေ ဘာဖြစ်လို့ ဒီလောက်တောင် မြူးနေတာလဲ၊ ငါးမန်းဆိုတာ သွေးညှီနံ့ရမှမြူးတာ မဟုတ်ဘူးလား"

"အေးဗျ၊ ခါတိုင်းတော့ ဒီလိုမဟုတ်ဘူးဗျ… ခုမှ ဘယ်လိုဖြစ်မှန်း ကျွန်တော် စဉ်းစားလို့မရဘူး၊ ကျွန်းနားမှာ ငါးမန်းတွေ သောင်းကျန်းနေတော့ တော်တော်တန်တန် မကပ်ရဲကြဘူး၊ ဒါကို အခွင့်ကောင်းယူတယ် ထင်တာပဲ"

အောင်ဇော်မင်းက သူ့ကိုယ်တွင် ဝတ်ထားသော အဝတ်အစားများကိုချွတ်ပြီး ရေကူးဘောင်းဘီတစ်ထည်သာ ကျန်သော အခါ အသင့်ပါလာသော ကျောပိုးအိတ်ထဲမှ ခါးပတ်တစ်ချောင်းကို ထုတ်ယူ၍ရေကူးဘောင်းဘီပေါ်ထပ်ပြီး ခါးတွင် ပတ်လိုက်သည်။

"နီးပြီထင်တယ်၊ စခန်းမှူး"

"ဟုတ်တယ်၊ နီးပြီ"

အောင်ဇော်မင်း အိတ်ထဲမှ ရေငုပ်ဝတ်စုံကို ထုတ်၍ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပြီး အသက်ရှူဘူးနှင့် ရေယက်ဘဲခြေကို လက်တွင်ကိုင်ပြီး မော်တော်ဘုတ်အစပ်တွင် ရပ်လိုက်သည်။ စခန်းမှူးက ရေအောက်သုံး မြားတံသေနတ်၊ ဓားမြှောင်တစ်ချောင်းနှင့် အချိန်ကိုက်ဗုံးကို ပေးလာသည်။ သူက ခါးတွင်ချိတ်လိုက်ပြီး ရေယက်ဘဲခြေစွပ်ကိုခြေထောက်တွင်စွပ်လိုက်သည်။

"အတော်ပဲ၊ ဒီနေရာက အုန်းကျွန်းနဲ့ မိုင်ဝက်လောက်ပဲရှိမယ်"

"အိုကေ...ကျွန်တော်သွားမယ်"

"အောင်မြင်ပါစေဗျာ၊ ကျွန်တော်တို့စောင့်ကြည့်နေမှာပါ"

အောင်ဇော်မင်း ခေါင်းစွပ်ကိုစွပ်၍ ရေထဲသို့ ခုန်ချလိုက်သည်။ အောက်ခြေသဲပြင်ကို ခြေထောက်ထောက်မိသောအခါ ခေါင်းစွပ်မှ ဓာတ်မီးကိုဖွင့်လိုက်သည်။ ကျောတွင် လွယ်ထားရသော အောက်စီဂျင်ဘူးကြောင့်ကသိကအောင့်ဖြစ်နေသည်။

အုန်းကျွန်းဆီသို့ မှန်းဆပြီး ကူးခဲ့ရာ တစ်နေရာအရောက်တွင် အရိပ်မည်းကြီးတဂ်ခုက သူ့အပေါ် အုပ်မိုးလာသောကြောင့် အထိတ်တလန့်ဖြစ်သွားမိသည်။ ဓာတ်မီးရောင်ဖြင့် အသေအချာ စူးစမ်းကြည့်ခဲ့သောအခါအုန်းကျွန်းတွင် ဆိုက်ကပ်ထားသော သင်္ဘော





ကြီး၏ ဝမ်းဗိုက်အောက်သို့ ရောက်နေသည်။ အောင်ဇော်မင်း ပြုံးလိုက်ပြီး ခါး တွင်ချိတ်ထားသော ချိန်ကိုက်ဗုံးကို ဖြုတ်ပြီး ဗုံးထဲမှ စနက်တံကိုဖြုတ်ကာ သင်္ဘောဝမ်းဗိုက်တွင် ကပ်ထားလိုက်သည်။

အောင်ဇော်မင်း သင်္ဘောအောက်မှ အပြင်ထွက်လိုက်သည်။ ငါးမန်းကြီးများကို တွေ့လိုက်သဖြင့် ခါးတွင်ချိတ်ထားသော မြားတပ်သေနတ်ကိုထုတ်ယူ၍ သူနှင့်အနီးဆုံးတစ်ကောင်ဆီသို့ ပစ်လိုက်သည်။ မြားတံမှာ ပါနေသော ငါးမန်းပါးစပ်ထဲသို့ဝင်သွားသည်။ ငါးမန်း၏ ပါးစပ်မှ သွေးများစီးကျလာသည်နှင့် အခြားငါးမန်းများက ဝိုင်း၍တိုက်ခိုက်ကြတော့သည်။

အောင်ဇော်မင်း ထိုနေရာမှ ခပ်သွက်သွက်ကူးထွက်လိုက်သည်။ အနည်းငယ် ကူးမိသည်နှင့် အသက်ရှူဘူးအောက်စီဂျင်ကို ဖြုတ်ပြီး ခေါင်းစွပ်ကို ချွတ်ကာ ရေပေါ်သို့ ကိုယ်ဖော့၍ တက်လိုက်သည်။ သူနှင့်နီးကပ်စွာ ရှိနေပြီဖြစ်သော အုန်းကျွန်းကို မြင်လိုက်ရသည်။ တစ်ဆက်တည်းမှာပင် ကုန်းပေါ်မှ လူတစ်ယောက် ပင်လယ်ထဲသို့တစ်စုံတစ်ရာ သွန်ချလိုက်သည်ကိုမြင်ရသည်။

ထိုနေရာတွင် တဝုန်းဝုန်းမြည်သွားသော ငါးမန်းများ၏ အသံကြောင့် အောင်ဇော်မင်း မျက်မှောင်ကြုတ်သွားသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သွန်လိုက်သည်မှာ သွေးများဖြစ်မည်ဟု ခန့်မှန်းမိသည်။

အောင်ဖော်မင်း ကမ်းခြေသို့ရောက်၍ ကျောက်ဆောင်တစ်ခု ပေါ်တက်မိသည်နှင့် ကိုယ်တွင် ဝတ်ဆင်ထားသော ရေငုပ်ဝတ်စုံကို ချွတ်ချလိုက်သည်။

"မင်္ဂလာပါ ကိုအောင်ဖော်မင်း၊ ကျွန်တော်တို့ ခင်ဗျားကိုကြိုဆိုနေပါတယ်"

ရုတ်တရက် ကြားလိုက်ရသော အသံနှင့်အတူ သူ့ကိုယ်ပေါ် လင်းလက်စွာကျရောက်လာသော လက်နှိပ်ဓာတ်မီးရောင်ကြောင့် အောင်ဖော်မင်း တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။

"သေနတ်တွေနဲ့ ချိန်ထားတာနော်၊ လူစွမ်းကောင်းမလုပ်ဘဲ ရှေ့တည့်တည့်ကို လျှောက်ခဲ့ပါ"

အောင်ဖော်မင်း အသံလာရာဆီသို့ ခပ်မှန်မှန်လျှောက်ခဲ့သည်။

"ရှေ့က မီးလင်းနေတဲ့နေရာကို ရောက်အောင်သွား ဆရာကြီး မင်းကိုစောင့်နေတယ်"

အောင်ဖော်မင်း အကြောအခြင်များကို လျှော့ချပြီး မီးရောင်မြင်နေရသော နေရာသို့ ခပ်မှန်မှန်လျှောက်ခဲ့သည်။ မီးရောင်ရှိသော





နေရာသည် ရွက်ဖျင်တဲဖြစ်သည်။ တဲအနီးသို့ရောက်သောအခါ ရဲမြင့် တဲအတွင်းမှာထိုင်နေသည်ကို လှမ်းမြင်ရသည်။

"ရောက်ချိန်ထက် နည်းနည်းနောက်ကျပြီးမှ ရောက်လာတာကိုး"

အောင်ဖော်မင်း တဲအတွင်းသို့ မျက်လုံးဝေ့၍ကြည့်လိုက်သည်။

"ခင်ဗျားရဲ့ အချစ်တော်ကို ရှာတာထင်ပါ့၊ ဘယ့်နယ့် ခင်ဗျားက လျှို့ဝှက်ပြီးလာတယ်၊ ကျုပ်တို့က မိသွားတယ်၊ ခင်ဗျား ကစုံထောက် ဖြစ်ပြီး ရေငုပ်ကိရိယာမပါဘဲ ရေငုပ်နိုင်အောင်မလေ့ကျင့်ထားပဲကိုး"

ရဲမြင့် စကားကြောင့် အောင်ဖော်မင်း၏ မျက်နှာတွင်အခံရခက်ဟန်ပေါ်မသွားဘဲ ပြုံးလိုက်သည်။ ပြုံးရင်း ရဲမြင့်အနီးသို့တိုးကပ်သွားသည်။

"မို့မို့ ဘယ်မှာလဲဗျ"

"သြော်.... မို့မို့လား ရှိပါတယ်ဗျ၊ တွေ့ရမှာပေါ့"

"ခင်ဗျားတို့ သူ့ကို ဘာလုပ်ထားလဲ"

"အို.... ဘာမှလုပ်မထားပါဘူး ခင်ဗျားရဲ့အချစ်တော်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ကျုပ်တို့လက်ဖျားနဲ့ တောင်မတို့ရဲပါဘူး"

အောင်ဇော်မင်းက သူ့ရှေ့တွင်ထိုင်နေသော ရဲမြင့်ကိုတည့်တည့်မိုးကြည့်လိုက်သည်။

လက်တစ်ဖက်လျှင်မြန်စွာ လှုပ်ရှားသွားပြီး ပြင်းထန်သော လက်သီးချက် ရဲမြင့် မေးရိုးပေါ်သို့ကျသွားသည်။ ရဲမြင့် ပက်လက်လန်လဲကျသွားစဉ်မှာပဲ ဒုတ်ခနဲမြည်သံနှင့်အတူ သူ့နောက်စေ့က ပူခနဲဖြစ်သွားပြီး မိုက်ခနဲ ခံစားလိုက်ရသည်။

"ဟော့... မလုပ်နဲ့၊ သူ့ကို သင်ခန်းစာပေးဖို့ စဉ်းစားပြီးပြီ၊ မိုမို့စ်ကို သွားခေါ်စမ်း"

အောင်ဇော်မင်းက အရိုက်ခံရသော နောက်ဇစ်ကိုလက်ဖြင့်ကိုင်ပြီး ဒယီးဒယိုင်ဖြစ်နေသည်။

"အို... ကိုဇော်..."

အောင်ဇော်မင်းက ပြာဝေနေသော မျက်လုံးအစုံဖြင့် တံအတွင်းသို့ပြေးဝင်လာသော မိုမို့စ်ကို လှမ်းကြည့်လိုက်သည်။

"မိုမို့..."

အောင်ဇော်မင်း လက်ကမ်းပေးလိုက်သည်နှင့် မိုမို့စ်သည် အောင်ဇော်မင်းရင်ခွင်ထဲသို့ပြေးဝင်လိုက်သည်။ အောင်ဇော်မင်းက





တသိမ့်သိမ့် တုန်နေသော မိုမို့စ်၏ကျောပြင်ကိုသိုင်းဖက်လိုက်သည်။ ထိုအချိန်တွင် သူတို့တစ်ကိုယ်လုံး တင်းခနဲဖြစ်သွားသည်။

"ကဲ... ဒီအတိုင်းဖက်ထားနိုင်အောင်လို့ ကြိုးနဲ့ချည်ပေးခဲ့တာပါ။ မိုးလင်းထိအောင် ဖက်ထားကြပေါ့။ မိုးလင်းလို့ သခေါ်ာထွက်ရင်ခင်ပျားတို့အတွက် သာယာတဲ့နံနက်ခင်းလေးတည်ဆောက်ပေးမည်"

အောင်ဇော်မင်း မလှုပ်ရှားနိုင်သည့်ကြားမှ ရဲမြင့်မျက်နှာကို တံတွေးဖြင့်ထွေးလိုက်သည်။ ရဲမြင့်က သူ့ကိုခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။ နှစ်ယောက်စလုံးမြေပြင်ပေါ်သို့ လဲကျသွားလေသည်။

❤နှံ့❤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဆရာ ပစ္စည်းတွေအားလုံး သင်္ဘောပေါ်ရောက်ကုန်ပါပြီ"

"အေး... ဒီလိုဆို သူတို့နှစ်ယောက်ကို ဆွဲထုတ်ခဲ့ပြီး ငါပြော
တဲ့အတိုင်း ကမ်းစပ်မှာ ချည်ထားခဲ့၊ ပြီးရင် တဲကိုဖျက်လိုက်"

ရဲမြင့်က လက်နက်ကိုင်ကို အမိန့်ပေးပြီး တဲရှေ့မှ ထွက်သွား
သည်။ လက်နက်ကိုင်နှင့် အဖော်တစ်ယောက်က အောင်ဇော်မင်
တို့ကို တဲအတွင်းမှ တရွတ်တိုက်ဆွဲထုတ်လိုက်သည်။ ကမ်းစပ်တစ်
ရာသို့အရောက် ဆွဲလာခဲ့ပြီး ကမ်းစပ်သို့ရောက်သောအခါ အခွေလိုက်
ချထားသော ကြိုးနှင့် သူတို့ကိုယ်တွင် ရစ်ပတ်ချည်နှောင်ထားသော
ကြိုးတွင် ပူးချည်လိုက်သည်။





"ဘယ်လိုလဲဟေ့.. ကြိုးတွေခိုင်ရဲ့လား"

"ခိုင်ပါတယ်ဆရာ"

"ကဲ... ဒါဆိုရင် တဲကိုဖျက်ကြ၊ မြန်မြန်လုပ် ခြောက်နာရီခွဲနေ
ပြီ"

အောင်ဇော်မင်း နာရီကိုကြည့်လိုက်ရာ အမှန်ပင် ခြောက်
နာရီခွဲနေပြီ။

"မို့မို့... မင်းကိုငါ နှုတ်ဆက်ခဲ့ပါတယ်။ အခုလို ထားခဲ့ရတာ
...တ်မကောင်းပါဘူး၊ သြော်... ပြောရဦးမယ်၊ ဒီကြိုးက သင်္ဘောနဲ့ ဆက်
...ားတဲ့ကြိုး၊ သင်္ဘောထွက်သွားပြီးမှ ခင်ဗျားတို့ကို ကြိုးက ရေထဲဆွဲ
...လိမ့်မယ်.... သင်္ဘောနောက်ကနေ ရေကူးပြီး လိုက်ခဲ့ကြပေါ့ ဟုတ်ပြီ
...ား"

ရဲမြင့်က ခပ်ပြုံးပြုံးပြောပြီး သူတို့ရှေ့မှ ထွက်သွားသည်။
...သင်္ဘောပေါ်မှ ဝီစီမှုတ်သံ စူးစူးရှရှပေါ်လာသည်နှင့် ရဲမြင့်ရော ကျွန်း
...ရှိနေသည့် အလုပ်သမားများပါ သင်္ဘောပေါ်သို့ အပြေးအလွှား
...က်ခွာသွားသည်။ သင်္ဘောကမ်းမှခွာနေချိန်တွင် အောင်ဇော်မင်း
... တောင့်တင်းနေသော အကြောအခြင်များကို လျှော့ချလိုက်သည်။

"ကိုဇော်..."



www.burmeseclassic.com

www.burmeseclassic.com



"နေဦးမိုမို၊ ကိုယ်အရေးတကြီးလုပ်စရာရှိလို့"

အောင်ဇော်မင်းက လှုပ်ရှား၍ရသော လက်ဖြင့် ရေကူး

ဘောင်းဘီတွင် ပတ်ထားသော ခါးပတ်ကို ချွတ်လိုက်သည်။ ခါးပတ်

သားရေအိတ်အတွင်းမှ တစ်စုံတစ်ခုကိုဆွဲထုတ်လိုက်သည်။ ထိုအခါ

စတီး ဓားလေး တစ်ချောင်းထွက်လာသည်။

သဘော်ထွက်သွားသည်နှင့် သူတို့အနီးရှိ မနီလာကြိုးများ

တစ်ပတ်ပြီးတစ်ပတ် ပါသွားသည်ကို လှမ်းကြည့်ပြီး ဓားဖြင့်

ချည်နှောင် ထားသော ကြိုးများကိုဖြတ်လိုက်သည်။ ကြိုးခွေ တစ်ရစ်

အလိုတွင် ကြိုးပြတ်သွားသည်။

ကြိုးပြတ်သွားသည်နှင့် အောင်ဇော်မင်း နာရီကိုကြည့်လိုက်

သည်။ ခုနစ်နာရီတိတိ....

"ဝပ်ချလိုက် မိုမို"

အောင်ဇော်မင်းသည် မိုမိုစံကို ကျောက်ဆောင်အကွယ်သို့

တွန်းပို့ပြီး သူကိုယ်တိုင်လည်း ခုနစ်ဝင်လိုက်သည်။ ထိုစဉ်မှာပင်

ထန်သော ပေါက်ကွဲသံကြီး ပေါ်လာသည်။

"ဘာလဲဟင်... ဘာဖြစ်တာလဲ ကိုဇော်"

ပေါက်ကွဲသံနှင့်အတူ သဘော်တစ်စီးလုံး တိမ်းမှောက်သွား





ပြီး အော်ဟစ်သံများကိုကြားလိုက်ရသည်။

"ဟင်း.....သူတို့မွေးထားတဲ့ ငါးမန်းတွေနဲ့ သူတို့တွေ့သွားပြီ

လေ"

မိုမိုစံက ထိတ်လန့်ပြီး အောင်ဇော်မင်းကို လှမ်းဖက်လိုက်

သည်။ အောင်ဇော်မင်းက မိုမိုစံ၏ ကျောပြင်ကို အသာအယာပုတ်

လိုက်သည်။

"လာမိုမို.....ငါးမွေးကန်ဘက်သွားရအောင်"

"ဘာ ငါးမွေးကန်မှ မရှိဘူး၊ အဲဒါ ဘိန်းဖြူချက်တဲ့နေရာ...

ကိုဇော်၊ မဒေနက သူတို့ဘိန်းချက်တဲ့ကိရိယာတွေကိုဖျက်လိုက်တယ်၊

ဒီတစ်ခေါက်နောက်ဆုံးပဲတဲ့၊ တိုင်ကီတွေ၊ သေတ္တာတွေနဲ့ သယ်နေ

ကြတာ"

အောင်ဇော်မင်း တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွား

သည်၊ တိုင်းပြည်နှင့်လူမျိုးကို ဖျက်ဆီးနိုင်သည့်အင်အားဖြစ်သည်။

"သူတို့စခန်းလည်း ပြုသွားပြီ၊ အခုဆို ဦးဝင်းအောင်လည်း

အဖမ်းခံနေရပြီပေါ့"

"ဦးဝင်းအောင်ဟုတ်လား၊ သူက ဘာဖြစ်လို့လဲ"

"သူက နဂါးနက်ဂိုဏ်းရဲ့ခေါင်းဆောင်ပဲလေ၊ ရဲမြင့်က သူ့



www.burmeseclassic.com

www.burmeseclassic.com



လက်ယောက် တစ်ယောက်ပဲ... ဒီသတင်းကြားရရင် ကျော်ကျော် နေကောင်းလာမှာပါ"

"ကိုကျော်ကျော် ဘာဖြစ်လို့လဲ"

"ဒဏ်ရာရလို့ ဆေးရုံတက်နေရတယ်၊ မနေ့ညက သူ့ကို ရန်ကုန်ပို့လိုက်တယ်"

"ဖြစ်ရလေရှင်... ဒါနဲ့ စိုးရိမ်ရသလား"

"အခုတော့ မစိုးရိမ်ရတော့ပါဘူး၊ တော်တော်ကြာတဲ့အထိ အနားယူရမယ်"

အောင်ဇော်မင်းနှင့် မို့မို့စံ စကားပြောရင်း လမ်းလျှောက်လာရာ ဘိန်းဖြူချက်သည့် ဂူအနီးသို့ရောက်ခဲ့သည်။

"အဲဒီဂူပေါ့"

"ကိုယ်တို့အောက်ဆင်းကြည့်မလား"

"ဘာမှ မရှိတော့ဘူး၊ အားလုံးဖျက်ဆီးပြီး ရေထဲပစ်ချလိုက်ပြီ"

"အဲဒါလည်း ကောင်းတာပဲလေ၊ ရှင်းလင်းရ သက်သာသွားတာပေါ့၊ ဟော နားထောင်စမ်း မို့မို့၊ မော်တော်ဘုတ်သံထင်တယ်"

"ဟုတ်တယ်ကိုဇော်..."





"လာပို့မို့... ဒါ ကိုယ်တို့ကို လာကြိုတဲ့ ရဲတပ်ဖွဲ့က မော်တော်ဘုတ်ပဲ"

အောင်ဇော်မင်းနှင့် မို့မို့စံတို့ လက်ချင်းတွဲ၍ သင်္ဘောဆိုက်ကပ်ရာ ဆိပ်ခံသို့ လျှောက်ခဲ့သည်။ ထိုစဉ် ကျွန်းကို ရဲမော်တော်က လာဆိုက်သည်။

အောင်ဇော်မင်း၏ မျက်လုံးအစုံက သင်္ဘောပျက်ရှိရာသို့ ရောက်သွားသည်။ သင်္ဘောတစ်စီးလုံး ပင်လယ်ရေအောက်သို့ နစ်မြုပ်သွားပြီဖြစ်သည်။

"ကိုဇော်... အမျိုးသမီးတစ်ယောက် လက်ပြနေတယ်"

မို့မို့၏စကားကြောင့် အောင်ဇော်မင်း ကပ်လာသော မော်တော်ကိုလှမ်းကြည့်လိုက်သည်။

မော်တော်ပေါ်မှ မိန်းကလေးမှာ ဆွေဆွေသက်ဖြစ်သည်။

ဆွေဆွေသက်က မော်တော်ဆိုက်သည်နှင့် ကမ်းပေါ်သို့ပြေးဆင်းလာသည်။ ဆွေဆွေသက်၏ လက်ထဲတွင် ဘူးရှည်ရှည်လေး ကိုင်လာသည်။

"ကွန်ဂရက်ကျူလေးရှင်း ကိုဇော်၊ ဗိုလ်မှူးပါလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အကျီချွတ်ကြီးနဲ့ နေရတာ အေးရောပေါ့၊ ရော့... လက်ဖက်ရည် ပူပူလေးသောက်လိုက်"

ဆွေဆွေသက်က အောင်ဇော်မင်းကို ရင်းရင်းနှီးနှီးနှုတ်ဆက်လိုက်ပြီး ကိုင်လာသော စတီးခွက်ဘူးထဲက လက်ဖက်ရည်ကို ငှဲ့ပေးလိုက်သည်။

"မိုမို... သူက ဆွေဆွေသက်တဲ့၊ ကိုယ်တို့ဌာနက၊ သက်... သူက ကိုယ့်ဇနီးလောင်း...မိုမိုစံ"

"သွား... ဘယ်က ဇနီးလောင်းလဲ"

မိုမိုစံက ရှက်စနိုးမျက်စောင်းလေးထိုးလိုက်သည်။

♥နှိုင်း♥



# အခန်း (၂၉)

အောင်ဇော်မင်းတစ်ယောက်တည်းငွေလယ်ပင် လေဆိပ်အဆောက်အဦထဲသို့ ဝင်လာသည်။ လေဆိပ်အဆောက်အဦတွင်အစစ်ဆေးခံပြီး ကွင်းလယ်တွင်ရပ်ထားသော လေယာဉ်ရှိရာသို့ ခေါင်းငိုက်စိုက်ချ၍လျှောက်လာသည်။

မနေ့ကအထိ အတူတူရှိနေသော မိုမိုစံကို ငွေပင်လယ်တွင်ထားခဲ့ရသည်။ အောင်ဇော်မင်း သက်ပြင်းချ၍လေယာဉ်ပေါ်သို့တက်လိုက်သည်။ လေယာဉ်ပြတင်းများဘက်သို့ တိုး၍ထိုင်လိုက်သည်။

လေယာဉ်စ၍ပျံတက်လေပြီ။ လှိုင်းတလိပ်လိပ်ထနေသော ငွေပင်လယ်ရေချိုးဆိပ်ကိုကြည့်၍ရင်ထဲတွင် ဟာခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ပြီးဆုံးလျှင် ငွေပင်လယ်မှာ အနားယူလိုက်မည်ဟု ကြံရွယ်ထားသည်။

သို့သော် သူ့တာဝန်က မကုန်ဆုံးသေး။ ကျန်ရစ်နေသေးသော တာဝန်ကိုထမ်းဆောင်ရန် မြို့သာသို့အလျှင်အမြန်ပြန်ရမည်။ သူတို့ကမူ ငွေပင်လယ်တွင် ကျန်ရစ်နေသော ကိစ္စများကိုဆောင်ရွက်ရန် ချန်နေရစ်ပြီ။ မို့မို့စံကိုပါ ခေါ်ထားလိုက်သည်။

အောင်ဇော်မင်း တစ်ခဏမျှ တွေးတောနေစဉ် မြို့သာလေဆိပ် သို့လေယာဉ်က ဆိုက်ရောက်ခဲ့ပြီဖြစ်သည်။

လေယာဉ်ပေါ်မှဆင်းကာ လေဆိပ်အဆောက်အဦထဲသို့ ဝင်လိုက်စဉ် တစ်စုံတစ်ယောက်က သူ့ပုခုံးကို လာရောက်ဆုပ်ကိုင်လိုက်သည်။

"ကွန်ဂရက်ကျူလေးရှင်း ကိုဇော်၊ မင်းရဲ့အောင်မြင်မှုကို ဝမ်းသာပါတယ်"

"ဒါနဲ့ ကိုခင်မောင်၊ ဦးလေးနေကောင်းရဲ့လား"

"နေကောင်းပါတယ်၊ မင်းဘာဖြစ်လို့လဲ၊ မျက်နှာ မကောင်းပါလား"

"ဘာမှမဖြစ်ပါဘူး၊ နည်းနည်း နေမကောင်းလို့ပါ





ကိုခင်မောင်ကျွန်တော့်ကို လာကြိုတာလား"

"အင်းပေါ့.. မင်းဒီနေ့ပြန်ရောက်မယ်ဆိုလို့ လာကြိုတာကွ"

ခင်မောင်က အောင်ဇော်မင်း ပခုံးကို ကိုင်ပြီး စစ်ဆေးရေးဌာနသို့ ခေါ်သွားသည်။ စစ်ဆေးရေးဌာနမှ စစ်ဆေးပြီး သွားခွင့်ပြုလိုက်သည်။ လေဆိပ်အပြင်သို့ထွက်လာရာ သူ့ကားအနီရောင်လေး ရပ်ထားသည်ကို အောင်ဇော်မင်း လှမ်းမြင်ရသည်။

"မင်း.ရန်ကုန်ကိုဘယ်တော့ပြန်မလဲ"

"မသိဘူးကိုခင်မောင်၊ ဌာနကြီးမှူးတို့ဒီကိုလာကြဦးမှာ၊ ဒါနဲ့ ဒီကလူတွေအားလုံး ဖမ်းမိရဲ့လား"

ခင်မောင်က ကားသော့ကို အောင်ဇော်မင်းလက်ထဲ လှမ်းပေးရင်း ခေါင်းညိတ်သည်။

"အားလုံးဖမ်းမိတယ်၊ မနေ့ကပဲ အုပ်ချုပ်ရေးမှူးရောက်လာပြီး မင်း ပေးထားတဲ့စာရင်းအတိုင်း အားလုံးကို ဖမ်းထားလိုက်တယ်၊ မေမေစိမ်းတောင် အဆစ်ပါသွားတယ်"

"မေမေစိမ်းကို ကျွန်တော် သံသယဇဉ်ရှိပါတယ်၊ ဒါပေမယ့် တာဝန်ထမ်းဆောင်တဲ့အခါမှာ အစိမ်းအကျက် မရွေးနိုင်ဘူးပေါ့ ကိုခင်မောင်၊ မေမေစိမ်းက နဂါးနက်ကို ကျွန်တော်တို့ရဲ့သတင်း

www.burmeseclassic.com



တွေကိုပေးနေတာပဲ"

"အေးလေ…ဒီလိုဆိုတော့ဘယ်တတ်နိုင်ပါ့မလဲ၊ ကဲ…သွားကြရအောင်"

ခင်မောင်က ပြောလိုက်သည်နှင့် အောင်ဇော်မင်းက ကားတံခါးကိုဆွဲဖွင့်ပြီး ကားပေါ်သို့လှမ်းတက်လိုက်သည်။ ခင်မောင်ကလည်း တံခါးကိုဆွဲဖွင့်ပြီး ကားပေါ်သို့ လှမ်းတက်လိုက်သည်။

"ဦးဝင်းအောင်ကိုစစ်ဆေးကြည့်တော့ ဘာတွေ သိရသလဲ ကိုဇော်…"

ကားလေးကို ညင်သာစွာမောင်းနေရင်းမှ အောင်ဇော်မင်းက မေးလိုက်သည်။

"သူက ဝန်ခံသင့်သလောက် ဝန်ခံပါတယ်၊ ဒါပေမယ့် သူက ခေါင်းဆောင်မဟုတ်ဘူးလို့ငြင်းနေတယ်"

"ငြင်းနေတယ်လား၊ သူက ခေါင်းဆောင်မဟုတ်ဘူးလား"

"သူတို့မှာ နံပါတ်တစ်၊ နှစ်၊ သုံးဆိုပြီး ခေါင်းဆောင်သုံးယောက်ရှိတယ်၊ ဦးဝင်းအောင်က နံပါတ်နှစ်၊ ရဲမြင့်က နံပါတ်သုံး"

"ဒါဖြင့် နံပါတ်တစ်က ဘယ်သူလဲ"

"ဟာ…အခုထိတောင် မင်းမသိသေးဘူးလား၊ မင်းကတော့





သေမှပဲ သိမှာ"

အောင်ဇော်မင်းက မျက်မှောင်ကြုတ်ပြီးခင်မောင်ကို လှည့်ကြည့်လိုက်သည်။ ခင်မောင်ကလက်ထဲမှအသံဝီဒီယိုကိရိယာတစ်ထားသော သေနတ်က သူ့နှခေါင်းကိုတည့်တည့်ချိန်ရွယ်ထားလျက်ရှိသည်။

"ဒါ ဘာလုပ်တာလဲ…ကိုခင်မောင်"

"ဪ…မင်းက ဆင်ခြေရာ ရှာနေ ချင်တုန်းပဲလား ကိုဇော်ရဲ့၊ မင်းဟာ ငယ်ငယ်ကတည်းက ငါ့ကို ဒုက္ခပေးတဲ့အကောင်း၊ ငါ့ဘကြီးရဲ့တရားမဝင်တဲ့မယားက မွေးတဲ့သားပေမယ့် မင်း လူတွင်ကျယ်လုပ်ခဲ့တယ်၊ မြို့ဝင်သာကိုရောက်ခဲ့တဲ့နေ့ကလည်း ငါ့ကိုမင်းထိုးခဲ့တယ်လေ၊ မင်းကတော့ မင်းကိုယ်မင်း ဟုတ်လှပြီ ထင်နေတာပေါ့ဟုတ်လား"

"ကိုခင်မောင်ရာ၊ ဘာဖြစ်လို့ ကျွန်တော့်အပေါ် ဒီလောက်အငြိုးကြီးနေရတာလဲ၊ ကျွန်တော်တော့ စဉ်းစားလို့မရဘူး၊ ခင်ဗျားနဲ့ကျွန်တော် ဟာ ညီအစ်ကိုတင်မကဘူး သေဖော်သေဖက် ရှင်ဖော်ရှင်ဖက်တွေပါ"

"ရဲဘော်ဟုတ်လား… မင်းနဲ့ငါက ရန်သူကွ၊ မင်းကြောင့် ငါ့အနှစ်နှစ်အလလက ကြိုးစားခဲ့တာတွေ ပျက်စီးသွားပြီ၊ ငါက ကျေနပ်မယ်လို့ ထင်နေသလား၊ ကဲဟော့… ကား ကို မြို့ထဲ ပတ်မမောင်းနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ရေပူစမ်းအထွက် လမ်းဘက်ကိုကွေ့လိုက်"

ခင်မောင့်လက်ထဲမှ သေနတ်ကြောင့် အောင်ဇော်မင်းသည် ကားကို မြို့ပြင်အထွက်လမ်းသို့ ချိုးကွေ့မောင်းနှင်လိုက်သည်။ သူ့မျက်နှာသွင်ပြင်က အံ့ဩဟန်ရှိနေသော်လည်း သူ့စိတ်ကမူ အကျဉ်းအကျပ်ထဲကျသည့်အခါတိုင်းမှာကဲ့သို့ပင် အထူးတည်ငြိမ်နေ၏။

"မင်းကိုငါ ဘာလုပ်ရမယ်ဆိုတာ ငါ့ဘာသာငါသိတယ်၊ မင်းအတွက် ဘဝကူးကောင်းအောင် ဘုရားအာရုံပြုနေပေတော့"

အောင်ဇော်မင်းက ကားကို ခပ်မှန်မှန်မောင်းနေရာမှ လီဗာကိုဖိနင်းလိုက်သည်။ ကားမှာ လေးညှို့မှ ပစ်လွှတ်သလို တစ်ရှိန်ထိုး မြို့ပြင်လမ်းကိုပြေးထွက်ခဲ့သည်။

"ကားအရှိန်ကိုလျှော့လိုက် ကိုဇော်.."

"ကြောက်သလားဗျ၊ ခင်ဗျားလက်ထဲမှာ သေနတ်ရှိတာပဲ၊ ပစ်လိုက်ပေါ့၊ ဒါမှ နှစ်လောင်းပြိုင် သေကြရအောင်"

"ငါပြောတာ နားထောင်စမ်း ကိုဇော်.."

အောင်ဇော်မင်းက ကားအရှိန်ကို ထပ်မံတိုးမြှင့်လိုက်ပြီး ခင်မောင်ဘက်ကိုလှည့်၍ မထီတရီပြုံးပြလိုက်သည်။

"ကျွန်တော်က မိုက်စရာရှိရင် ခင်ဗျားထက်ပိုမိုက်တယ်ဆို





တာ ခင်ဗျားသိသားပဲ၊ ငယ်ငယ်ကတည်းက ခင်ဗျားကျွန်တော့်အပေါ် စိတ်ယုတ်မာမွေးခဲ့တယ်၊ ကျွန်တော့်မှာ အဖေအမေ မရှိတဲ့နောက်၊ ခင်ဗျားတို့အရိပ်မှာ ခိုခဲ့ရတဲ့အချိန်ဟာ ကျွန်တော့်အတွက် ငရဲကျနေသလိုပဲ၊ ဒါပေမယ့်ရဲဘော်ရဲဘက် အဖြစ်ပြန်တွေ့တော့ ကျွန်တော် ခွင့်လွှတ်ခဲ့တယ်၊ ဒါပေမယ့် ခင်ဗျားက ခွင့်လွှတ်ခြင်းနဲ့မတန်ဘူး"

"ဟေ့ကောင်... မင်းရူးနေသလား ကိုဇော်... ကားအရှိန်ကို လျှော့စမ်း"

အောင်ဇော်မင်း ကားအရှိန်ကိုပို၍မြှင့်လိုက်သည်။ ခင်မောင်က သေနတ်ကိုကိုင်ထားရင်း ထိတ်လန့်နေသည်။

"မင်းအရှိန်မလျှော့ရင် ငါပစ်လိုက်မယ်"

"ပစ်လေဗျာ...ဒါမှ ကျွန်တော့်လက်မထိန်းနိုင်ဘဲ ခင်ဗျားကို ပါ သေမင်းနိုင်ငံ အလည်ခေါ်နိုင်မှာပေါ့"

"ကိုဇော်...မင်း"

အောင်ဇော်မင်း.. ခင်မောင့်ကိုကြည့်လိုက်ပြီး ရုတ်တရက် ကားအရှိန်ကိုလျှော့၍ ဘရိတ်ကိုဖိနင်းလိုက်သည်။ ကားလေးတုံ့ခနဲဖြစ်သွားစဉ် အောင်ဇော်မင်း လက်တစ်ဖက်က သေနတ်ကိုင်ထားသော ခင်မောင့်လက်ကိုအုပ်ကိုင်လိုက်သည်။ သေနတ်မောင်းရိုက်တံ



www.burmeseclassic.com

www.burmeseclassic.com



ကိုလက်မဖြင့်တွန်းထားပြီး အားပါသောလက်သီးဖြင့် မေးရိုးကိုထိုးချလိုက်သည်။ ခင်မောင် နောက်သို့ လန့်သွားစဉ် လက်ဝါးစောင်းနှင့် ဇက်ပိုးကို တစ်ချက်အုပ်ချလိုက်သည်။

ပြင်းထန်သော ထိုးချက်ကြောင့် ခင်မောင် ခေါင်းငိုက်စိုက်ကျသွားသည်။ အောင်ဇော်မင်းက ခင်မောင် လက်ထဲမှ သေနတ်ကို ဆွဲယူလိုက်သည်။ သတိမေ့နေသော ခင်မောင်ကို ကားဝဲခါးဘက်သို့ ခပ်မှီမှီရွှေ့ထားပြီး ကား ကိုဂယ်ကွေ့ပြန်ကွေ့၍ မြိုင်သာမြို့ဘက်သို့ မောင်းခဲ့လေသည်။

အောင်ဇော်မင်းက ခင်မောင့်သေနတ်ကို အသင့်ကိုင်ထားရင်းကားကို ညင်သာစွာမောင်းခဲ့သည်။ ကားမောင်းနေရင်း နှုတ်ခမ်းထောင့်စွန်းတွင် သွေးစများ ပေကျံလျက် သတိမေ့နေသော ခင်မောင်ကို လှမ်းကြည့်လိုက်သည်။

ယခုအခါ အောင်ဇော်မင်း မှာ ဒေါသစိတ်တို့ ရှိမနေတော့၊ လမ်းမှားလိုက်မိသော ခင်မောင်ကိုပင် သနားမိတော့သည်။

သို့သော် တာဝန်ယူသော အသိစိတ်က သူ့ကို စိုးမိုးနေ သည်

❤ ❤ ❤



"မို့မို့…"

"ရှင်…ကိုဇော်…"

"မြိုင်သာကိုနှုတ်ဆက်လိုက်ပါဦး၊ မြိုင်သာဟာ ကိုယ့်ရဲ့ကျေးဇူးရှင်အစစ်ပဲ၊ ကိုယ့်ကို မွေးဖွားပေးခဲ့သလို ကိုယ့်ဘဝအတွက် အဖော်မွန် ကိုလည်း ရှာပေးခဲ့တယ်၊ သူ့ကျေးဇူးကြောင့် ကိုယ့်ဘေးမှာ အလှနတ်သမီးလေး ရောက်နေပြီမဟုတ်လား"

"ကိုဇော်ကတော့ ပိုပြီ"

"မပိုပါဘူး အချစ်ရယ်…"

မြိုင်သာကို ကျောခိုင်း၍ တရိပ်ရိပ်ပြေးနေသော ဖိုဒ့်ကားနီလေးပေါ်မှ လွင်သောသော ရယ်မောသံလေးများ ပျံလွင့်လာသည်။

**စာဖတ်ပရိသတ်များအား အစဉ်လေးစားလျက်**

**နှင်းမဟာ**



www.burmeseclassic.com